www.burmeseclassic.com




# မိုးကျော်ဂ်သူ

## ဂါဂဝင်ရန်ကြွေး

ဝမ်အင်း၏ ရှိမင်းယီ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# ရာဇဝင်ရန်ကြွေး

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## တကိုယ်တော်

သိုင်းလောကၥ် အာမခံဌာနများစွာ ရှိသည့်အနက် တကိုယ်တော်အာမခံဌာနသည် အထူးခြားဆုံးသော အာမခံဌာန ဖြစ်ခဲ့လေသည်။

တကိုယ်တော်အာမခံဌာန အထူးခြားဆုံး ဖြစ်ခဲ့ရသည်မှာ 'ကျူးဖုံး'ကြောင့် ဖြစ်သည်။

ကျူးဖုံးသည် လူထူးဆန်းသိုင်းသမားတစ်ဦး ဖြစ်သည်။

သူ၏သိုင်းပညာသည် သဘာဝတရားကို အခြေခံထားသောပညာဖြစ်၍ သူ၏သိုင်းဟန်နှင့် သိုင်းကွက်များက အခြားသူများနှင့်မတူဘဲ ထူးခြားလေသည်။

သိုင်းပညာသာမက သူ၏ဆောင်ရွက်ချက်များက ထူးခြားနေပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူက အခြားသော အာမခံဌာနများကဲ့သို့ စနစ်တကျ စီမံဖွဲ့စည်းထားခြင်း မဟုတ်ဘဲ တကိုယ်တော် ဆောင်ရွက်သူ ဖြစ်လေသည်။

အာမခံပစ္စည်းများကို ကိုယ့်တိုင်လက်ခံကာ လိုရာခရီးရောက်အောင် ကိုယ်တိုင်ကိုယ်ကျ လိုက်လံပို့ဆောင်ပေးသူ ဖြစ်သည်။

တပည့်တပန်းမထား၊ အပေါင်းအဖော်မရှိ၊ တကိုယ်တော်လှုပ်ရှားဆောင်ရွက်သူ ဖြစ်သည်။

သူ၏ဆောင်ရွက်ချက်မှာ ထူးခြားသော်လည်း အောင်မြင်မှုရရှိခဲ့လေသည်။

ကျူးဖုံးက လျှို့ဝှက်စွာ ပစ္စည်းပို့ဆောင်လိုသူများ၊ အမြန်လိုသူများအတွက် အလွန်သင့်လျော်သူလည်း ဖြစ်ခဲ့လေသည်။

နောက်ပိုင်းတွင် သူဌေးသူကြွယ် ကုန်သည်ပွဲစားကြီးများကပင်လျှင် သူတို့၏အဖိုးတန်ပစ္စည်းများကို ကျူးဖုံးထံ အပ်နှံကာပို့ဆောင်ခိုင်းသည်အထိ အောင်မြင်လာခဲ့လေသည်။

အာမခံအဖွဲ့တစ်ခုက ပစ္စည်းပို့ဆောင်ရာတွင် မည်သို့ပင်လျှို့ဝှက်ထားစေကာမူ အနည်းနှင့်အများ လူသိသွားတတ်သည်။

လူဆိုးဓားပြများ၏ အန္တရာယ်နှင့် ရင်ဆိုင်ရတတ်သည်။

ကျူးဖုံး၏ တကိုယ်တော်အာမခံဌာနကား တစ်ကြိမ်တစ်ခါမျှ လုယက်တိုက်ခိုက်ခံရခြင်း မရှိခဲ့ပေ။

ကြာသော်...



အခြားသော အာမခံဌာနများသည် ကျူးဖုံးအား လုပ်ငန်းပြိုင်ဘက်အဖြစ် သဘောထားကာ မကျေမနပ် ဖြစ်လာခဲ့ကြလေတော့သည်။

* * *

တစ်နေ့...

တကိုယ်တော်အာမခံလုပ်ငန်း လုပ်ကိုင်နေသော ကျူးဖုံးထံသို့ စာတစ်စောင် ရောက်ရှိလာလေသည်။

စာထဲ၌...

"မိတ်ဆွေကျူးဖုံး

အာမခံပစ္စည်းတစ်ခု ပို့ဆောင်ပေးနိုင်ရန် စန်းယန်ဘုံကျောင်းသို့ သုံးလပိုင်း ငါးရက်နေ့ နေမွန်းတည့်အချိန် အရောက်လာခဲ့ဖို့ မေတ္တာရပ်ခံပါတယ်

စိန်ရှမ်း"

ဟု ရေးထားလေသည်။

စိန်ရှမ်းမှာ လူရည်လည်သော ပွဲစားတစ်ဦး ဖြစ်သည်။

ဘယ်အချိန်၊ ဘယ်နေရာမှ ငွေရမည်ကို အမြဲတမ်း တွေးတောစဉ်းစားနေတတ်သူ ဖြစ်သည်။

ငွေနောက်လိုက်လွန်းသူ ဖြစ်၍ ဒုစရိုက်မှုများနှင့် မကင်းသူဟု ပြောဆိုခံရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖုံးက စိန်ရှမ်းနှင့် မဆက်ဆံလိုသော်လည်း အလုပ်ကိစ္စကို သိလို၍ စန်းယန်ဘုံကျောင်းသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

* * *

သုံးလပိုင်း ငါးရက်နေ့...။

နေမွန်းတည့်ချိန်...။

ကျူးဖုံးက စန်းယန်ဘုံကျောင်းသို့ ရောက်ရှိလာသောအခါ ဘုံကျောင်း၌ လူသူကင်းရှင်းပြီး တိတ်ဆိတ်ခြောက်သွေ့နေလေသည်။

ကျူးဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ထို့နောက် သတိထားပြီး ဘုံကျောင်းထဲ လှမ်းဝင်လိုက်လေသည်။

တိတ်ဆိတ်ငြိမ်သက်နေခြင်းက အန္တရာယ်ရှိတတ်သည်ဟု ကျူးဖုံး နားလည်ထားသည် မဟုတ်ပါလား။

ဘုံကျောင်းထဲသို့ ရောက်လျှင် အခန်းထောင့်တစ်နေရာ၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ စိန်ရှမ်း ဖြစ်သည်။

စိန်ရှမ်းက...

"ခင်ဗျားရောက်လာပြီကိုး"



ကျူးဖုံးက...

"ခင်ဗျားချိန်းလိုက်တဲ့အတိုင်း ကျုပ်လာခဲ့တာပဲဗျာ"

စိန်ရှမ်းက...

"ခင်ဗျား စိတ်ဝင်စားတယ်ဆိုပါတော့"

ကျူးဖုံး ခေါင်းခါယမ်းလိုက်သည်။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျုပ်လုံးဝစိတ်မဝင်စားဘူး"

"ဪ"

"ဒါပေမယ့် ချန်အန်းဒေသတဝိုက်က ဓားပြမှုတွေမှာ လက်သည်တရားခံကို ဖော်ထုတ်လို့ မရဘူး၊ အဖိုးတန်ပစ္စည်း အတော်များများ ဓားပြတိုက်ခံရပြီး ပျောက်ဆုံးနေတယ်ဆိုတဲ့ သတင်းက ကျုပ်ကို စိတ်ဝင်စားစေခဲ့တာပေါ့ဗျာ"

စိန်ရှမ်းလည်း ခေါင်းခါယမ်းလိုက်လေသည်။

"သည်ကိစ္စနဲ့ မဆိုင်ဘူးဗျ"

"ခင်ဗျား တကယ် ပြောတာလား"

"ဟုတ်တယ်"

"ဒါဆို ကျုပ် မှားသွားပြီပေါ့၊ ကဲ ခင်ဗျားက ဘယ်လိုအလုပ်ကိစ္စများ ပြောချင်လို့လဲဆိုပါဦး"

စိန်ရှမ်းက...

"ခင်ဗျားပစ္စည်းတစ်ခု ပို့ပေးရမယ်၊ အလုပ်ကိစ္စ ပြီးတာနဲ့ ငွေငါးသိန်းရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ"

ကျူးဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ငွေငါးသိန်းဆိုသည့် လုပ်အားခမှာ စိတ်ဝင်စားစရာ ကောင်းလှသည် မဟုတ်ပါလား။

ကျူးဖုံးက...

"ကျုပ်က ဘယ်လိုပစ္စည်းမျိုး ပို့ဆောင်ပေးရမှာလဲ"

စိန်ရှမ်းက...

"လူတစ်ယောက်"

"ဘာဗျ"

"လူတစ်ယောက်ကို ပို့ပေးရမှာ"

ကျူးဖုံး မကျေမနပ် ဖြစ်သွား၏။

"ခင်ဗျားစကားကောင်းကောင်းပြောရင် ကောင်းလိမ့်မယ်ဗျ"

"ကျုပ်အကောင်းပြောနေတာပါ"

"ဒါဆို လူတစ်ယောက်ကို ပို့ပေးရမယ်ဆိုတာ တကယ်ပဲပေါ့"

"ဟုတ်တယ်"

ကျူးဖုံး အံ့ဩနေသည်။

"ကျုပ်က သည်လို အလုပ်မျိုး တစ်ခါမှ မကြုံဖူးသေးဘူး"

"အခု ကြုံရပြီပေါ့ဗျာ"

စိန်ရှမ်းက ပြောပြီး ရယ်မောလိုက်သည်။



ကျူးဖုံးက...

"နေပါဦး၊ ကျုပ်က ဘယ်သူ့ကို ဘယ်အရပ်ဒေသ ရောက်အောင် လိုက်ပို့ပေးရမှာလဲ ပြောပါဦး"

စိန်ရှမ်းက...

"အာမခံပစ္စည်းနဲ့ ပတ်သက်ပြီး လျှို့ဝှက်ထားရတဲ့ နည်းလမ်း ရှိတယ်ဆိုတာ မမေ့နဲ့ဦးလေဗျာ"

ကျူးဖုံး သက်ပြင်းချလိုက်သည်။

စိန်ရှမ်းက...

"ကဲ ခင်ဗျားလက်ခံမလား"

ကျူးဖုံး ပြုံးလိုက်သည်။

"အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်နေတာကြောင့် ကျုပ်လက်ခံပါတယ်ဗျာ"

ဟု ပြောလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ပြဿနာရှိတဲ့လူ

နောက်ဆယ်ရက်ခန့် အကြာတွင် ကျူးဖုံးက ဗျိုင်းဝါရေကန်ဘက်သို့ ထွက်လာခဲ့လေသည်။

သူက စိန်ရှမ်း ဆက်သွယ်လာသည့် အလုပ်ကိစ္စကို လက်ခံလိုက်ပြီ မဟုတ်ပါလား။

စိန်ရှမ်းက စရံငွေတစ်ဝက် ပေးသည်ကိုလည်း လက်ခံလိုက်ပြီ ဖြစ်လေသည်။

နေစောင်းကာ မှောင်ရီပျိုး အချိန်တွင် ကျူးဖုံးက ဗျိုင်းဝါရေကန်သို့ ရောက်ရှိသွားလေသည်။

ဗျိုင်းဝါရေကန် ပတ်ဝန်းကျင်၌ စိမ်းလန်းသော သစ်ပင်ပန်းပင်များဖြင့် သာယာလှပနေပါသည်။



ကျူးဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး လူသူကင်းရှင်းနေပါ၏။

ကျူးဖုံး မျက်မှောင်ကုပ်သွား၏။

"ဘယ်သူမှလဲ ရောက်မလာသေးပါလား"

ထိုစဉ်...

"ကျုပ်ရောက်နေပါပြီဗျာ"

နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးဖုံး လှည့်ကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့ရလေသည်။ ထိုလူမှာ စိန်ရှမ်းပင် ဖြစ်သည်။

ကျူးဖုံး အံ့သြသွား၏။

"ခင်ဗျားက.."

စိန်ရှမ်းက...

"ခင်ဗျားပို့ပေးရမယ့် ပစ္စည်းက ကျုပ်ပဲဗျ"

"ဟင်"

"ကျုပ်က ခင်ဗျားပို့ဆောင်ပေးရမယ့် အာမခံပစ္စည်းလေ"

"ဒါ..ဒါ"

ကျူးဖုံး မည်သို့ ပြောရမှန်းမသိအောင် ဖြစ်သွား၏။

စိန်ရှမ်းက တဟားဟား ရယ်မောနေ၏။

အတော်ကလေးကြာတော့မှ ကျူးဖုံးက...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တကယ် ပြောနေတာလား"

ဟု မေးလိုက်သည်။

စိန်ရှမ်းက...

"ဒါ နောက်ပြောင်ကျီစယ်ရမယ့် ကိစ္စမှ မဟုတ်တာပဲဗျာ"

"နေပါဦး၊ ခင်ဗျားက ဘယ်ကို သွားချင်လို့လဲ"

"မြောက်ပိုင်းကို"

"ဘာသွားလုပ်မှာလဲ"

စိန်ရှမ်း လက်ကာပြလိုက်သည်။

"အလုပ်ကိစ္စဆိုတာ လျှို့ဝှက်ထားရတယ်လေ"

"သြော်"

"အလုပ်လက်ခံပြီးပြီဆိုတာလဲ ခင်ဗျား မမေ့ပါနဲ့ဦးဗျာ"

ကျူးဖုံး ဘာမှ မတတ်နိုင်သကဲ့သို့ ဖြစ်သွားလေသည်။

သူက အာမခံလုပ်ငန်း လုပ်ကိုင်နေသူ ဖြစ်သည်။

ထို့ကြောင့် သူ၏အလုပ်ကို သူလုပ်ရမည် ဖြစ်သည်။

သို့မဟုတ်လျှင် သူ၏အာမခံလုပ်ငန်း နာမည်ပျက်သွားလိမ့်မည် မဟုတ်ပါလား။

စိန်ရှမ်းက...

"ကျုပ်တို့သွားကြတာပေါ့"

ဟု ပြောလျှင် ကျူးဖုံးလည်း သဘောတူလိုက်လေတော့သည်။

* * *



ငါးရက်...။

ကျူးဖုံးနှင့် စိန်ရှမ်းတို့က မြင်းကိုယ်စီဖြင့် မြောက်ပိုင်းသို့ ဦးတည်ခရီးထွက်လာခဲ့သည်မှာ ငါးရက် ရှိသွားပြီ ဖြစ်လေသည်။

ငါးရက်အတွင်း ဘေးမသီရန်မခဘဲ ခရီးနှင်လာနိုင်ခဲ့ကြပြီး စည်ကားနေသော မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

ခရီးပမ်းနေကြပြီ ဖြစ်ရာ စားသောက်ဆိုင်လေးတစ်ဆိုင်၌ ဝင်ရောက်အနားယူ စားသောက်လိုက်ကြ၏။

ကျူးဖုံးသည် စိန်ရှမ်းအား လိုက်ပို့ပေးရသည့် ထူးခြားသော အာမခံပစ္စည်း ပို့ဆောင်ပေးရခြင်းကို စိတ်ဝင်စားနေမိလေသည်။

ထို့ကြောင့် စားသောက်ရင်း မေးလိုက်သည်။

"ခင်ဗျားကိုယ်ခင်ဗျား အာမခံပစ္စည်းအဖြစ် ဖန်တီးလိုက်ဖို့ ဘယ်လိုစိတ်ကူးရခဲ့တာလဲကွ"

စိန်ရှမ်း ရယ်မောလိုက်သည်။

"အာမခံပစ္စည်းကို အာမခံဌာနတွေက လက်ခံပြီး လိုရာခရီးရောက်အောင် ဘာဝန်ယူပို့ဆောင်ပေးကြရတာကို ကြည့်ပြီး ကျုပ်သာ အာမခံပစ္စည်း ဖြစ်ခဲ့ရင် အာမခံဌာနက လူတွေဟာ ကျုပ်ကို တာဝန်ယူစောင့်ရှောက်ပေးမှာပဲ မဟုတ်လားဗျာ"

ကျူးဖုံးက...

"ခင်ဗျားကို စောင့်ရှောက်ပြီး ပို့ပေးစေချင်တဲ့ သဘောပေါ့"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အာမခံပစ္စည်းဆိုတာ လူတွေ မက်မောတယ်၊ လုယက်ချင်သူတွေ ရှိတယ်၊ ခင်ဗျားကော"

စိန်ရှမ်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ သည်သဘောပါပဲ"

"ခင်ဗျားကို လိုချင်မက်မောသူတွေ၊ လုယက်ချင်သူတွေ ရှိနေတယ်ဆိုပေါ့ ဟုတ်လား"

"ဒါအမှန်ပဲ"

"ဘယ်သူတွေလဲ"

စိန်ရှမ်း ပခုံးတွန့်လိုက်သည်။

"အများကြီးပဲ"

"အများကြီးပဲ ဟုတ်လား၊ ဒါဆို ခင်ဗျား မဟုတ်တာ တစ်ခုခုလုပ်ခဲ့ပြီ ထင်တယ်"

ကျူးဖုံး မကျေမနပ် ပြောလိုက်၏။

စိန်ရှမ်း သက်ပြင်းချလိုက်သည်။

"ကျုပ်က မဟုတ်တာလုပ်တာ မဟုတ်ပါဘူးဗျာ၊ သည်တစ်ခါ ကျုပ်ကိုယ်တိုင်လဲ တစ်ပတ်ရိုက်ခံလိုက်ရတာ"

"ဘယ်လို ဖြစ်တယ်ဆိုတာ ပြောပါဦး"

စိန်ရှမ်းက...

"ကျုပ်က ဘဝတလျှောက် ငွေရမယ်ဆိုရင် ဘာမဆို လုပ်ခဲ့တယ်၊ ဒါကြောင့် ကျုပ်မှာ ငွေအတော်များများ စုဆောင်းမိခဲ့တယ်"

သူသည် ငွေကို တန်ဖိုးထားသူ၊ အသုံးအဖြုန်းမရှိသူ ဖြစ်၍



လည်း စုဆောင်းမိခဲ့ခြင်း ဖြစ်ကြောင်း ကျူးဖုံး နားလည်မိလေသည်။

စိန်ရှမ်းက...

"ကျုပ်လဲ ငွေများများ ရှိလာတာနဲ့ ကျုပ်ရဲ့ ဇာတိရပ်ရွာကို ပြန်ပြီး အေးအေးချမ်းချမ်းနေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်လေ"

"ဒါကောင်းတဲ့အကြံပဲ"

"ကျုပ်ရဲ့ငွေတွေက သိပ်များနေတယ်"

ကျူးဖုံးက အကဲခတ်လိုက်သည်။

စိန်ရှမ်း၌ ကျောပိုးအိတ်ကလေးတစ်လုံးသာ ပါလာခဲ့ခြင်း ဖြစ်လေသည်။

ငွေအများကြီး သယ်ယူလာမည်ဆိုပါက ယခုကဲ့သို့ ရှိနိုင်မည် မဟုတ်ပါ။

စိန်ရှမ်းက...

"ငွေတွေ သယ်သွားဖို့ ခက်တယ်လေ၊ ဒါကြောင့် ဝန်ကျဉ်းသွားအောင် ကျုပ်က အဖိုးထိုက်ရတနာပစ္စည်းတွေ ဝယ်ယူစုဆောင်းလိုက်တာ"

ကျူးဖုံးက...

"ဒါလဲ ကောင်းတာပဲ၊ ခင်ဗျားငွေလိုတဲ့အချိန် ရတနာပစ္စည်းတွေကို ပြန်ထုခွဲရောင်းချလို့ ရတာပဲ"

စိန်ရှမ်း ခေါင်းခါယမ်းလိုက်သည်။

"မကောင်းဘူးဗျ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကျောက်မျက်ရတနာဆိုင်ကြီးတွေက ဝယ်တာ မဟုတ်ဘူး၊ ခိုးရာပါပစ္စည်း လက်ခံရောင်းဝယ်တဲ့ လူတွေဆီက ဝယ်ခဲ့တာ၊ ပိုပြီး ဈေးသက်သာတာယ် မဟုတ်လား"

"အဲသည့်တော့"

"ဘာပြောကောင်းမလဲ ကျုပ်ဝယ်ထားတဲ့ ပစ္စည်းတွေမှာ အာမခံဌာနကြီး ဆယ့်ငါးခုက ဓားပြတိုက်လုယက်ခံခဲ့ရတဲ့ ပစ္စည်းတွေ ပါနေတယ်"

"လက်စသပ်တော့ သည့်လိုကိုး"

ကျူးဖုံး သဘောပေါက်သွားလေသည်။

"ခင်ဗျား နောက်ကို အာမခံဌာနကြီး ဆယ့်ငါးခုက လူတွေ လိုက်နေကြတယ်ဆိုပါတော့"

စိန်ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲ"

"တောက်"

ကျူးဖုံး ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

စိန်ရှမ်းက...

"ဘာပဲဖြစ်ဖြစ် မင်းက အလုပ်လက်ခံပြီးပြီဆိုတော့"

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

ဆိုင်ထဲသို့ လူတစ်စု ဝင်ရောက်လာခြင်း ဖြစ်လေသည်။

* * *



ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်စုက ဆိုင်ထဲ ဝင်ရောက်လာကြလေသည်။

အာမခံဌာန ဆယ့်ငါးခုမှ သိုင်းသမားများ ဖြစ်လေသည်။

သိုင်းသမားများသည် ကျူးဖုံးနှင့် စိန်ရှမ်းတို့ ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြလေသည်။

စိန်ရှမ်း ပြုံးလိုက်သည်။

"ကဲ ခင်ဗျားသယ်ဆောင်လာတဲ့ အာမခံပစ္စည်းကို ခင်ဗျားကာကွယ်စောင့်ရှောက်ပေတော့"

သူ၏စကားအဆုံး၌ ကျူးဖုံးက ထိုင်ရာမှ ထလိုက်လေသည်။ ဝိုင်းရံထားကြသော သိုင်းသမားများကို ကြည့်ကာ...

"ကျုပ်ရဲ့ အာမခံပစ္စည်းကို လုယူချင်တယ်ဆိုရင်တော့ ကျုပ်ကို အနိုင်ယူနိုင်မှ ဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

ဆိုင်ထဲ၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ထို့နောက်...

"ယား"

ညာသံပေးသံများ ထွက်ပေါ်လာကာ ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အလှည့်

နွေ…။

မိုး…။

ဆောင်း…။

ရာသီအလီလီ ပြောင်းလဲသွားခဲ့လေသည်။

သိုင်းလောကကြီးကား ပြောင်းလဲသွားခြင်း မရှိ။

ရှုပ်ထွေးပွေလီနေဆဲ။

ကျူးဖုံးက ပြတင်းပေါက်မှတဆင့် အပြင်ဘက် ငေးမော ကြည့်နေ၏။

သူ၏မျက်လုံးများ ရီဝေနေသည်။

မျက်လုံးများက အားမာန် မရှိတော့သကဲ့သို့ ပါးရည်နား ရည်တွန့်ကာ ဆံပင်များ ဖြူဖွေး၍ ဇရာထောင်း၍ အိုမင်းမစွမ်း ရှိနေပြီ ဖြစ်သည်။



ကျူးဖုံးက တကိုယ်တော်အာမခံဌာန ထူထောင်ကာ ထင်ရှားခဲ့သည်။

သို့သော်…

လူရှုပ်လူပွေစိန်ရှမ်းနှင့် ပတ်သက်မိပြီးနောက် အာမခံဌာနကြီး ဆယ်ငါးခုမှ သိုင်းသမားများနှင့် ရင်ဆိုင်ရပြီး ရှုံးနိမ့်သွားခဲ့သည်။

သိုင်းလောကကို အပြီးတိုင် ကျောခိုင်းစွန့်ခွာခဲ့ရ၏။

မည်သို့ဆိုစေ။

ကျူးဖုံးက သိုင်းလောကကို မေ့မသွားပါ။

သူ၏တကိုယ်တော်အာမခံဌာန အောင်မြင်ခဲ့ပုံကို မေ့မရ ပါ။

ထို့ကြောင့် သူနှင့် ဆွေမျိုးသားချင်းထဲမှ မိဘမဲ့ဖြစ်သူ ကျူးစုရီကို မွေးစားကာ သူ၏ပညာအရပ်ရပ်ကို သင်ကြားပေးခဲ့သည်။

ကျူးစုရီ အရွယ်ရလာလျှင် သိုင်းလောကသို့ လွှတ်ကာ သူ၏မပြီးဆုံးသေးသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရမည် ဖြစ်လေသည်။

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်ကလေး တစ်ရွက်က လေနှင့်အတူ လွင့်မျောကာ ပြတင်းပေါက်မှတဆင့် အခန်းတွင်းသို့ ကျဆင်းလာလေသည်။

ကျူးဖုံးက ရော်ရွက်ကလေးကို ငုံ့ကြည့်လိုက်သည်။

သူ၏ဘဝကလည်း ရော်ရွက်ကလေးနှင့် တူနေပြီ ဖြစ်လေသည်။

ကျူးစုရီက သူ၏မျှော်လင့်ချက်များကို ပြည့်ဝစေလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ယုံကြည်ထားခဲ့သည်။

သို့သော်...

ကျူးစုရီ အရွယ်ရောက်လာသောအခါ အလွန်ခေါင်းမာသူ၊ အကြံအစည်ကြီးမားသူ ဖြစ်လာသည်။

ကျူးဖုံး၏စကားကိုလည်း နားထောင်ချင်မှ နားထောင်သည်။

သူ၏သဘောနှင့် သူလုပ်ချင်ရာ လျှောက်လုပ်နေတတ်သည်။

ကျူးဖုံး မသိအောင် သိုင်းလောကထဲ ထွက်ကာ ကျင်လည်ကျက်စားခဲ့သည်။

သို့ဖြင့်...

ကျူးဖုံး သတိမထားမိခဲ့သည့် အချိန်မှာပင် ကျူးစုရီသည် သိုင်းလောက၌ ပြောစမှတ်ပြုရသည့် သိုင်းသမားတစ်ယောက် ဖြစ်လာသည်။

ကျူးဖုံးကလည်း ငွေကြေးစုဆောင်းခဲ့သူ ဖြစ်ရာ သူ၏ငွေများသည် ကျူးစုရီကို သူဌေးသားသခင်လေးတစ်ဦးကဲ့သို့ အခြေအရံ၊ တပည့်တပန်း ပေါများစေကာ ဘာဆိုဘာမှ လိုလေသေး မရှိစေခဲ့တော့ပေ။

အစစအရာရာ ပြည့်စုံနေသော ကျူးစုရီမှာ ဆရာထက် လက်စောင်းထက်သူ ဖြစ်လာသည်။

အကြံကြီးပြီး ထင်ရာစိုင်းလိုသူ ဖြစ်လာသည်။



ကျူးစုရီအား ထိန်းသိမ်း၍ ရမည်မဟုတ်ဟု ကျူးဖုံး သတိထားမိလိုက်ချိန်မှာ နောက်အကျကြီး နောက်ကျနေခဲ့ပြီ ဖြစ်လေသည်။

"ချွပ်"

ကျူးဖုံးက ကြွေခွက်ကလေးကို ခြေထောက်ဖြင့် နင်းချေလိုက်လေသည်။

ထိုအချိန်မှာပင် ညင်သာပေါ့ပါးသော ခြေသံများနှင့်အတူ ကျူးစုရီက အခန်းတွင်းသို့ ဝင်ရောက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖုံး၏မျက်လုံးများ ပို၍ အရောင်မှေးမှိန်သွား၏။

သူ၏အသက်ရှူသံက ပို၍ နှေးကွေးသွားသည်ဟု ထင်ရ၏။ သူ့ဘဝ၏ နောက်ဆုံးအချိန်မှာ မဝေးတော့ကြောင်း ထင်ရှားပေါ်လွင်နေသည်။ သို့တိုင် သတိရှိနေဆဲ...

"ကျူးစုရီ၊ မင်းရောက်လာပြီလား"

ကျူးစုရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

"မင်းက.."

"ကျွန်တော် သိုင်းလောကထဲ သွားနေတာပါ။ ဘဘ စုံစမ်းခိုင်းတဲ့ အာမခံဌာနတွေအကြောင်း စုံစမ်းနေတာပါ"

ကျူးဖုံးက...

"ပြီးတော့ မင်းလုပ်ချင်တာတွေ လျှောက်လုပ်နေခဲ့တယ် မဟုတ်လား"

ကျူးစုရီ ပြုံးလိုက်သည်။

"ကျွန်တော်ဟာ တိုးတက်ချင်တဲ့ လူငယ်တစ်ဦးဆိုတာ ဘဘသိပါတယ်"

ကျူးဖုံး လက်မခံပါ။

"မင်းက တိုးတက်ချင်တာ မဟုတ်ဘူး"

ကျူးစုရီက...

"ဘဘက ကျွန်တော့်အပေါ် ဘယ်လိုများ သဘောထားလို့လဲဗျာ"



ကျူးဖုံးက...

"မင်းဟာ တကိုယ်ကောင်းဆန် အတ္တကြီးပြီး ကောက်ကျစ်တဲ့ လူတစ်ယောက်ပဲ"

ကျူးစုရီက...

"ဒါဖြင့် ဘဘကကော"

"ဘာကွ"

"ဘဘလဲ တကိုယ်ကောင်းဆန်ပြီး အငြိုးကြီးတဲ့ လူတစ်ယောက် မဟုတ်လားဗျာ၊ ကျွန်တော် ခုလို ဖြစ်လာအောင် ဘဘပဲ ပုံသွင်းပေးခဲ့တာ မဟုတ်လားဗျာ"

"မင်း.."

ကျူးဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကျူးစုရီက...

"ဒါပေမယ့် ဘဘ ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး၊ ဘဘ မကျေမနပ် ဖြစ်နေတဲ့ အာမခံဌာန ဆယ့်ငါးခုကို ကျွန်တော် ဖြိုခွဲဖျက်ဆီးပစ်ပါ့မယ်၊ ဘဘရဲ့ အာမခံဌာနကို ပြန်ပြီး ထူထောင်ပါ့မယ်၊ ဒါပေမယ့် ဘဘလို တကိုယ်တော်အာမခံဌာနတော့ မဟုတ်ဘူးပေါ့လေ"

ကျူးဖုံးက...

"မင်းက အာမခံဌာန ဆယ့်ငါးခုကို ဖျက်ဆီးပစ်မယ် ဟုတ်လား"

ကျူးစုရီက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ စိတ်ချပါ"

"ပြီးတော့"

"ကျွန်တော်ထူထောင်ထားတဲ့ အာမခံဌာနဟာ ပြိုင်ဘက်မရှိ အောင်မြင်ကျော်ကြားတဲ့ အာမခံဌာန ဖြစ်လာဦးမှာပါ"

ကျူးဖုံး ပြုံးလိုက်သည်။

"မင်း မဆိုးဘူး၊ ဒါကြောင့် မင်းတော်တော် အကြံကြီးတယ်လို့ ငါပြောတာပေါ့"

ကျူးစုရီက…

"ဘဘပြောသလို ကျွန်တော်က ကောက်ကျစ်စဉ်းလဲပြီး တကိုယ်ကောင်းဆန်ပါသေးတယ်"

"ဘာကွ"

ကျူးဖုံး၏အသံ အနည်းငယ် ကျယ်လောင်သွားလေသည်။

ကျူးစုရီက…

"ကျွန်တော်က ဘဘခွင့်ပြုတဲ့ အချိန်အထိ မစောင့်နိုင်တာကြောင့် သိုင်းလောကထဲကို တိတ်တိတ်ကလေးသွားပြီး ကျင်လည်ကျက်စားခဲ့သေးတယ်လေ"

ကျူးဖုံးက…

"ခုတော့ ငါရိပ်မိနေပါပြီလေ"

ကျူးစုရီက…

"ဘဘသိနေမှတော့ မထူးတော့ပါဘူး၊ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို ပြောပြပါ့မယ်"



ကျူးဖုံးက…

"ပြောပါဦး"

ကျူးစုရီက…

"သိုင်းလောကထဲမှာ ကျွန်တော် လှုပ်ရှားကျင်လည်ခဲ့ပေမယ့် သည့်နှစ်ပိုင်းမှာ လူတွေက ကျွန်တော့်ကို သတိထားမိသွားကြတယ်၊ သိုင်းလောကသားတွေ သတိမထားမိကြသေးတဲ့ ပညာရှင်နှစ်ယောက် ရှိတယ်လို့ ပြောလာကြတယ်"

ကျူးဖုံး သံယောင်လိုက်ကာ ပြောလိုက်သည်။

"သိုင်းလောကသားတွေ သတိမထားမိကြသေးတဲ့ ပညာရှင်နှစ်ယောက် ဟုတ်လား"

"ဟုတ်တယ် ဘဘ"

"ဘယ်သူတွေလဲ"

ကျူးစုရီက…

"တစ်ယောက်က 'ရှမ်းလုံ'ပါ၊ သူ့ရဲ့ပညာက ကြောက်စရာကောင်းပေမယ့် သူက သိုင်းလောကထဲ မဝင်ဘူး"

ကျူးဖုံးက…

"လူထူးဆန်းလေးတစ်ယောက်ပေါ့"

"ဟုတ်ပါတယ်"

ကျူးဖုံးက…

"ကျန်တဲ့တစ်ယောက်က မင်းပဲ မဟုတ်လား"

ကျူးစုရီ ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘပြောတာ မှန်ပါတယ်"

ကျူးဖုံးက...

"သိုင်းလောကမှာ ထွက်ပေါ်လာတဲ့ လူတွေထဲမှာ မင်းတ
နှစ်ယောက်က အတော်ဆုံးပေါ့"

ကျူးစုရီ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက် မဟုတ်ပါဘူး"

"မင်းပြောချင်တာက.."

"အတော်ဆုံးက တစ်ယောက်ထဲပါ"

"ဘယ်သူလဲ မင်းလား"

ကျူးစုရီက...

"ဟုတ်ပါတယ်၊ ကျွန်တော်ပဲ ဖြစ်ရမှာပေါ့"

ကျူးဖုံးက...

"အင်း မင်းက ရှမ်းလုံဆိုတဲ့လူကို ပြိုင်ဘက်လို သဘေ
ထားပြီး အနိုင်ယူဖို့ ကြိုးစားတော့မယ်ပေါ့လေ"

"ဒါအမှန်ပါပဲ ခင်ဗျာ"

"မင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ရှမ်းလုံကို အနိုင်ယူနိုင်
ပါ့မလား"

"ဒါက.."

ကျူးစုရီ ရုတ်တရက် မပြောနိုင်ဘဲ ဖြစ်သွား၏။

သို့သော် သူက အံကြိတ်ကာ ပြောလိုက်သည်။

"ကျွန်တော် ဘာကြောင့် အနိုင်မရနိုင်ရမှာလဲ"



ကျူးဖုံးက...

"မင်းအနိုင်ရမယ်ဆိုရင်တောင် အကောက်ကြံလို့ပဲ ဖြစ်
မယ်"

ကျူးစုရီက...

"ဘယ်လိုပဲဖြစ်ဖြစ် အနိုင်ရဖို့ အဓိကပဲ မဟုတ်လားဗျာ"

ကျူးဖုံးက...

"မင်းက ရှမ်းလုံကို အာရုံရောက်နေရင် ငါပြောတဲ့ အာမခံ
ဌာန ဆယ့်ငါးခုကို ဆုံးမဖို့ဆိုတာ.."

"စိတ်ချ၊ ကျွန်တော်က ရှမ်းလုံကိုလဲ အနိုင်ယူမယ်၊ အာမခံ
ဌာန ဆယ့်ငါးခုကိုလဲ ဖျက်ဆီးပစ်မယ်၊ သည်ကိစ္စ နှစ်ခုစလုံး ဖြစ်
အောင် လုပ်ပြမယ်"

"မင်း ကတိပေးတာလား"

"ကျွန်တော် ဘာကြောင့် ကတိမပေးနိုင်ရမှာလဲ"

"မင်းပြောတဲ့အတိုင်း တကယ်ပဲ ဆောင်ရွက်နိုင်မယ်ဆိုရင်
ငါ မကျေနပ်စရာအကြောင်း မရှိပါဘူးလေ"

"ဘဘစိတ်ချပြီး သွားနိုင်ပါတယ်ဗျာ"

ကျူးဖုံး ဘာမှမပြောတော့ဘဲ မျက်လုံးမှိတ်ထားလိုက်လေ
သည်။

ကျူးစုရီ သက်ပြင်းချလိုက်သည်။

မကြာမီ...

ကျူးဖုံး သေဆုံးသွားကာ သူတစ်ယောက်ထဲ ကျန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်ပြီး သူလိုအင်ဆန္ဒ ရှိသည့်အတိုင်း တားဆီးမည့်သူ မရှိ ဆေ့ာင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း နားလည်ထားလိုက်လေတော့သည်။

* * *

စိတ်နေသဘောထား ထူးဆန်းသော ကျူးဖုံးသည် သူ့ထက် ပိုပြီးထူးခြားသည့် ကျူးစုရီကို သိုင်းလောကထဲ၌ ထားရစ်ခဲ့ကာ လောကကြီးအား ကျောခိုင်းသွားခဲ့ပြီ ဖြစ်လေသည်။

ကျူးစုရီမှာ ကျူးဖုံးထက် ပို၍ လက်စောင်းထက်သူ ဖြစ်နေသည်။

ကျူးဖုံးထက်လည်း ပို၍ အကြံကြီးလေသည်။

ထို့ကြောင့်...

ကျူးဖုံး မရှိတော့သည်နှင့် သိုင်းလောကသို့ ဆင်းကာ မွှေနှောက်တော့သည်။

ကျူးစုရီ၌ ရည်ရွယ်ချက် သုံးခုရှိသည်။

ပထမ အချက်မှာ အာမခံဌာန ဆယ့်ငါးခုအား ဖြိုခွဲချေမှုန်းပစ်ရန်ဖြစ်သည်။

ထိုကိစ္စသည် သူ့အား ပြုစုပျိုးထောင်ပေးခဲ့သော ကျူးဖုံးအား ကျေးဇူးဆပ်သည့်သဘော ဖြစ်သည်။

ဒုတိယအချက်မှာ သူနှင့်အပြိုင် နာမည်ထွက်လာသော ချီး



မွမ်းခံလာရသော ရှမ်းလုံအား ဖြစ်သည့်နည်းနှင့် အနိုင်ယူဖို့ ဖြစ်ပေတော့သည်။

တတိယအချက်ကား သိုင်းလောက၌ ခြိမ်းခြောက်ကာ သူ၏ဩဇာထူထောင်ရန် လျှို့ဝှက်ဂိုဏ်းတစ်ခု ထူထောင်ဖို့ ဖြစ်လေသည်။

ကျူးစုရီက ထိုရည်ရွယ်ချက် သုံးမျိုးဖြင့် သိုင်းလောကသို့ ဆင်းလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ခြေတစ်လှမ်း

ကျူးစုရီက ညီနောင်စားသောက်ဆိုင်ထဲ လှမ်းဝင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဆိုင်ထဲ၌ အရက်ဝိုင်း၊ စားသောက်ဝိုင်းများသာမက လောင်းကစားဝိုင်းများလည်း ရှိနေသည်။

ဆိုင်ပိုင်ရှင် ကောင်းရှန်၊ ကောင်းထင်၊ ညီအစ်ကိုနှစ်ဦးမှာ ဤနယ်တဝိုက်၌ နာမည်ကြီး ဒုစရိုက်သမားများ ဖြစ်ကြလေသည်။

ကျူးစုရီက လူစည်ကားနေသော လောင်းကစားဝိုင်းများဆီသို့ လှမ်းသွားလိုက်ပြီး ကစားဝိုင်းတစ်ခု၌ ဝင်ရောက်ကစားလိုက်လေသည်။

ကျူးစုရီက လောင်းကြေးကြီးကြီး ကစားလိုက်ခြင်း ဖြစ်လေ သည်။



သို့သော် သူအနိုင်မရဘဲ ရှုံးသွားသောအခါ ငွေမပေးဘဲ ထွက်သွားလိုက်လေသည်။

"ဟိတ် ဒါဘာလုပ်တာလဲ"

"သေချင်ပြီ ထင်တယ်"

ကောင်းရှန်နှင့် ကောင်းထင်တို့ ညီအစ်ကိုနှစ်ယောက် လက်သပ်မွေးထားသော လူဆိုးလူမိုက်များက ကျူးစုရီအား ဝိုင်း၍တိုက်ခိုက်လိုက်ကြလေသည်။

ကျူးစုရီက ပြန်လည်တိုက်ခိုက်လိုက်သောအခါ...

"ဝုန်း"

"အား"

"အမယ်လေး"

လူဆိုးလူမိုက်များ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

"ဘာဖြစ်တာလဲဟေ့"

ကောင်းရှန်နှင့် ကောင်းထင်တို့ ညီအစ်ကို ချက်ချင်း ရောက်ရှိလာကြလေသည်။

ကျူးစုရီက လာရောက်သောင်းကျန်းနေကြောင်း သိရလျှင်

"ငါတို့ဆိုင်မှာ လာပြီး စော်ကားတာကိုး"

"ငါတို့ညီနောင်အကြောင်း မင်းသိရမယ်"

ကောင်းရှန်တို့က တိုက်ခိုက်လိုက်ကြရာ ကျူးစုရီက ပြန်လည်ရင်ဆိုင်လိုက်လျှင် ညီနောင်နှစ်ယောက် ချက်ချင်းအရေးနိမ့်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုရီက…

"ခင်ဗျားတို့ အညှံ့ခံမလား၊ အသက်ပေးမလား၊ ကြိုက်တဲ့ လမ်း ရွေးပေတော့"

ကောင်းရှန်တို့မှာ ကျူးစုရီ၏သိုင်းပညာ အလွန်ထက်မြက်နေသည်ကို တွေ့ရလျှင် ကြောက်ရွံ့ကာ ဒူးထောက်အညှံ့ခံလိုက်ကြတော့သည်။

ကျူးစုရီက…

"ခင်ဗျားတို့ ကျုပ်စကားနားထောင်မယ်၊ ကျုပ်ခိုင်းတာ လုပ်မယ်ဆိုရင် တစ်နေ့ သိုင်းလောကကို လွှမ်းမိုးနိုင်လိမ့်မယ်"

ထို့နောက် ကောင်းရှန်တို့ညီအစ်ကို နှစ်ယောက်အား အခြေပြုကာ လျှို့ဝှက်ဂိုဏ်းတစ်ခု ထူထောင်ဖို့ ခြေလှမ်းအစပျိုးလိုက်လေသည်။

လျှို့ဝှက်ဂိုဏ်း အင်အားတောင့်တင်း ခိုင်မာလာစေရန် ဝါရင့်သိုင်းသမားကြီးများ၊ ထိပ်သီးသိုင်းသမားကြီးများကိုလည်း တဖြည်းဖြည်း ခြိမ်းခြောက်စည်းရုံးသွားရန် ကျူးစုရီ ကြံစည်ထားပြီး ဖြစ်လေသည်။

ကောင်းရှန်တို့အား သိမ်းသွင်းပြီးလျှင် ညီနောင်စားသောက်ဆိုင်သည် ကျူးစုရီအတွက် အခြေခံစခန်းတစ်ခုပမာ ဖြစ်လာလေသည်။

ကျူးစုရီက ညီနောင်စားသောက်ဆိုင်၌ မင်းမူရင်း သိုင်းလောကသတင်းများ စုံစမ်းခဲ့ရာ သူက ပြိုင်ဘက်ဟု သဘောထားသည့် ရှမ်းလုံအား သိုင်းလောကသားများက အလွန်အလေးထားကြောင်း သိရှိလိုက်ရလေတော့သည်။



ကျူးစုရီ ပို၍ မကျေမနပ် ဖြစ်လာလေသည်။

"ရှမ်းလုံက သိုင်းလောကထဲ ဆင်းလာမယ်ဆိုရင် တကယ့်ပြိုင်ဘက်ကောင်း တစ်ယောက်နဲ့ ရင်ဆိုင်ရမှာပဲ"

ရှမ်းလုံက ထိပ်တန်းသိုင်းပညာများ လေ့ကျင့်တတ်မြောက်ထားသော်လည်း သိုင်းလောကနှင့် ခပ်ကင်းကင်းနေခဲ့သူ ဖြစ်လေသည်။

ကျူးစုရီသည် ရှမ်းလုံ၏ထူးခြားချက်များကို သိရလေလေ ယှဉ်ပြိုင်လိုစိတ် ပြင်းပျလာလေလေ ဖြစ်လေသည်။

သို့ဖြင့်…

လအနည်းငယ်ကြာသွားပြီးနောက် အခွင့်အရေးတစ်ခု ပေါ်ပေါက်လာလေသည်။

သိုင်းလောက၌ သိုင်းပြိုင်ပွဲတစ်ခု ကျင်းပမည့်ကိစ္စ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

ထိုပြိုင်ပွဲအား ရှမ်းလုံက စိတ်ဝင်စားနေပြီး လာရောက်ကြည့်ရှုမည်ဟု သတင်းရလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျူးစုရီ ဝမ်းသာသွားလေသည်။

သူက ကောင်းရှန်တို့ညီအစ်ကိုကို ခေါ်ကာ အမိန့်ပေးလိုက်သည်။

"ကျုပ်က သိုင်းပြိုင်ပွဲကို သခင်လေးတစ်ယောက်လို ထွက်

www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါဝါ ဖြစ်အောင် ဝေါစင်နဲ့ သွားမယ်၊ ခင်ဗျားတို့အားလုံး အဆင်ပြေအောင် စီစဉ်လိုက်ပါ"

သူက ရှမ်းလုံနှင့် တွေ့လျှင် သိုင်းပညာယှဉ်ပြိုင်နိုင်ရန် မည်သို့ ကြံစည်ရမည်ကို စဉ်းစားတွေးတော နေလိုက်လေတော့သည်။

* * *

သိုင်းလောက၌ ထင်ရှားနေသော သိုင်းသမားအချို့မှာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရလေသည်။

လျို့ဝှက်စွာ ပေါ်ပေါက်လာခဲ့သော လျို့ဝှက်ဂိုဏ်း၏ ခြိမ်းခြောက်မှု ဖြစ်လေသည်။

လျို့ဝှက်ဂိုဏ်းသည် ထိပ်သီးသိုင်းသမားကြီးများအား ကောက်ကျစ်စဉ်းလဲသော နည်းလမ်းများ အသုံးပြုကာ ဒုက္ခပေးသည်။ ခြိမ်းခြောက်သည်။

သိုင်းသမားကြီးများ၏ ချို့ယွင်းချက်၊ အားနည်းချက်များကို အခွင့်ကောင်းယူသည်။

အဆိပ်အမျိုးမျိုး အသုံးပြုသည်။

မိန်းမ၊ လောင်းကစား၊ ရွှေငွေရတနာများဖြင့် ဖျားယောင်းသွေးဆောင်သည်။

ဤသို့ဖြင့်...

ဝါရင့်သိုင်းသမားကြီးများမှာ လျို့ဝှက်ဂိုဏ်းအား အညံ့ခံခဲ့ကြရလေသည်။



လျို့ဝှက်ဂိုဏ်းက သိုင်းသမားကြီးများအား နှောင့်ယှက်ဒုက္ခပေးနေသကဲ့သို့ ထင်ရှားနေသော အာမခံဌာန ဆယ့်ငါးခုကိုလည်း ဒုက္ခပေးခဲ့ကြလေသည်။

သိုင်းလောကသားများသည် လျို့ဝှက်ဂိုဏ်းအား တဖြည်းဖြည်း သတိပြုမိလာခဲ့ကြလေတော့သည်။

* * *

နိုက်တင်မြို့...။

နိုက်တင်မြို့၌ သိုင်းပြိုင်ပွဲ ကျင်းပမည် ဖြစ်သည်။

ထိုသိုင်းပြိုင်ပွဲကို အားလုံးစိတ်ဝင်စားကြပြီး အနယ်နယ် အရပ်ရပ်မှ သိုင်းလောကသားများ ဝင်ရောက်ယှဉ်ပြိုင်ကြလေသည်။

ထိုသိုင်းပြိုင်ပွဲသို့ ကျူးစုရိုက ဦးတည်သွားခဲ့သည်။

ထို့အတူ...

ရှမ်းလုံကလည်း တောင်ပေါ်မှဆင်းကာ သိုင်းပြိုင်ပွဲသို့ ဦးတည်သွားလေသည်။

ရှမ်းလုံ...။

ရှမ်းလုံက အညတရတစ်ဦး ဖြစ်သည်။

သိုင်းပညာကို စိတ်ဝင်စားသော်လည်း သိုင်းလောကကို စိတ်မဝင်စားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူက သိုင်းလောကနှင့် ခပ်ကင်းကင်း နေခဲ့သည်။

သို့သော်…

မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမား စိတ်ဓာတ်ရှိသူ ဖြစ်ရကား အခက်အခဲ ဒုက္ခကြုံတွေ့နေရသူများကို ကူညီခဲ့သဖြင့် သူ၏သိုင်းပညာကို သိရှိသူများ ရှိလာသည်။

သူ၏ပညာကို ချီးကျူးကြသည်။

သိုင်းလောက၌ ပြိုင်ဘက်ကင်းသည်ဟု တင်စားပြောဆိုကြသည်အထိပင်။

တဖြည်းဖြည်း သတင်းကြီးကာ နောက်ဆုံး အားလုံးက အညတရရှမ်းလုံမှာ ပြိုင်ဘက်ကင်းသူဟု ပြောဆိုလာကြ၍ ကျူးစုရီ၏ပစ်မှတ် ဖြစ်လာခဲ့လေတော့သည်။

* * *



## သခင်လေး

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်တောက်ပသွားသလို တိမ်ညိုတိမ်မည်းများ အလိပ်လိုက်အလိပ်လိုက် တက်လာသည်။

လေအေးများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

အချိန်အခါ မဟုတ်ဘဲ မိုးသက်လေပြင်း ကျရောက်လာတော့မည် ဖြစ်လေသည်။

ကျူးစုရီသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီး စိတ်ပျက်စွာ ညည်းတွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သည်အတိုင်းဆိုရင် မိုးမချုပ်ခင် နိုက်တင်မြို့ကို ရောက်ဖို့ မလွယ်တော့ဘူး"

သူက နိုက်တင်မြို့မှ သိုင်းပြိုင်ပွဲ ကြည့်ရန် ခရီးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

လမ်းခရီး၌ မိုးသက်လေပြင်း ကျရောက်မည့် အခြေအနေနှင့် ကြုံလိုက်ရသောအခါ ခရီးဖင့်မည်ကို တွေးပြီး စိတ်ပျက်သွားခြင်းလည်း ဖြစ်လေသည်။

တောလမ်းခရီးမှ ဖြတ်သန်းလာသည် ဖြစ်၍ လူနေအိမ်ခြေမရှိ လူပြတ်သော နေရာသို့ ရောက်လာခြင်းလည်း ဖြစ်ပါတော့သည်။

ကျူးစုရီသည် စိတ်ပျက်လက်ပျက်ဖြင့် အရှေ့ဘက် လှမ်းလာခဲ့ရာမှ ဝါးသုံးရိုက်ခန့် သွားမိသည့်အခါ လမ်းဘေး၌ ပျက်စီးယိုယွင်းနေသော နတ်ကွန်းပျက်ကြီးတစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကျူးစုရီ ဝမ်းသာသွားသည်။

"မိုးခိုစရာနေရာတော့ တွေ့ပြီ"

ချက်ချင်းပင် နတ်ကွန်းပျက်ဆီသို့ ဦးတည်သွားလိုက်လေသည်။

ထိုစဉ်...

"ဂျိမ်း"

မိုးခြိမ်းသံများ ထပ်မံထွက်ပေါ်လာသကဲ့သို့ မိုးစက်မိုးပေါက်များ ကျဆင်းလာလေသည်။



ကျူးစုရီသည် နတ်ကွန်းပျက်ထဲသို့ လှမ်းဝင်လိုက်ခြင်းဖြင့် မိုးရေစက်များကို ရှောင်ရှားနိုင်လိုက်သည်။

နတ်ကွန်းပျက်ထဲ ရောက်လျှင် သူ့ထက် အလျင် မိုးကို ရှောင်ရှားကာ မိုးခိုနေသူများ ရှိနေကြောင်း တွေ့မြင်လိုက်ရလေသည်။

နတ်ကွန်းပျက်ထဲ၌ အလဲလဲအပြိုပြို ကျိုးပဲ့ပျက်စီးနေသော နတ်ရုပ်တုများ ရှိနေသည်။

ပရိဘောဂအဟောင်းအပျက်မှာ ပင့်ကူပိုးမျှင်အိမ်များဖြင့် ရှုပ်ပွနေ၏။

ခြေတစ်ချောင်းကျိုးနေသော စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

ထိုလူသုံးယောက်မှာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကာ ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားခြင်းကြောင့် သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားလေသည်။

ကျူးစုရီသည် ထိုလူသုံးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူ၏မျက်နှာ တည်သွားသလို မျက်ခုံးတစ်ချက် တွန့်သွားလေသည်။

ပုံမှန်မဟုတ်သော အခြေအနေမျိုးနှင့် ကြုံရတိုင်း အလိုလိုမျက်ခုံးတွန့်သွားတတ်သည်မှာ ကျူးစုရီ၏အကျင့်ပင် ဖြစ်လေသည်။

အေးစိမ့်သော လေများသည် နတ်ကွန်းပျက်ထဲသို့ ကြိုကြို

www.burmeseclassic.com

www.burmeseclassic.com



ကြားကြားမှ တိုးဝင်လာသည်။

မိုးဖွဲကလေးများလည်း ကျဆင်းလာသည်။

ဝိုင်းဖွဲ့ထိုင်နေကြသော သိုင်းသမားသုံးယောက်သည် ကျူးစုရီအား မျက်တောင်မခတ် ကြည့်နေကြသည်။

စားပွဲ၌ ထိုင်ခုံတစ်လုံး လွတ်နေ၏။

ကျူးစုရီ ပြုံးလိုက်သည်။

"ထိုင်ခုံတစ်လုံး လွတ်နေပါလား အတော်ပဲ"

သူတစ်ယောက်တည်းဆိုလျှင် ကြမ်းပြင်ပေါ်၌ ထိုင်ရလျှင်လည်း အကြောင်း မဟုတ်ပါ။

သူ့ထက် အလျင်ရောက်နေသူများက ထိုင်ခုံများဖြင့် ထိုင်နေကြပြီး သူက ကြမ်းပြင်ပေါ် ထိုင်ရမည်ကိုမူ သူလက်ခံမည် မဟုတ်ပါ။

ထို့ကြောင့်လည်း လွတ်နေသော ထိုင်ခုံဆီသို့ လှမ်းသွားလိုက်ခြင်း ဖြစ်လေသည်။

ဤတွင် ပြဿနာ စတင် ဖြစ်ပေါ်လာလေတော့၏။

"မင်း ဒုက္ခရောက်ချင်လို့လား"

သိုင်းသမားတစ်ယောက်က ပြောလာလေသည်။

ကျူးစုရီက ထိုလူကို ကြည့်လိုက်သည်။

"ကျုပ် ဘာကြောင့် ဒုက္ခရောက်ရမှာလဲ"

"မင်းသိချင်ရင် ထိုင်ကြည့်လိုက်ပေါ့"

"ဪ"



ကျူးစုရီ ပြုံးလိုက်သည်။

ရှေ့ဘက်လှမ်းသွားပြီး လွတ်နေသော ထိုင်ခုံ၌ ထိုင်ချရန် ဟန်ပြင်လိုက်လေသည်။

"ချွမ်း"

ကျူးစုရီအား ဒုက္ခရောက်မည်ဟု ပြောခဲ့သော သိုင်းသမား၏လက်တစ်ဖက် လှုပ်ရှားသွားကာ ခါး၌ ချိတ်ထားသော ဓားသည် လက်ထဲရောက်လာလေသည်။

ဓားကို လမ်းညွှန်သည့် အနေအထားဖြင့် ရှေ့သို့ ဆန့်ထုတ်ထားရာ ကျူးစုရီက ထိုင်ခုံ၌ ထိုင်ချရန် ကြိုးစားလျှင် ဓားကို ရင်ဝဖြင့် ဝင်ထိုးလိုက်သလို ရှိပေလိမ့်မည်။

ကျူးစုရီ၏ခြေလှမ်း ရပ်မသွားပါ။

ရှေ့ဆက်တိုးပြီး ထိုင်ခုံ၌ ထိုင်ချလိုက်လေသည်။

ဆန့်တန်းထားသော ဓားသည် သူ၏ရင်ဝကို ထိုးမိခြင်း မရှိဘဲ ဘေးသို့ လွဲချော်သွားလေသည်။

ဓားကိုင်ထားသော သိုင်းသမားကိုယ်တိုင်ပင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူ၏ဓားကို ကျူးစုရီက ပုတ်ထုတ်လိုက်ခြင်း ဖြစ်ကြောင်း သိလိုက်သော်လည်း မည်သို့မည်ပုံ ပုတ်ထုတ်လိုက်သည်ဟု မပြောနိုင်အောင် ဖြစ်နေသည်။

ကျူးစုရီသည် ထိုင်ခုံ၌ ဟန်ကျပန်ကျ ထိုင်ချပြီးသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုင်ထားသူ၏ အဖော်နှစ်ယောက်လည်း ကြောင်အမ်း အမ်း ဖြစ်သွားလေသည်။

ဓားကိုင်ထားသူက ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ဓား ကို ရုပ်သိမ်းလိုက်သည်။

ကျူးစုရီကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"မိတ်ဆွေဟာ သိုင်းပညာရှင်တစ်ယောက် ဖြစ်နေတာကိုး ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလဲ၊ မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်သလဲ ပြောပြနိုင်မလားဗျာ"

ကျူးစုရီ ရယ်ချင်စိတ် ဖြစ်ပေါ်လာသည်။

သူ့အား အထင်သေးစွာ တိုက်ခိုက်ပြီး အခြေအနေ မဟန် တော့မှ မိတ်ဆွေဟု ခေါ်ကာ နာမည်မေးလာသည် မဟုတ်ပါလား။

"ကျုပ်နာမည် ပြောပြလဲ ခင်ဗျားတို့သိမှာမှ မဟုတ်ဘဲ"

အမှုမထားသော လေသံဖြင့် ပြောလိုက်လေသည်။

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် ကြပြီးမှ ကျူးစုရီအား အကဲခတ်ကြည့်လိုက်ကြလေသည်။

ကျူးစုရီသည် အဖိုးတန်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားလေသည်။

မင်းညီမင်းသားလေးပမာ ရုပ်ရည်ရူပကာ ချောမောသူ ဖြစ်သည်။

ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်လာသူ ဖြစ် ကြောင်း ထင်ရှားပေါ်လွင်နေသည်။

သိုင်းသမားသုံးယောက်သည် ကျူးစုရီမှာ မည်သူမည်ဝါ



ဖြစ်ကြောင်း စဉ်းစားလိုက်ကြသော်လည်း စဉ်းစား၍ မရချေ။

ဓားကိုင်တိုက်ခိုက်ခဲ့သော သိုင်းသမားက တီးတိုးပြောလိုက် သည်။

"သူ့ရဲ့သိုင်းပညာ မခေဘူး၊ ဒါပေမယ့် သူ ဘယ်သူလဲဆို တာ စဉ်းစားလို့ မရဘူး"

"သူဟာ အဆင့်အတန်းမြင့်တဲ့ လူတစ်ယောက် ဖြစ်လိမ့် မယ်"

"ဟုတ်တယ်၊ သူနဲ့ ရန်မဖြစ်တာ အကောင်းဆုံးပဲ"

ကျန်နှစ်ယောက်ကလည်း ထောက်ခံပြောဆိုလိုက်ကြ သည်။

သုံးယောက်သား စိတ်ထားပြောင်းလဲသွားပြီး ကိုယ့်ကိုယ် ကို မိတ်ဆက်လိုက်ကြလေသည်။

ဓားကိုင်တိုက်ခိုက်ခဲ့သူကပင် လက်နှစ်ဖက်ဆုပ်ကာ ဦး ညွှတ်လိုက်လေသည်။

"ကျုပ်နာမည် ဟူးတပါ၊ သူတို့နှစ်ယောက်ကတော့ ဟူးယိ နဲ့ ဟူးအော့ပါ၊ ကျွန်းသုံးဖော်ဆိုရင် သိုင်းလောကတစ်ခုလုံး သိကြပါ တယ်ဗျာ"

ကျူးစုရီက ပြုံးလိုက်သည်။

"လက်စသက်တော့ ခင်ဗျားတို့ဟာ နာမည်ကြီး သိုင်းသ မားတွေကိုး၊ ကျုပ်နာမည်ကတော့ ကျူးစုရီလို့ ခေါ်ပါတယ်"

"ကျူးစုရီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ကျားသုံးဖော် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျူးစုရှီဟူသော အမည်ကို သိုင်းလောကမှ တစ်ကြိမ်တစ်ခါမျှ မကြားဖူးခြင်းကြောင့် ဖြစ်လေသည်။

ဟူးတာက မေးလိုက်သည်။

"မိတ်ဆွေလေးရဲ့ ဆရာဟာ ဘယ်သူများလဲဗျာ"

ကျူးစုရှီ ပခုံးတွန့်လိုက်သည်။

"ကျုပ်ရဲ့ဆရာတွေကတော့ အများကြီးပဲ၊ ပြောပြရင် ကုန်နိုင်မှာတောင် မဟုတ်ဘူး၊ ပြီးတော့ ခင်ဗျားတို့လဲ သိကြမှာ မဟုတ်တဲ့အတူတူ မပြောပြဘဲ နေတာ အကောင်းဆုံးပဲ မဟုတ်လားဗျာ"

ကျားသုံးဖော် အောင့်သက်သက် ဖြစ်သွားကြလေသည်။

ကျူးစုရှီသည် သူတို့ထက် အသက်ငယ်သော်လည်း ထူးခြားသူတစ်ယောက်ဟု ရိပ်မိလိုက်ကြသဖြင့် ကောင်းမွန်စွာ ဆက်ဆံလိုက်ခြင်း ဖြစ်လေသည်။

ကျူးစုရှီက သူတို့အား လုံးဝအမှုမထားဘဲ အထင်သေးသည့်သဘောဖြင့် ဆက်ဆံနေသည့်ကို ရိပ်မိလိုက်ကြသောအခါ အောင့်သက်သက် ဖြစ်သွားကြလေသည်။

ကျားသုံးဖော်အနက် အကြီးဆုံးဖြစ်သော ဟူးတာက ကျူးစုရှီအား စိုက်ကြည့်လိုက်သည်။

"ကျုပ်တို့ဟာ သိုင်းလောကထဲမှာ ကျက်စားခဲ့ကြတာ



အတော်ကြာပါပြီ၊ မိတ်ဆွေလေးလို ထူးခြားတဲ့ လူစားမျိုး မတွေ့ဖူးသေးပါဘူး၊ သိုင်းလောကသားမှန်လျှင် ကိုယ့်ဆရာရဲ့နာမည်ကို ပြောခဲ့ရမှာပေါ့၊ မပြောရဲရင်တော့ မိတ်ဆွေလေး သိုင်းလောကကြီးက လက်ခံကြမယ် မထင်ဘူး"

သူ၏စကားအဆုံးတွင် ကျူးစုရှီက ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

သူ၏ရယ်သံသည် အားကောင်းစ ပြုလာနေပြီ ဖြစ်သော မိုးထဲလေထဲကို ထိုးဖောက်ထွက်ပေါ်လာသည်။

ကျားသုံးဖော်မှာ ကျူးစုရှီ၏ ပမာမခန့် အပြုအမူကို ဆက်၍ သည်းမခံနိုင်အောင် ဖြစ်လာတော့သည်။

ကျူးစုရှီက ရယ်မောလိုက်ပြီးမှ ပြောလိုက်လေသည်။

"သိုင်းလောကသားတွေ လက်မခံလဲ ကျုပ်က မမှုပါဘူးဗျာ၊ ကျုပ်ဟာ သိုင်းလောကသားလဲ မဟုတ်ဘူး၊ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားဖို့လဲ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး၊ ကျုပ်ကို သိုင်းသမားတစ်ယောက်လို့ ပြောမှာကိုတောင် တွေးပြီး စိုးရွံ့နေတဲ့ လူဆိုတာ နားလည်ထားကြပါဗျာ"

ကျားသုံးဖော်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်သည်။

ကျူးစုရှီနှင့် ပတ်သက်၍ စိတ်ဆိုးရခက်၊ စိတ်မဆိုးရခက် မည်သို့ နားလည်ရမှန်း မသိအောင် ဖြစ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူးတက မေးလိုက်သည်။

"မိတ်ဆွေလေးဟာ သိုင်းလောကသား တစ်ယောက် မဟုတ်ဘူးဆိုပါတော့"

ကျူးစုရီက ပြုံးလိုက်သည်။

"ကျုပ်ပြောပြီးပါပြီဗျာ"

"ဒါထက် မိတ်ဆွေလေးဟာ သိုင်းပညာ တတ်မြောက်ထား တယ်ဆိုတာ ကျုပ်တို့သိတယ်၊ ကျုပ်တို့ကို လိမ်ဖို့ မကြိုးစားပါနဲ့ဗျာ"

ဟူးတသည် ကျူးစုရီ မည်သည့်နည်းနှင့်မျှ ငြင်းမရနိုင်တော့ဟု ယုံကြည်ထားလေသည်။

ကျူးစုရီ ပခုံးတွန့်လိုက်သည်။

"ခင်ဗျားတို့ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားနေတာ သမ္မာရင့်နေပါပြီ၊ အခုထိ သိုင်းသမား၊ သိုင်းလောကသားနဲ့ သိုင်းပညာဆိုတာကို မခွဲခြားတတ်သေးဘူးလား"

ဟူးတ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘာကြောင့် မခွဲခြားတတ်ရမှာလဲ၊ ခွဲခြားတတ် တယ်၊ မိတ်ဆွေလေးဟာ ထိပ်တန်းသိုင်းပညာ တတ်မြောက်ထား ပေမယ့် လိပ်လိုခေါင်းဝှက်ထားတဲ့ လူတစ်ယောက်ဆိုတာ ရိပ်မိတာ ပေါ့"

စိတ်အချဉ်ပေါက်လာသဖြင့် သာသာနှင့်နာနာ နှက်လိုက်လေသည်။

ကျူးစုရီက ရယ်မောလိုက်ပြန်သည်။

"ခင်ဗျားသာ ထိပ်တန်းအဆင့်ကို ရောက်လာရင် သိုင်း



ပညာနဲ့ သိုင်းလောကသား ခင်ဗျားတို့ ပြောနေတဲ့ သိုင်းသမားဆိုတာ တခြားစီပဲဆိုတာ ခွဲခြားပြီး သိလာပါလိမ့်မယ်၊ ကဲ သည်အကြောင်းတွေ ဆက်မပြောတာ ကောင်းပါလိမ့်မယ်ဗျာ"

ဟူးတ မခံချိမခံသာ ဖြစ်နေသည်။

သူတို့အား ထိပ်သီးအဆင့်သို့ မရောက်သေးဟု ပြောသည်မှာ မှန်သည့်တိုင် အထင်သေးနှိမ့်ချသည့်သဘော သက်ရောက်နေသည် မဟုတ်ပါလား။

ကျူးစုရီသည် အကဲခတ်ရခက်သော လူစားမျိုး ဖြစ်ကြောင်း နားလည်လိုက်ပြီး အဖော်နှစ်ယောက်ကို ကြည့်လိုက်မိသည်။

ထိုအချိန်မှာပင်...

"မိုးနိုစရာလဲ ရှိတယ်၊ စကားပြောဖို့ အဖော်လဲ ရှိတယ်၊ အတော့်ကို သဘောကျစရာကောင်းတဲ့ နေရာပဲ"

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အညတရ

"ဂျိန်း"

မိုးခြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လျှပ်နွယ်လျှပ်ပန်းများ ဖြိုးခနဲ ဖျတ်ခနဲ ဝင်းလက်သွားပြီး လေပြင်းများက တဟူးဟူးမြည်ကာ တိုက်ခတ်လာပြီး မိုးသီးမိုးပေါက်များ ကျဆင်းလာသည်။

အချိန်အခါ မဟုတ်ဘဲ မိုးသက်လေပြင်း ကျရောက်လာလေသည်။

ကျူးစုရီမှာ နတ်ကွန်းပျက်ကြီးထဲ ရောက်ရှိနေပြီး မိုးခိုနိုင်သည့် ဖြစ်၍ ဝမ်းသာနေသည်။

နတ်ကွန်းပျက်ကိုသာ မတွေ့ရလျှင် သူ၏တစ်ကိုယ်လုံး မိုးရွှဲရွှဲ စိုသွားမည် ဖြစ်ပြီး မိုးရွာထဲ၌ ခရီးဆက်နေရပေလိမ့်မည်။

နတ်ကွန်းပျက်အတွင်း၌ ကျူးစုရီ၊ ကျားသုံးဖော်အပြင်



နောက်ထပ် မိုးခိုးမည့်သူ ရောက်ရှိလာပြီ ဖြစ်လေသည်။

ထိုလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ထိုအဘိုးအို၏ ဦးခေါင်းတစ်ခုလုံး ဆံပင်ဖြူများ ဖွေးဖွေးလှုပ်နေပြီး မျက်ခုံးမွေးများပါ ဖြူဖွေးနေပါသည်။

ကျူးစုရီသည် ထိုအဘိုးအိုအား တွေ့မြင်လိုက်ရသော မမြင်ချင်ဟန်ဆောင်နေလိုက်လေသည်။

ကျားသုံးဖော်ကမူ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ချက်ချင်းထိုင်ရာမှ ထလိုက်ကြလေသည်။

သုံးယောက်သား အဘိုးအိုအား ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

"ဆရာကြီးစုလီကို ခုလို မမျှော်လင့်ဘဲ တွေ့ရမယ် မထင်မိဘူး၊ တွေ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ် ခင်ဗျာ"

"ဆရာကြီးကို ဂါရဝပြုပါတယ်"

ထိုအဘိုးအိုမှာ သိုင်းလောက၌ ကျော်ကြားနေသော ရှပ်ဆိုးအဘိုးအိုစုလီ ဖြစ်လေ၏။

စုလီသည် အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်ပြီး သိုင်းလောက၏ ကြည်ညိုလေးစားမှုခံရသူ ဖြစ်ပေသည်။

ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများသည် စုလီ၏အမည်ကို ကြားသည်နှင့် ဝေးဝေးမှ ရှောင်ရှားသွားကြပေသည်။

စုလီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျားသုံးဖော်က သည်မှာ မိုးခိုနေကြတာကိုး၊ ခိုက်တင်မြို့က သိုင်းပြိုင်ပွဲကို သွားကြည့်ကြမယ် ထင်တယ်"

ဟူးတက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ခိုက်တင်မြို့ သိုင်းပြိုင်ပွဲကို မကြည့်ဖြစ်ရင် ကျုပ်တို့အတွက် နစ်နာဆုံးရှုံးသွားမှာမို့ လက်လွှတ်မခံနိုင်ပါဘူး၊ ကဲ ဆရာကြီး သည်မှာ လာထိုင်ပါဦး ခင်ဗျာ"

စုလီအား နေရာထိုင်ခင်းပေးလေသည်။

"ကျေးဇူးပဲ"

စုလီသည် ကျေးဇူးတင်စကားပြောပြီး စားပွဲ၌ ထိုင်နေသည့် ကျူးစုရှီအား လှမ်းကြည့်လိုက်လေသည်။

ထင်ရှားသော သိုင်းဆရာကြီးတစ်ယောက် ဖြစ်ရကား လူငယ်တစ်ယောက်က မသိကျိုးကျွန် လျစ်လျူရှုနေသည်ကို ဘဝင်မကျနိုင်အောင် ဖြစ်သွားလေသည်။

ကျူးစုရှီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးမှ ဘယ်သူလဲ ဟူသော သဘောဖြင့် ဟူတအား လှမ်းကြည့်လိုက်၏။

ဟူးတတို့လည်း မည်သို့ ပြောရမှန်းမသိ ဖြစ်နေတော့ သည်။

စုလီ မျက်နှာတည်သွားသည်။

ဟူးတ ရင်ထိတ်သွား၏။

ကျူးစုရှီ၏ပမာမခန့် အပြုအမူကြောင့် စုလီ စိတ်ဆိုးသွားမည်ကို စိုးရိမ်ပူပန်သွားသည်။

"သူဟာ သိုင်းလောကသားတစ်ယောက် မဟုတ်ပါဘူး၊ ခရီး



သွားတစ်ယောက်ပါ"

ကပျာကယာ ဝင်ပြောလိုက်သည်။

တစ်ဖန်...

"မိတ်ဆွေလေးကျူးစုရှီ၊ ဟောသည်က ဆရာကြီးဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းဆရာကြီးစုလီ ဖြစ်ပါတယ်"

ကျူးစုရှီအား ပြောပြကာ မိတ်ဆက်ပေးလိုက်လေသည်။

ကျူးစုရှီ ပြုံးလိုက်သည်။

"အတွင်းအားပညာမှာ ထိပ်ဆုံးဆိုတဲ့ တောင်ပိုင်းသိုင်းဆရာကြီးကို ယှဉ်ပြိုင်နိုင်တဲ့ ရုပ်ဆိုးအဘိုးအိုစုလီဆိုတဲ့ အမည်ကို ကြားဖူးတယ်၊ ဆရာကြီးဟာ အတော်နာမည်ကြီးတာပဲ"

သူသည် ရိုသေလေးစားသည့်အကြောင်း တစ်လုံးတစ်ပါဒမျှ မပြောပါ။

စုလီ၏သတင်းကို ကြားသိထားပြီး ထူးခြားသည်ဟု မယူဆသည့်သဘော ပြောခြင်းသာ ဖြစ်လေသည်။

"ဆရာကြီးစုလီဟာ အဖြူရောင်သိုင်းသမားကြီးတစ်ယောက် ဖြစ်ပေမယ့် သူ့ကို ပမာမခန့်လုပ်ရင် မကြိုက်ဘူး၊ ကျူးစုရှီ တော့ ဒုက္ခရောက်ပေတော့မှာပဲ"

ဟူးတ စိတ်ပူသွားလေသည်။

သို့သော်...

ကျူးစုရှီသည် လူကြီးသူမကို ရိုသေလေးစားမှု မရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စုလီ၏ဆုံးမခြင်းခံရလျှင်လည်း ကိုယ့်တိုက်နှင့်ကိုယ့်ကံဟု သဘောထားလိုက်လေသည်။

စုလီသည် ဟူးတတို့ကို အမှုမထားတော့ဘဲ ကျူးစုရီသည် ထိုအတိုင်းပင် ထိုင်နေသည်။

စုလီသည် ဟူးတတို့ကို အမှုမထားတော့ဘဲ ထပ်မံ၍ ကျူးစုရီအား အကဲခတ်ကြည့်လိုက်သည်။

"သိုင်းလောကသားတစ်ယောက် မဟုတ်ဘဲ ကျုပ်နာမည်ကို ကြားဖူးနေတာတော့ အတော့်ကို စိတ်ပျက်စရာကောင်းတာပဲ၊ မောင်ရင်လေးဟာ သိုင်းပညာ မတတ်ချင်ဟန်ဆောင်နေပေမယ့် မပိရိဘူးကွယ့်"

ကျူးစုရီ ရယ်မောလိုက်လေသည်။

"သိုင်းပညာ မတတ်ဘူးလို့ ကျွန်တော် မပြောပါဘူး၊ သူတို့ပြောတာကလဲ သိုင်းလောကသား မဟုတ်ဘူးလို့ ပြောတာပါ၊ ဆရာကြီး စကားအဓိပ္ပါယ်ကောက်တာ လွဲမှားနေပါပြီ"

စုလီ မျက်မှောင်ကုတ်သွားသည်။

ကျူးစုရီ၏စကားကို သေသေချာချာ စဉ်းစားပြီးမှ ပြောလိုက်လေသည်။

"သိုင်းလောကသား မဟုတ်ဘူး၊ သိုင်းပညာတတ်တယ်၊ ဒါဆိုရင် သိုင်းလောကမှာ ကျင်လည်ကျက်စားမှု မပြုဘဲ သိုင်းပညာရပ်ကိုသာ ထင်ပေါ်ကျော်ကြားမှုထက် ပိုပြီး တန်ဖိုးထားတဲ့ လူတစ်ယောက်ပေါ့၊ သိုင်းသမား မဟုတ်ဘဲ သိုင်းပညာရှင် ဖြစ်နေတာပေါ့"



ကျူးစုရီက ထပ်မံရယ်မောလိုက်လေသည်။

"သိုင်းသမားနဲ့ သိုင်းပညာရှင် ဘာများ ကွာခြားမှာလဲဗျာ"

စုလီ လက်ကာပြလိုက်သည်။

"ကွာခြားချက်တွေ ရှိပါတယ်၊ သိုင်းသမားဆိုတာ သိုင်းလောကထဲမှာပဲ နေပါတယ်၊ သိုင်းလောကအကျိုး ဆောင်ရွက်တယ်၊ သိုင်းလောက စည်းကမ်းတွေကို လိုက်နာကျင့်သုံးတယ်၊ ဒါဟာ သိုင်းသမားဆိုတဲ့ သဘောကို ယေဘုယျအဓိပ္ပါယ် ဖွင့်ဆိုလိုက်တာပဲ၊ သိုင်းပညာရှင်ဆိုတာကိုလဲ ကျုပ်က ရှင်းပြပါဦးမယ်"

ကျူးစုရီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ရှင်းပြပါဦးဗျာ"

"သိုင်းပညာရှင်ဆိုတာက သိုင်းလောက စည်းကမ်းနဲ့ ကျင့်ဝတ်တွေကို အလေးထားပေမယ့် သိုင်းလောကထဲ ဆင်းပြီး ကိုယ်တတ်မြောက်ထားတဲ့ သိုင်းပညာကို အသုံးချပြီး ကျင်လည်ကျက်စားမှု မပြုဘူး၊ အကောင်းတကာ အကောင်းဆုံး၊ အထက်မြက်ဆုံးဆိုတဲ့ သိုင်းပညာရပ်တွေကို အချိန်ရှိသရွေ့ လေ့လာတီထွင်နေလေ့ရှိတယ်၊ သည်ကနေ့ အကောင်းဆုံးဆိုတဲ့ သိုင်းတစ်ကွက် တီထွင်နိုင်ပြီဆိုရင် နောက်နေ့မှာ အဲဒီသိုင်းကွက်ထက် ပိုထက်မြက်တဲ့ သိုင်းကွက်ကို ဖော်ထုတ်ဖို့ ကြိုးစည်ကြိုးစားလိမ့်မယ်၊ သိုင်းကွက်တွေ သိုင်းပညာရပ်တွေကို တီထွင်ကြံဆဖို့သာ အဓိကထားတဲ့ လူသက်သက်ပဲ၊ တီထွင်ပြီးရင်း တီထွင်မယ့်လူ ဆိုပါတော့"

ကျူးစုရီ ရယ်မောခြင်း မပြုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

စုလီ ပြောသည့် စကားကို လက်ခံလိုက်သည့်သဘော ဖြစ်သလို စုလီသည် အတွေ့အကြုံရင့်ကျက်သော ဝါရင့်သိုင်းသမားကြီး တစ်ယောက် ဖြစ်သည်ကို လက်တွေ့မြင်ကာ လက်ခံလိုက်သည့် သဘောလည်း ဖြစ်လေသည်။

စုလီက ကျူးစုရှီအား ဘတိယအကြိမ်မြောက် အကဲခတ်ကြည့်ကာ ပြောလိုက်၏။

"သိုင်းလောကထဲမှာ နာမည်မကျော်ပေမယ့် ပညာမခေ တဲ့ သိုင်းသမားတွေ ရှိကြပါတယ်၊ ဝေဖန်ပြောဆိုနေကြတဲ့ သတင်းစကားအတိုင်း ပြောရမယ်ဆိုရင်တော့ အညတရသိုင်းသမားနဲ့ သခင်လေးတို့ဟာ ထိပ်ဆုံးကပဲ၊ မင်းကတော့ ဘယ်သူများလဲ ပြောစမ်းပါဦး"

ကျူးစုရှီက ရယ်မောလိုက်ပြန်သည်။

"ကျွန်တော် ဘယ်သူ ဖြစ်မယ်လို့ ဦးထင်လို့လဲ"

ဟူ၍ ပြန်မေးလိုက်သောကြောင့် စုလီမှာ ရုတ်တရက် မည်သို့ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

ကျူးစုရှီက စုလီအား စိုက်ကြည့်လိုက်လေ၏။

စုလီသည် အနည်းငယ် တွေးတောလိုက်ပြီးမှ....

"မင်းဟာ သိုင်းပညာ မဆိုးတဲ့ အညတရသိုင်းသမားတစ်ယောက်ဆိုတာ သေချာတယ်၊ ဒါပေမယ့် လူကြီးသူမကို ရိုသေရမှန်း မသိ၊ ဂါရဝတရားမရှိ၊ ရိုင်းစိုင်းတဲ့ အပြုအမူ ရှိတာကြောင့် မင်း



ဘယ်သူပဲ ဖြစ်ပါစေ ကျုပ်စိတ်မဝင်စားဘူး"

စကားဆုံးလျှင် ထိုင်ခုံတစ်လုံးဆွဲကာ ကျူးစုရှီအား ကျောခိုင်းထိုင်လိုက်တော့သည်။

ဟူးတတို့ကျားသုံးဖော်နှင့် စကားစမြည် ပြောဆိုနေလိုက်လေတော့သည်။

ကျူးစုရှီအား အမှုမထားဘဲ ဥပေက္ခာပြုထားလိုက်တော့သည်။

ကျူးစုရှီကလည်း မမှုပါချေ။

"ခုမှပဲ နားအေးပါးအေး မိုးခိုရတော့တယ်"

တီးတိုးရေရွတ်ပြီး နတ်ကွန်းပျက် အပေါက်ဝဘက်သို့ မျက်နှာမူကာ ထိုင်နေလိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်လေပြင်းသည် သည်းထန်စွာ ရွာသွန်းတိုက်ခတ်ခဲ့ရာမှ အချိန်များစွာ မကြာလိုက်ဘဲ အရှိန်လျော့သွားလေသည်။

လေပြင်းများ တိုက်ခတ်ခြင်း မရှိတော့ပါ။

မိုးရေစက်များသည် တဖြည်းဖြည်း အားပျော့လာလေသည်။

မကြာမီ မိုးစဲသွားတော့မည် ဖြစ်လေသည်။

"တော်ပါသေးရဲ့၊ မိုးစဲသွားလို့ ခုနေ ခရီးပြင်းနှင်လိုက်မယ်ဆိုရင် ခိုက်တင်မြို့ကို မိုးမချုပ်ခင် ရောက်သွားနိုင်တယ်"

ဟူးတာ၏အသံ ထွက်ပေါ်လာလေသည်။

ကျူးစုရီ လှည့်မကြည့်ပါ။

ဟူးတာတို့နှင့် စုလီ ထိုင်ရာမှ ထရပ်လိုက်ကြသော အသံဗလံများကို ကြားလိုက်ရလေသည်။

ထိုအချိန်မှာပင်...

"မြန်မြန်လာကြဟေ့"

အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာပြီး လူသန်ကြီးတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုမှာ လူရှစ်ယောက်တိတိ ရှိပြီး ဝေါစင်တစ်ခုအား ထမ်းကာ ရောက်လာကြခြင်း ဖြစ်သည်။

နတ်ကွန်းပျက်ရှေ့သို့ ရောက်သည့်အခါ တစ်ယောက်က အပြေးတစ်ပိုင်း ဝင်ရောက်လာလေသည်။



ဟူးတာတို့ကျားသုံးဖော်နှင့် ဆရာကြီးစုလီတို့က အခြေအနေကို စောင့်ကြည့်နေလိုက်ကြသည်။

နတ်ကွန်းပျက်ထဲ ဝင်လာသူသည် ကျူးစုရီကို မြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"သခင်လေး သည်မှာဟေ့"

သူ၏အသံကြားသည်နှင့် ကျန်လူများပါ ပြေးဝင်လာကြလေသည်။

ဘုံကျောင်းပျက်အတွင်းသို့ ရောက်သည်နှင့် ကျူးစုရီ၏ရှေ့၌ ဒူးထောက်ကာ ဂါရဝပြုလိုက်ကြလေသည်။

"သခင်လေးကို ဂါရဝပြုပါတယ်"

အားလုံးက တညီတညာတည်း ပြောလိုက်ကြပြီးမှ တစ်ယောက်က ဒူးထောက်ရာမှ ထလိုက်သည်။

"ကျုပ်တို့ဟာ မိုးလုံမယ့် ဝေါစင်ကို ရှာဖွေနေရတာမို့ နောက်ကျသွားပါတယ်၊ သခင်လေးက ကျုပ်တို့ကို မစောင့်နိုင်တော့ဘဲ ထွက်သွားပြီဆိုတာ သိရလို့ အမြန်ဆုံး လိုက်လာခဲ့ကြတာပါ၊ ကျုပ်တို့ နောက်ကျသွားတာကို ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်၊ ကျုပ်တို့အပြစ်ကို ခွင့်လွှတ်ပါ"

အလွန်ရိုကျိုးပြီး စိုးရိမ်မကင်းဖြစ်သော လေသံဖြင့် တောင်းပန်ပြောဆိုလေသည်။

ကျူးစုရီ ပြုံးလိုက်သည်။

"အင်း ခင်ဗျားတို့ကိုသာ ခဏလေး စောင့်လိုက်ရင် ခုချိန်

www.burmeseclassic.com

www.burmeseclassic.com



လောက်ဆို နိုက်တင်မြို့ကို ရောက်နေလောက်ပြီ၊ ကျုပ်က စိတ်မရှည်လို့ သည်နေရာမှာလာပြီး သောင်တင်နေရတာ၊ ကဲ ဝေါစင်ပါလာတယ် မဟုတ်လား သွားရအောင်"

"ကောင်းပါပြီ သခင်လေး"

ကျူးစုရီသည် ထိုင်ရာမှထကာ ဝေါစင်ထမ်းလာသူများနှင့် လိုက်ပါသွားလေတော့သည်။

* * *

နတ်ကွန်းပျက်ထဲမှ ကျူးစုရီ ထွက်ခွာသွားပြီ ဖြစ်လေသည်။

လူသန်ကြီးရှစ်ယောက်သည် ကျူးစုရီ စီးနင်းထားသော ဝေါစင်ကို ထမ်းကာ လျင်မြန်စွာ ထွက်သွားကြခြင်း ဖြစ်ပါတော့သည်။

လူသန်ကြီးများ ရောက်လာပုံနှင့် ကျူးစုရီကို ခေါ်ကာ ထွက်သွားပုံမှာ အလွန်လျင်မြန်လှပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်း ဖြစ်ရကား ဟူးတာတို့ အံ့သြနေကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြလေသည်။

စုလီ သက်ပြင်းချလိုက်သည်။

"သူဟာ ရိုင်းပျမှု မရှိဘူးဆိုရင် အတော့်ကို ချီးကျူးစရာကောင်းတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်၊ တစ်ခုတော့ ရှိတယ်၊ ဘဝတစ်ခုလုံးကို သိုင်းပညာရပ်ထဲ နှစ်မြှုပ်ထားလိုက်တော့ တခြား



ဘာကိစ္စကိုမှ သတိမထားမိအောင် အားလုံးနဲ့ ကင်းကွာသွားတာလဲ ဖြစ်နိုင်တယ်၊ သိုင်းပညာအပေါ်မှာ ရူးသွပ်မိုက်မဲနေတဲ့အတွက် စိုးရိမ်စရာတော့ ကောင်းတယ်"

ဟူးတာက မနေနိုင်ဘဲ မေးလိုက်လေသည်။

"သူ ဘယ်သူလဲဆိုတာ ဆရာကြီးသိလို့လား"

စုလီသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလေသည်။

"လူသန်ကြီးရှစ်ယောက်က သူ့ကို သခင်လေးလို့ ခေါ်လိုက်တာ မင်းတို့ကြားမယ် ထင်တယ်"

ဟူးတာတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"သူ..သူဟာ"

"သူဟာ သိုင်းလောကရဲ့ အထက်မြက်ဆုံးဆိုတဲ့ သခင်လေးနဲ့ အညာတရသိုင်းသမားတို့ နှစ်ယောက်ထဲက သခင်လေး ဖြစ်ပါလိမ့်မယ်"

ဟူးတ ပင့်သက်ရှိုက်လိုက်လေသည်။

သခင်လေးဟူသော အမည်ကား သိုင်းလောက၌ လူတိုင်းသိသောအမည် ဖြစ်နေသည်။

သခင်လေး၏သိုင်းပညာ စွမ်းသည်ဆိုသည်ကား တင်စားပြောကြသည့် စကားများသာ ရှိပြီး လက်တွေ့ မည်သူမျှ မတွေ့ကြုံဘူးကြပေ။

ဟူးတာ၏ရင်ထဲတွင် မကျေနပ်မှုများ ပြန်လည်ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။

"သခင်လေး‌ရဲ့ ရိုင်းပျမောက်မာမှုအပေါ် ဆရာကြီး ဘယ်လိုသဘောထားမှာလဲ၊ သိပါရစေ ခင်ဗျာ"

စုလီအား မေးလိုက်၏။

စုလီ မဲ့ပြုံးပြုံးလိုက်သည်။

"သူဟာ ပညာဂုဏ်မောက်နေတယ်ဆိုရင်တောင် လက်တွေ့နယ်ပယ်မှာ ကျင်လည်မိတာနဲ့ ပြောင်းလဲသွားပါလိမ့်မယ်၊ အချိန်က အဖြေပေးပါလိမ့်မယ်၊ ကဲ မိုးလဲ စဲသွားပြီ၊ သွားကြရအောင်"

ဟူးတသည် စုလီ၏ရှင်းပြမှုအပေါ် ဘဝင်မကျသော်လည်း ဘာမှမပြောဘဲ ထွက်ခွာသွားဖို့ ဟန်ပြင်လိုက်လေတော့သည်။

* * *



## သိုင်းပြိုင်ပွဲ

ခိုက်တင်မြို့....။

ခိုက်တင်မြို့သည် အလွန်စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့အဖြစ် ရှိလေသည်။

ခိုက်တင်မြို့စားကြီးသည် နန်းတွင်းမှ တာဝန်ပေးချက်အရ သိုင်းပြိုင်ပွဲတစ်ရပ်ကို နှစ်စဉ်နှစ်တိုင်း ခိုက်တင်မြို့၌ ကျင်းပပေးရလေ၏။

ထိုသိုင်းပြိုင်ပွဲကြီးမှ ထွက်ပေါ်လာသော သိုင်းပညာရှိများအား နန်းတွင်း၌ အမှုတော်ထမ်းရွက်နိုင်ရန် စီစဉ်ပေးရသည်။

ဝါရင့်သိုင်းသမားကြီးများ၏ သရုပ်ပြပြိုင်ပွဲများကိုလည်းကောင်း၊ သိုင်းပညာနှင့် ပတ်သက်သော ဆွေးနွေးပွဲများကိုလည်းကောင်း ကျင်းပပေးပြီး သိုင်းလောက တိုးတက်ရေးကို ဆောင်ရွက်ပေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်တွင်လည်း...

ကျင်းပမြဲဖြစ်သော သိုင်းပြိုင်ပွဲကို စီစဉ် ကျင်းပပေးသည့် အပြင် သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများ ကို ဖိတ်ခေါ်ကာ သိုင်းပြိုင်ပွဲအား ကြီးကြပ်စေခဲ့လေသည်။

ထိပ်သီးသိုင်းသမားကြီးများ ကြီးကြပ်သော နိုက်တင်မြို့ သိုင်းပြိုင်ပွဲသည် အလွန်စည်ကားပြီး အရေးပါသော သိုင်းပညာတစ်ရပ် ဖြစ်ခဲ့လေတော့သည်။

* * *

သိုင်းပြိုင်ပွဲအား အမျိုးအစား နှစ်ရပ် ခွဲခြားကာ ကျင်းပပေးလေ့ရှိသည်။

ပြိုင်ပွဲတစ်ရပ်မှာ သိုင်းလောကမှ ဖူးသစ်စသိုင်းသမားများ၊ အစွမ်းအစရှိသော သိုင်းသမားများ ဖော်ထုတ်ပေးသော ပြိုင်ပွဲ ဖြစ်ပေသည်။

ထိုပြိုင်ပွဲ၌ ဆုချီးမြှင့်ခံရသူသည် ငွေကြေး ထိုက်ထိုက်တန်တန် ရသည့်အပြင် နန်းတွင်း၌ အမှုထမ်းဖို့ အခွင့်အရေးလည်း ရမည် ဖြစ်ပေသည်။

ကျန်ပြိုင်ပွဲ တစ်ရပ်ကား သိုင်းလောက၌ လူသိများ ထင်ရှားပြီးသား သိုင်းသမားများ၏ ပညာဖလှယ်ပွဲ ဖြစ်လေသည်။

စီစဉ်ကျင်းပပုံ ကောင်းမွန်လှသောကြောင့် ပြိုင်ပွဲ နှစ်ရပ်



စလုံးအား လွန်စွာ သဘောကျပြီး ဝက်ပက်ကွဲအောင် အားပေးကြည့်ရှုကြလေသည်။

နိုင်ဖုံးနှင့် အနီးပတ်ဝန်းကျင် မြို့ရွာများမှ ပွဲကြည့်ပရိသတ်များသာမက အနယ်နယ်အရပ်ရပ်မှ သိုင်းလောကသားများပါ ရောက်လာကြသည် ဖြစ်ရကား ကြက်ပျံမကျ စည်ကားသိုက်မြိုက်လှပေတော့သည်။

ရှမ်းလုံသည် သိုင်းပြိုင်ပွဲ ကျင်းပနေသည့် နိုက်တင်မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

* * *

နိုက်တင်မြို့၌ ကျင်းပသော သိုင်းပြိုင်ပွဲ နှစ်ရပ်အနက် သိုင်းလောကအား သွေးသစ်လောင်းမည့် သိုင်းသမားအသစ်များ၊ လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးသော ပြိုင်ပွဲတစ်ရပ်ကား ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

ထိုပြိုင်ပွဲ၌ လူငယ် သိုင်းသမားသုံးယောက် အထူးရေပန်းစားကာ ဆုများ ဆွတ်ခူးသွားခဲ့ကြလေသည်။

ပထမ၊ ဒုတိယ၊ တတိယ အသီးသီး ရခဲ့ကြသော သိုင်းသမား လူငယ်သုံးယောက်မှာ ယီကိုး၊ ဝေဖုံးနှင့် ချူးစန်းတို့ ဖြစ်ကြလေသည်။

နိုက်တင်မြို့တွင် ဆုရလူငယ် သိုင်းသမားသုံးယောက်အား

www.burmeseclassic.com

www.burmeseclassic.com



ချီးမွမ်းသံများ ဖုံးလွှမ်းနေတော့လေသည်။

လူငယ်သိုင်းပြိုင်ပွဲ ပြီးဆုံးသွားချိန်မှ ရှမ်းလုံက ခိုက်တင်မြို့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

လူငယ်သိုင်းပြိုင်ပွဲ လွတ်သွားသော်လည်း ရှမ်းလုံသည် မည်သို့မျှ သဘောမထားပါ။

သူကိုယ်တိုင်က လူငယ်သိုင်းပြိုင်ပွဲထက် အခြားသိုင်းပြိုင်ပွဲတစ်ရပ် ဖြစ်သော ဝါရင့်သိုင်းသမားကြီးများ၏ သရုပ်ပြပွဲနှင့် သိုင်းပညာ ဆွေးနွေးပွဲကို ပို၍ စိတ်ဝင်စားခြင်းကြောင့် ဖြစ်လေသည်။

သိုင်းလောကမှ သိုင်းပညာရပ်များနှင့် ပတ်သက်၍ အတွေးအခေါ် အယူအဆများ ဆန်းသစ်တီထွင်မှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆန်းပြားလာသည်ကို သိုင်းပညာဖလှယ်ပွဲ၌သာ တွေ့ရနိုင်ခြင်းကြောင့်လည်း ဖြစ်လေသည်။

ယခုနှစ် သိုင်းပြိုင်ပွဲ၏ ထူးခြားချက်မှာ သိုင်းလောကအကြီးအကဲများအား ဖိတ်ခေါ်ထားပြီး သိုင်းပညာဖလှယ်သည့် ဆွေးနွေးပွဲကို ကမကထ ပြုစေခဲ့ခြင်း ဖြစ်လေသည်။

ခိုက်တင်မြို့စားသည် သိုင်းလောက ထိပ်သီးသိုင်းသမားကြီးများအား ဖိတ်ကြားထားခြင်းမှာ သိုင်းပြိုင်ပွဲ ကိစ္စသက်သက် မဟုတ်ဘဲ အခြားသော ထူးခြားသည့် ကိစ္စတစ်ခု ရှိနေ၍ ဟူ၍ ယူဆသူက ယူဆကြသည်။

ခန့်မှန်းပြောဆိုကြသည်။

ဝေဖန်ကြသည်။



ထို့ကြောင့်လည်း ရှမ်းလုံအတွက် ပို၍ စိတ်ဝင်စားစရာ ဖြစ်လာရလေတော့သည်။

* * *

ခိုက်တင်မြို့လယ်တွင် ညီညာပြန့်ဖြူးသော မြေကွက်လပ်တစ်ခု ရှိနေပြီး သိုင်းပြိုင်ပွဲကို မြေကွက်လပ်၌ ကျင်းပခြင်း ဖြစ်လေသည်။

သိုင်းဖလှယ်ပွဲကိုလည်း ထိုမြေကွက်လပ်၌ပင် ကျင်းပခြင်းဖြစ်ပြီး သိုင်းပညာရှင်ကြီးများက ဆွေးနွေးပြောဆိုကြသည်ကို လာရောက်နားထောင်ကြသော ပရိတ်သတ်များ ကျိတ်ကျိတ်တိုး စည်ကားနေလေသည်။

ရှမ်းလုံသည် တောင်ပိုင်းသိုင်းဆရာကြီး၏ ဟောပြောချက်များကို အာရုံစိုက် နားထောင်ခဲ့ပြီးမှ သက်ပြင်းချလိုက်လေသည်။

"တောင်ပိုင်းသိုင်းဆရာကြီး ပြောတဲ့အတိုင်းဆိုရင် သိုင်းလောကကြီးဟာ မနှစ်ကလိုပဲ ဘာမှ တိုးတက်ပြောင်းလဲမှု မရှိတာတော့ သေချာနေပြီ"

တီးတိုးရေရွတ်လိုက်လေသည်။

ကြားနေကျစကား အမျိုးမျိုးကို ကြားလိုက်ရခြင်းကြောင့် စိတ်ပျက်လက်ပျက် ဖြစ်မိ၏။

ပြောင်းလဲခြင်း၊ ထူးခြားခြင်း တစ်ခုခု ရှိခဲ့လျှင် သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်များနှင့် ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမျှ မကြားဖူးသေးသော တွေးတောဆင်ခြင်မှုများ၊ ရှုထောင့်သစ်၊ အမြင်သစ်များကို ကြားရမည်၊ မြင်တွေ့ရမည် ဖြစ်လေသည်။

ကြားဖူးပြီးသား အတွေးအခေါ် အယူအဆများကိုသာ ကြားလိုက်ရသဖြင့် သိုင်းလောကတွင် ထူးခြားစွာ တိုးတက်ပြောင်းလဲမှု မရှိသေးကြောင်း ရှမ်းလုံ သဘောပေါက်လိုက်၏။

ရှမ်းလုံကဲ့သို့ စိတ်ပျက်လက်ပျက် ဖြစ်နေသူတစ်ယောက် ရှိနေပါသေးသည်။

"တစ်ယောက်လာလဲ ဒါပဲ၊ နောက်တစ်ယောက်လာလဲ ဒါပဲ၊ ပြိုင်ဘက်ကင်းတဲ့ ထိပ်သီးသိုင်းသမားကြီးတွေ လုပ်ပြီး ကိုယ့်ပညာကို ကိုယ်ကျေနပ်ရောင့်ရဲနေသမျှ သိုင်းပညာရပ်တွေဟာ ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက်လာတော့မှာ မဟုတ်ဘူး၊ တွေးကြည့်ရင် အလကား လူတွေ ဖြစ်နေကြပြီ"

လူတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် သိုင်းလောကတွင် ထူးခြားစွာ တိုးတက်ပြောင်းလဲမှု မရှိသေးကြောင်း ရှမ်းလုံ ထပ်မံသေချာစွာ သိရှိသွား၏။

သူက ထိုစကားသံ ထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ...

သူနှင့် မလှမ်းမကမ်း၌ လူရွယ်တစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။



ထိုလူရွယ်ကား ကျူးစုရီပင် ဖြစ်ပေသည်။

ရှမ်းလုံသည် ကျူးစုရီအား တွေ့မြင်လိုက်ရသည့် တဒင်္ဂ အချိန်လေးမှာပင် သူ၏ဘဝ၌ စိတ်ဝင်စားစရာ အကောင်းဆုံး လူတစ်ယောက်အား တွေ့လိုက်ရပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

သိုင်းပညာနှင့် ပတ်သက်ပြီး သူနှင့် ကျူးစုရီတို့ အမြင်ချင်း တူနေကြသည် မဟုတ်ပါလား။

"သည်တစ်ခေါက် နိုက်တင်ကို လာရတာ ပင်ပန်းရကျိုး မနပ်ဘူး ပြန်တာပဲ ကောင်းမယ်"

ကျူးစုရီက ထပ်မံညည်းတွားပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင်...

"မင်းလာရကျိုးနပ်စေရပါမယ်လေ"

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျူးစုရီ လှည့်ကြည့်လိုက်သလို ရှမ်းလုံကလည်း လှည့်ကြည့်လိုက်မိလေသည်။

အဘိုးအိုတစ်ယောက်က ပြောလိုက်ခြင်း ဖြစ်ပါသည်။

ထိုအဘိုးအိုမှာ ကျူးစုရီနှင့် နတ်ကွန်းပျက်၌ တွေ့ခဲ့ရသော စုလီ ဖြစ်သည်။

ကျူးစုရီ ပြုံးလိုက်သည်။

"လာရကျိုးနပ်စေရမယ်ဆိုတာ ဘယ်လိုသဘောမျိုးလဲဆိုတာ ပြောပြပါလားဗျာ"

စုလီ လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် သည်းခံပြီး စောင့်လိုက်ရင် မင်းသိလာရပ[ါ]
လိမ့်မယ်"

ထိုစဉ်...

ထိပ်သီးသိုင်းသမားကြီးများ၏ ဆွေးနွေးဖလှယ်နေသည့်
အကြောင်းအရာ ပြောင်းလဲလာသည်ကို ရှမ်းလုံ ကြားလိုက်ရလေ
သည်။

တောင်ပိုင်းသိုင်းဆရာကြီးသည် မလှမ်းမကမ်း၌ ထိုင်နေ
သော ပူးရသေ့အား လှမ်းမေးလိုက်သည်။

"ခုချိန်မှာ သိုင်းသမားတွေ စုရုံးရောက်ရှိနေတုန်း သိုင်းလော
ကနဲ့ ပတ်သက်ပြီး စိုးရိမ်စရာကောင်းတဲ့ သတင်းတွေကို ကြေညာ
ထားလိုက်ရင် ကောင်းမယ် ထင်တယ်"

ပူးရသေ့ ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ၊ သိုင်းလောကရဲ့ အန္တရာယ်ကို ကြိုတင်သိ
ထားကြတာ မမှားပါဘူး၊ ပြောပြလိုက်ပါ"

တောင်ပိုင်းသိုင်းဆရာကြီးသည် သိုင်းပညာဆွေးနွေး
ဖလှယ်ပွဲအား စိတ်ဝင်စားစွာ နားထောင်နေသည့် ပရိသတ်ကို ဝေ့
ကြည့်ပြီး ချောင်းတစ်ချက်ဟန့်လိုက်လေသည်။

"အဟမ်း သည်နေရာကို စုရုံးရောက်ရှိလာကြတဲ့ ညီ[အစ်ကို]
ပရိသတ်ပေါင်း ကြိုတင်သိထားနိုင်အောင် မကြာခင် သိုင်းလောက
မှာ ပေါ်ပေါက်လာနိုင်တဲ့ အန္တရာယ်တစ်ခုကို သတိပေးထားချင်ပါ
တယ်"



ထိုစကားကြားသည့်အခါ ပရိသတ်များမှာ မီးကို ရေဖြင့်
ငြိမ်းသတ်လိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ရှမ်းလုံနှင့် ကျူးစုရီတို့လည်း စိတ်ဝင်စားစွာ နားထောင်နေ
လိုက်ကြလေသည်။

တောင်ပိုင်းသိုင်းဆရာက ဆက်ပြောလိုက်၏။

"သိုင်းလောကမှာ လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်း ပေါ်ပေါက်နေ
တယ်ဆိုတဲ့ သက်သေအထောက်အထားတွေကို တွေ့ခဲ့ရပါတယ်၊
ထင်ရှားတဲ့ သိုင်းသမားအချို့ဟာ ပျောက်ချင်းမလှ ပျောက်ဆုံးသွား
ကြတယ်၊ သည်လို ပျောက်ဆုံးနေရတာဟာ သိုင်းလောကကို
အန္တရာယ်ပြုမယ့်သူ တစ်ယောက်ယောက် ရှိနေပြီဆိုတာ ဖော်ပြတာ
ပဲ၊ ဒါကြောင့် မသင်္ကာစရာကောင်းတဲ့ ထူးခြားချက်တစ်ခုခုတွေ့ရင်
နိုင်ဖုံးမြို့စားဂေဟာကို ချက်ချင်းအကြောင်းကြားဖို့ မှာကြားချင်ပါ
တယ်"

ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ဝေဖန်ပြောဆိုသံများလည်း ထွက်ပေါ်လာလေသည်။

ကျူးစုရီအား ရှမ်းလုံက ကြည့်လိုက်သည်။

ကျူးစုရီကလည်း စုလီအား ကြည့်လိုက်၏။

စုလီသည် ကျူးစုရီ၏အကြည့်ကို အဓိပ္ပါယ်သဘောပေါက်
သည့် အသွင်ဖြင့် ပြုံးလိုက်သည်။

"သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းသမား ရှစ်ယောက်ဟာ
တစ်နှစ်အတွင်းမှာ တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံးသွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခုချိန်ထိ သူတို့ကို ပြန်မတွေ့ရတော့ဘူး၊ ဘာသတင်းမှလဲ မကြားရတော့ဘူး၊ သူတို့အားလုံး သေဆုံးသွားကြပြီလို့ ယူဆနိုင်တယ်၊ သိုင်းလောကမှာ အခြေမလှလို့ ဇာတ်မြှုပ်သွားခဲ့ကြတဲ့ အနက်ရောင်သိုင်းထိပ်သီးအချို့ဟာလည်း ပြန်လည်ပေါ်ထွက်လာတယ်ဆိုတဲ့ အထောက်အထားတွေ တွေ့နေရတယ်၊ ကဲ ဒါက သည်နှစ်အဖို့ သိုင်းလောကရဲ့ ထူးခြားမှုကြီးပဲ မဟုတ်လား၊ ခိုက်တင်မြို့ကို လာရကျိုးမနပ်စရာအကြောင်း မရှိတော့ပါဘူးလေ"

ကျူးစုရီ ပခုံးတွန့်လိုက်သည်။

"တောင်ပိုင်းသိုင်းဆရာတို့လို ထိပ်သီးသိုင်းပညာရှင်တွေက ကိုယ့်ရဲ့လက်ရှိ အနေအထားကို ကျေနပ်နေတာဟာ သိုင်းလောကမှာ ပြဿနာတွေ ဖြစ်ပေါ်လာအောင် ဖိတ်ခေါ်သလို ဖြစ်နေမှာပဲ၊ ကျုပ်ကတော့ လာရကျိုးမနပ်တဲ့အပြင် စိတ်တောင်ပျက်မိပါသေးတယ်"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

စုလီ မကျေမနပ် ဖြစ်သွားသည်။

"ထိပ်သီးသိုင်းသမားကြီးတွေကို ဝေဖန်ပြောဆိုဝံ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ ဒါပေမယ့် အဲသည်လို ဝေဖန်နိုင်တဲ့ အရည်အချင်း ကိုယ့်မှာ ရှိရဲ့လားဆိုတာ အရင်ဆုံး ဆန်းစစ်သင့်တယ်"

ကျူးစုရီ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

စုရီအား လှည့်ကြည့်လိုက်သောအခါ သူ၏မျက်နှာ တင်းမာနေသည်ကို တွေ့ရလေသည်။



အခြေအနေကို အကဲခတ်နေသော ရှမ်းလုံမှာ ရင်ထဲ လှုပ်ရှားသွားသည်။

ကျူးစုရီ၏မျက်နှာထားကို တွေ့မြင်ရခြင်းဖြင့် အန္တရာယ်နှင့် ကြုံရတော့မည်ဟူသော အငွေ့အသက်ကို ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

စုလီ မဲ့ပြုံးပြုံးလိုက်သည်။

"အထူးသဖြင့် ဘယ်သူက ကိုယ့်ကိုယ်ကို အထင်ကြီးနေသလဲ၊ စိတ်ကြီးဝင်ပြီး သာယာကျေနပ်နေသလဲဆိုတာကို အရင်ဆန်းစစ်သင့်ပါတယ်"

ဟူ၍ ထပ်ပြောလိုက်သည်။

ကျူးစုရီ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ ဒါပေမယ့် ကျုပ်ပြောသလို ထိပ်သီးသိုင်းသမားကြီးတွေလဲ နာမည်ကျော်နေပေမယ့် တကယ်တမ်း အရည်အချင်း မရှိဘူးဆိုတာ ခင်ဗျားသိရပါလိမ့်မယ်၊ စောင့်ကြည့်နေပေါ့ဗျာ"

စိန်ခေါ်သလို ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျူးစရိ ထွက်သွားပြီ ဖြစ်သည်။

သိုင်းပညာ ဆွေးနွေးဖလှယ်ပွဲသည်လည်း ရုပ်သိမ်းလိုက်ပြီ ဖြစ်သည်။

ပရိသတ်များ လူစုခွဲသွားကြလေသည်။

ခိုက်တင်သိုင်းပြိုင်ပွဲ၌ သိုင်းပညာ ဆွေးနွေးဖလှယ်ဖို့ထက် သိုင်းလောက၌ ဖြစ်ပေါ်လာမည့် အန္တရာယ်နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းဖို့ကို ပို၍ ဦးစားပေးနေကြောင်း ပေါ်လွင်နေသည်။

ထို့ကြောင့်လည်း ရှမ်းလုံက အိမ်ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

* * *

ရှမ်းလုံသည် အများနည်းတူ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင်...

စုလီ၏တီးတိုးရေရွတ်သံကို ကြားလိုက်ရလေသည်။

"သူဟာ နာမည်ကျော်နေတဲ့ အညတရသိုင်းသမားတွေထဲက သခင်လေးဆိုတာတော့ အသေအချာပဲ၊ သည်နှစ်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ သိုင်းလောက ပြဿနာတွေဟာ သူနဲ့ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်၊ သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်ရလိမ့်မယ်"



ရှမ်းလုံ ခြေလှမ်းရပ်သွားလေသည်။

စုလီကို ကြည့်လိုက်စဉ် စုလီကလည်း လှည့်အကြည့်၊ အကြည့်ချင်း ဆုံသွားကြလေသည်။

စုလီသည် ရှမ်းလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

အတန်ကြာမှ...

"ကျုပ်က မောင်ရင်လေးကို မြင်ဖူးတယ်လို့ ထင်မိတယ်"

ရှမ်းလုံက ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်လဲ ဦးကို မြင်ဖူးပါတယ် ခင်ဗျာ"

စုလီ မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး၊ မင်းက ကျုပ်ကို ဘယ်မှာ မြင်ဖူးတာလဲ ပြောစမ်းပါဦး"

ရှမ်းလုံက...

"သည်ခိုက်တင်မြို့က သိုင်းပြိုင်ပွဲမှာပါ ခင်ဗျာ"

ဟု ပြောလိုက်သည်။

"ဪ"

စုလီသည် အဓိပ္ပါယ်ပေါက်သွားဟန်ဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

ပြီးမှ...

"ကျုပ်က ခိုက်တင်မြို့ကို နှစ်စဉ်နှစ်တိုင်း လာပြီး သိုင်းပြိုင်ပွဲကြည့်တယ်၊ မင်းကလဲ တစ်နှစ်မှ မပျက်မကွက် လာကြည့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် မသိကြပေမယ့် တွေ့ဖူးမြင် ဖူးနေကြတာကိုး၊ မင်းက သိုင်းပညာကို တော်တော်ကလေး ဝါသနာ ပါတယ် ထင်ပါရဲ့"

ရှမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

စုလီက...

"အင်း သိုင်းပညာဝါသနာပါတဲ့ လူရွယ်တစ်ယောက်ကို တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် မောင်ရင်ရဲ့နာမည် ဘယ်လို ခေါ်သလဲ ပြောပြပါလား"

ရှမ်းလုံက ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ရဲ့နာမည်က ရှမ်းလုံလို့ ခေါ်ပါတယ်"

စုလီ မျက်မှောင်ကြုတ်သွားသည်။

"မင်းနာမည်ကို သိုင်းလောကမှာ တစ်ခါမှလဲ မကြားဖူးပါ လား"

ရှမ်းလုံက...

"ကျွန်တော်ဟာ သိုင်းလောကသား မဟုတ်ပါဘူး ခင်ဗျာ"

စုလီသည် ရှမ်းလုံ၏စကားကို စိတ်ဝင်စားသွားလေသည်။

"မင်းဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားခြင်း မပြု ပေမယ့် သိုင်းပညာဝါသနာပါတယ်၊ နိုက်တင်မြို့ သိုင်းပြိုင်ပွဲကို နှစ် စဉ်မပျက် လာကြည့်တာ နည်းတဲ့ ဝါသနာ မဟုတ်ဘူး၊ ကျုပ် လူက ခတ် မညံ့ဘူးဆိုရင် မင်းဟာ အညတရသိုင်းသမားတစ်ယောက်ပဲ



ဖြစ်ရမယ်"

ရှမ်းလုံက ဘာမှ ပြန်မပြောဘဲ ပြုံး၍ နေလေသည်။

စုလီက တစ်ချက်ရယ်မောလိုက်သည်။

"သည်နှစ်တော့ အတော့်ကို စိတ်ဝင်စားစရာကောင်းနေပြီ၊ ကဲ ပြိုင်ပွဲလဲ ပြီးသွားပြီတော့ ကျုပ်တို့သွားရအောင်၊ ကျုပ်နဲ့အတူ လိုက်ခဲ့ပြီး အရက်တစ်ခွက်လောက် သောက်နိုင်တယ် မဟုတ်လား"

ရှမ်းလုံက ငြင်းရန် ဟန်ပြင်လိုက်သည်။

သို့သော်...

စုလီက ပြုံးကာ...

"လာပါ၊ တို့ အေးအေးဆေးဆေး စကားပြောရတာပေါ့"

ဟု ပြောလိုက်လေသည်။

ရှမ်းလုံက မငြင်းသာတော့ဘဲ စုလီ နောက်သို့ လိုက်ပါသွား ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## နိမိတ်ဆိုး

ခိုက်တင်မြို့သို့ ရောက်ရှိလာကြသော သိုင်းလောက ဧည့်သည်များမှာ သိုင်းပြိုင်ပွဲ ပြီးဆုံးသွားပြီ ဖြစ်၍ တဖွဲဖွဲ ပြန်သွားကြပြီ ဖြစ်လေသည်။

သို့တိုင်...

စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၌ ဧည့်သည်များ ရှိနေဆဲပင်။

စုလီ၏ဦးဆောင်မှုဖြင့် လူစည်ကားနေသော စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ရှမ်းလုံ ရောက်ရှိသွားလေသည်။

ဆိုင်လုလင်များသည် ပျာပျာသလဲ ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းပေးကြလေသည်။



အရင်ရောက်နှင့်ကာ စားသောက်နေကြသော သိုင်းလောကသားအချို့သည် နာမည်ကျော်သိုင်းသမားကြီး ဖြစ်သည့် စုလီ အား သိထားပြီး ဆီးကြိုနှုတ်ဆက်ကြသည်။

ဂါရဝပြုကြလေသည်။

စုလီကလည်း ပြန်လည်နှုတ်ဆက်နေရသည်ဖြစ်ရာ စားသောက်ခြင်း မပြုနိုင်သလို ရှမ်းလုံကိုလည်း စကားမပြောနိုင်အောင်ပင် ဖြစ်ရလေသည်။

အတော်ကလေး ကြာတော့မှ ရှမ်းလုံ ထိုင်နေသော စားပွဲသို့ ရောက်ရှိလာလေသည်။

စုလီက ရှမ်းလုံအား ပြုံးပြလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကအကျိုး၊ အများအကျိုးကို တစ်သက်လုံး ဦးစားပေးဆောင်ရွက်ခဲ့တယ်၊ ဒါကြောင့်လဲ ကျုပ်ကို အများက ကြည်ညိုလေးစားကြတယ်၊ ချစ်ခင်ကြတယ်၊ သိုင်းလောကသားဘဝကို ခံယူနိုင်ခဲ့တာကြောင့် လူဖြစ်ရကျိုးနပ်တယ်လို့ ဆိုရမှာပေါ့"

ရှမ်းလုံ သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ သိုင်းလောကသားတစ်ယောက်ဖြစ်ရတာ ကျေနပ်စရာကောင်းပါတယ် ခင်ဗျာ"

စုလီက...

"မင်းကကော သိုင်းလောကသားတစ်ယောက် မဖြစ်ချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

"ဗျာ"

ရှမ်းလုံမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။

စုလီက ဆက်ပြောလာသည်။

"သိုင်းပညာဝါသနာပါရင်၊ လေ့လာရင် ပြီးပြည့်စုံတယ်လို့ မဆိုနိုင်သေးဘူး၊ ကိုယ်တတ်တဲ့ ပညာနဲ့ အများအကျိုး၊ သိုင်းလောကအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မှသာ သိုင်းပညာရှင်တစ်ယောက် ပီသလိမ့်မယ်"

စုလီက အလေးအနက်ထားကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ရှမ်းလုံ ငိုင်သွားလေသည်။

စုလီက...

"မင်းဟာ အညတရသိုင်းသမားတစ်ယောက် ဖြစ်တယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် သိုင်းသမားဘဝကို ပီပီပြင်ပြင် ခံယူဖို့ တိုက်တွန်းချင်တယ်၊ သိုင်းလောကအကျိုး၊ အများအကျိုးကို မစဉ်းစားဘဲ သိုင်းပညာရပ်ထဲ အာရုံစူးစိုက်ပြီး ဘဝကို မြှုပ်နှံထားမယ်ဆိုရင် အိပ်မက်ထဲမှာ နေသူလို ဖြစ်နေလိမ့်မယ်၊ အစွန်းတစ်ဖက် ရောက်နေတယ်လို့ ပြောရမှာပဲ၊ ကျုပ်ပြောတာကို မင်းနားလည်သဘောပေါက်မယ် ထင်ပါတယ်"

ဟု ရှင်းပြလေသည်။

ရှမ်းလုံ ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ် ခင်ဗျာ"

စုလီက ဆက်ပြောသည်။

"ပြိုင်ပွဲကျင်းပတဲ့ နေရာမှာ ကျူးစုရီဆိုတဲ့ လူရွယ်တစ်ယောက်ကို တွေ့ခဲ့တယ် မဟုတ်လား"

ရှမ်းလုံက...

"ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်"

စုလီက...

"သူ့ကို ဘယ်လိုသဘောရသလဲ"

ရှမ်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပြောတတ်ပါဘူး ခင်ဗျာ"

စုလီ သက်ပြင်းချလိုက်သည်။

"သူဟာ သိုင်းလောကမှာ ပြောစမှတ်တွင်နေတဲ့ အညတရနှစ်ယောက်ထဲက သခင်လေး ဖြစ်ရမယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ ခုတလော သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဖန်တီးနေတာလဲ သူပဲ ဖြစ်ရမယ်လို့ ယုံကြည်မိတယ်"

ပြိုင်ပွဲကျင်းပနေရာ၌ ပြောခဲ့သော စကားကိုပင် ထပ်မံပြောဆိုလာလေသည်။ ရှမ်းလုံက ဘာမှမပြောဘဲ နေလိုက်၏။

"သည်နှစ်ထဲ သိုင်းလောကမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ မင်းသိသလား"

စုလီ မေးလာသောအခါ ရှမ်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသိပါဘူး ခင်ဗျာ"

စုလီ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"သိုင်းလောကမှာ နာမည်ကျော် သိုင်းသမား ရှစ်ယောက် ပျောက်ဆုံးသွားကြတယ်၊ ခုထိ ဘာသတင်းမှ မကြားရလို့ သေဆုံးသွားကြပြီလို့ ယူဆရတယ်၊ သူတို့ဟာ ဘာကြောင့် ခုလို ဖြစ်ရတယ်၊ ဘယ်သူ့ရဲ့ လက်ချက်ဆိုတာ ခုထိ ဘယ်သူမှ မပြောနိုင်ကြဘူး၊ ဒါပေမယ့် သံသယဝင်စရာ အချက်တစ်ခုကို တွေ့ခဲ့ရတယ်၊ ပျောက်ဆုံးသွားသူ ရှစ်ယောက်ဟာ သိုင်းလောကမှာ လက်တွေ့ကျင်လည်ကျက်စားခြင်း မပြုဘဲ နာမည်ကြီးနေတဲ့ အညတရတွေကို ပြင်းပြင်းထန်ထန် ဝေဖန်ဆန့်ကျင်ခဲ့သူတွေ ဖြစ်နေတာပဲ၊ သူတို့ ပျောက်ဆုံးသွားတာဟာ အညတရတွေရဲ့ လက်ချက်ကြောင့်လို့ သံသယ ဖြစ်စရာပဲ"

ရှမ်းလုံ ပင့်သက်ရှိုက်လိုက်လေသည်။

သူကိုယ်တိုင်လည်း အညတရတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

သိုင်းလောကသားများသည် သူ့အား အညတရသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိရှိထားလေသည်။

သို့သော်...

ထိပ်တန်းသိုင်းသမားကြီး ရှစ်ယောက် ပျောက်ဆုံးသွားသည့်ကိစ္စမှာ သူနှင့်ပတ်သက်ခြင်း အလျဉ်းမရှိခဲ့ချေ။

စုလီ ပြောသကဲ့သို့ အညတရဖြစ်သော သခင်လေးနှင့် ပတ်သက်နေသည်လော။



ကျူးစုရှီသည်ပင် သခင်လေး ဖြစ်နေသည်လော။

စုလီက အရက်တစ်ခွက် ငှဲ့သောက်လိုက်သလို အသားတစ်တုံး စားလိုက်သည်။

ရှမ်းလုံကို ကြည့်ကာ...

"မင်းလဲ စားလိုက်ပါဦး"

ဟု ပြောလိုက်သည်။

ရှမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

နှစ်ယောက်သား စကားမပြောဖြစ်တော့ဘဲ စားသောက်လိုက်ကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်လေးထဲ၌ စကားပြောသံများ၊ ရယ်မောသံ
များ၊ ဖွန်းသံ၊ ပန်းကန်သံများ ထွက်ပေါ်နေပါသည်။

စုလီနှင့် ရှမ်းလုံတို့နှစ်ယောက်မှာ အရက်သောက်လိုက်
အမြည်းစားလိုက်ဖြင့် စကားမပြောဘဲ တိတ်ဆိတ်နေသည်။

အတော်လေးကြာတော့မှ...

"ကျုပ်စိတ်ထဲမှာ ထင်နေတာ တစ်ခု ရှိတယ်ကွ"

စုလီက စကားစလိုက်သည်။

ရှမ်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဦးက.."

စုလီက...

"ကျူးစုရီဆိုတဲ့သခင်လေးက ကျုပ်ကို စိန်ခေါ်သလို ပြော
သွားတယ်၊ သူ့စကားအတိုင်းဆိုရင် ထူးခြားမှုတစ်ခု မကြာခင် ဖြစ်
ပေါ်လာလိမ့်မယ်ဆိုတာ အသေအချာပဲ"

ဟု ပြောလိုက်သည်။

ရှမ်းလုံ၏မျက်နှာ တည်ကြည်လေးနက်သွားရလေတော့
သည်။

စုလီက ဆက်ပြောသည်။

"ကျူးစုရီဟာ သခင်လေးဆိုတာရယ်၊ မင်းဟာလဲ အည
တရတစ်ယောက် ဖြစ်တယ်ဆိုတာရယ်၊ ကျုပ်က တပ်အပ်သေချာ
ပြောချင်တယ်၊ မင်း ဘယ်လိုသဘောရသလဲ"

"ကျွန်တော်.."



ရှမ်းလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

စုလီက လက်ကာပြလိုက်သည်။

"သိုင်းသမားကြီးတွေဟာ သိုင်းလောက အတွေ့အကြုံ
ကြွယ်ဝတယ်၊ ဗဟုသုတပြည့်စုံတယ်၊ ဉာဏ်ရည်ထက်မြက်ကြရပါ
တယ်၊ တချို့ကိစ္စတွေဟာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်"

ရှမ်းလုံက ဘာမှ မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေ
သည်။

ထိုအချိန်မှာပင်...

ဆိုင်ထဲမှ လူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကို
တွေ့မြင်လိုက်ရသည်။

ဆူဆူညံညံ အသံများလည်း ထွက်ပေါ်လာသည်။

"သည်သတင်း အမှန်ပဲလား"

"တော်တော်ရှမ်းကားပါလား"

"တရားခံ ဘယ်သူတဲ့လဲ"

ကြားလိုက်ရသော စကားသံများကြောင့် ရှမ်းလုံနှင့် စုလီ
တို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ...

ဆိုင်ထဲသို့ စားသောက်ရန် ယခုမှ ဝင်ရောက်လာသူတစ်
ယောက်သည် ထူးခြားသော သတင်းတစ်ခုကို သယ်ဆောင်လာပုံရ
လေသည်။

ထိုလူနှင့် ခင်မင်ရင်းနှီးသူများက ဝိုင်းဝန်းမေးမြန်းနေကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

ထိုလူက အရက်တစ်ခွက် သောက်လိုက်ပြီး ရှင်းပြလေသည်။

"ကျုပ်လဲ သွားရင်းလာရင်း ကြားခဲ့ရတာပဲ၊ ဘယ်လိုဘယ်ပုံ ဖြစ်တယ်ဆိုတာတော့ မသိဘူး၊ သိုင်းပြိုင်ပွဲကို လာတဲ့ အရှေ့ပိုင်းကျားသုံးဖော်ဟာ မြို့စွန်မှာ မရှုမလှ သေဆုံးနေကြတယ်၊ ဘယ်သူက သတ်သွားတယ်ဆိုတာ မသိဘူး၊ မြို့စားကြီးနဲ့ သိုင်းသမားကြီးတွေ သွားပြီး စစ်ဆေးနေကြပြီ"

စုလီနှင့် ရှမ်းလုံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် မိကြလေသည်။

အရှေ့ပိုင်းကျားသုံးဖော် ဖြစ်သည့် ဟူးတတို့သုံးယောက်ကား ကြမ္မာဆိုးနှင့် ကြုံတွေ့သွားရပြီ ဖြစ်သည်။

သူတို့အား မည်သူက လုပ်ကြံသွားပါသနည်း။

စုလီ မျက်နှာပျက်သွားသည်။

"ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာပြီ"

ရှမ်းလုံက သူ့အား ကြည့်လိုက်လေသည်။

သို့သော်...

သူက စကားတစ်ခွန်းမျှ မပြောပါ။

စုလီက အံကြိတ်လိုက်၏။

"သခင်လေးကျူးစုရီကတော့ ကျုပ်ကို ပညာပြလိုက်တာပဲ၊ သည်ကိစ္စကို အမြန်ဆုံး ဖြေရှင်းရမယ်၊ သူ့ကို လိုက်ရှာရမယ်"



ပြောပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေတော့သည်။

ထိုစဉ်...

"ကျုပ်ကို လိုက်ရှာမယ်ဆိုတာ ဘယ်သူများလဲဗျ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ရှမ်းလုံတို့ လှည့်ကြည့်လိုက်ရာ ကျူးစုရီက ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*, * *

www.burmeseclassic.com

www.burmeseclassic.com



## ကျားနဲ့ဆင်

ကျူးစုရီသည် ဆိုင်ထဲသို့ ရောက်လာသည်နှင့် ရှမ်းလုံကို ထိုင်နေသော စားပွဲဆီသို့ တန်းတန်းမတ်မတ် လှမ်းလာလေသည်။

ကျူးစုရီ၏အသွင်ကြောင့် ရှမ်းလုံ အံ့ဩသွားသည်။

ကျူးစုရီသည် အမှန်တကယ်လည်း သခင်လေးတစ်ယောက်ပမာ ရုပ်ရည်ရူပကာ ချောမောခန့်ညားသူ ဖြစ်သည်။

သူ့အား လိုက်ရှာမည့် စုလီရှိသည့် စားသောက်ဆိုင်ထဲ ဝင်လာသည်က ရဲတင်းလွန်းသည်ဟု ဆိုနိုင်ပါတော့သည်။

စုလီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း..."

ကျူးစုရီက ရယ်မောလိုက်သည်။

"ကျုပ်ရောက်လာလို့ အံ့ဩသွားသလားဗျာ၊ ကျုပ်ကို လိုက်ရှာမယ်လို့ ကြားမိပါတယ်၊ ဘာကြောင့်များလဲ ပြောပါဦးဗျာ"



စုလီ ဒေါပွသွားသည်။

"မင်း..မင်း၊ ကျုပ်ကို စိန်ခေါ်သွားတဲ့အတိုင်း ကျားသုံးဖော်ကို ဒုက္ခပေးလိုက်တာပေါ့ ဟုတ်လား"

ကျူးစုရီက ဘာမှမပြောဘဲ ထိုင်ခုံ၌ထိုင်ချကာ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

စုလီက အံကြိတ်လိုက်သည်။

"ကျားသုံးဖော်ဟာ မင်းနဲ့ ဘယ်လို ရန်ငြိုးရန်စ ရှိလို့လဲ၊ မင်းရဲ့လုပ်ရပ်ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ မြို့စားကြီးဆီသွားရင် မင်းကိုဖမ်းပြီး အပြစ်ပေးမှာပဲ၊ ကျုပ်ကိုယ်တိုင် မင်းကို ဖမ်းပြီး မြို့စားကြီးဆီကို ပို့မယ်"

"ဟား..ဟား..ဟား"

ကျူးစုရီ ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျားဟာ အရူးတစ်ယောက်လို လျှောက်ပြောနေတာကိုး၊ ကျုပ်မှာ အပြစ်ရှိတယ်ဆိုတာ ဘယ်လိုသက်သေ အထောက်အထားပြမလဲ၊ ကျားသုံးဖော်ကို သတ်တဲ့လူဟာ လူအများ စုဝေးနေတဲ့ စားသောက်ဆိုင်ကို လာဝံ့မလား၊ ဝေးရာကို ထွက်ပြေးသွားတော့မှာပေါ့ မဟုတ်လား"

ရှမ်းလုံက အကျိုးအကြောင်း ဆီလျော်စွာ ပြောနေသော ကျူးစုရီအား အကဲခတ်ကြည့်နေမိသည်။

စုလီ မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ကျားသုံးဖော်ကို လုပ်ကြံတာ မင်း မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုရီ ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်လိုထင်သလဲ"

"မင်း..."

စုလီ မည်သို့ ပြောရမှန်းမသိ ဖြစ်နေတော့သည်။

ကျူးစုရီ သက်ပြင်းချလိုက်သည်။

"ကျားသုံးဖော်ဟာ သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် သူတို့ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးကြတယ်၊ သိုင်းလောကမှာ အမည်မရှိပေမယ့် သူတို့ထက် တော်တဲ့သူတွေ ရှိတယ်ဆိုတာ လက်မခံချင်ကြဘူး"

"သူတို့ဟာ အစွန်းရောက်နေတဲ့ သူတွေ မဟုတ်ဘူး၊ နတ်ကွန်းပျက်မှာ မင်းတို့ဆုံတွေ့ခဲ့ကြသေးတာပဲ၊ မင်းရဲ့လက်ချက် မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ"

ကျူးစုရီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရဲ့လက်ချက် မဟုတ်ဘူးလို့ ဘယ်သူက ပြောသလဲ"

"မင်း..."

"ကျုပ်က သူတို့သုံးယောက်ကို သိုင်းသမားလို့ ခံယူထားပြီး သိုင်းပညာ ဘယ်လောက်များ ရှိသလဲလို့ မေးကြည့်တော့ မခံမရပ်နိုင် ဖြစ်သွားကြတယ်၊ ကျုပ်အနေနဲ့ကတော့ တကယ့် ပညာရှိမှ သိုင်းသမားဘဝ ခံယူတာ ကောင်းတယ်လို့ဆိုတော့ သူတို့နဲ့ ကျုပ် ယှဉ်ပြိုင်ဖို့ ဖြစ်လာတယ်၊ အင်း သုံးယောက်ပေါင်းလို့ သိုင်းသုံးကွက် မပြည့်လိုက်ပါဘူးဗျာ၊ ဟန်သာရှိပြီး အဆန်မရှိတဲ့ ခရုတွေလိုပါပဲ"



စုလီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျားသုံးဖော် သေဆုံးသွားရသည်မှာ သူ၏လက်ချက်ကြောင့် ဖြစ်သည်ဟု ကျူးစုရီက ဝန်ခံနေပြီ မဟုတ်ပါလား။

"မင်းကို ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး"

စုလီက ကြုံးဝါးလိုက်သောအခါ ကျူးစုရီ ခေါင်းညိတ်လိုက်လေသည်။

"ရပါတယ်ဗျာ၊ မြို့ပြင်မှာ စောင့်နေပါ၊ ကျုပ်လိုက်ခဲ့ပါ့မယ်၊ ကျုပ်ကို အနိုင်ယူမယ်ဆိုရင် ခင်ဗျားကြိုက်သလိုလုပ်ပါ၊ ကျုပ်ခေါင်း ငုံ့ခံပါ့မယ်၊ ခုတော့ ဗိုက်ဆာလို့ နည်းနည်းပါးပါး စားသောက်ပြီးမှ လိုက်ခဲ့ပါရစေ"

"ကောင်းပြီ၊ မင်းလိုက်ဝံ့ရင် ယောကျ်ားကောင်းတစ်ယောက်ပဲ"

စုလီသည် ခြေသံခပ်ပြင်းပြင်းနင်းကာ စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စုလီ ထွက်ခွာသွားပြီ ဖြစ်ပါသည်။

ကျူးစုရီက ရှမ်းလုံဘက်လှည့်ကာ ပြုံးပြလိုက်လေသည်။

"သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမားတွေဟာ အလိုလိုနေရင်း နားထင်သွေးရောက်နေတဲ့ လူတွေလို့ ကျုပ်ပြောရင် ခင်ဗျားလက်ခံမလား"

ရှမ်းလုံက အဖြေမပေးဘဲ နေလိုက်သည်။

ကျူးစုရီက ဆက်ပြောလေသည်။

"နားထင်သွေးရောက်နေသူတွေ များလာတော့ သိုင်းလောကကြီးဟာ မတိုးတက်နိုင်တော့တဲ့အပြင် တဖြည်းဖြည်း ဆုတ်ယုတ်လာတယ်၊ သည်အဖြစ်ဆိုးကြီး ရဖ်တန့်သွားအောင် လုပ်စရာနည်းလမ်းတစ်ခုပဲ ရှိတယ်ဆိုရင်ကော ခင်ဗျားလက်ခံမလား"

ရှမ်းလုံ ရင်ထိတ်သွားသည်။

ကျူးစုရီပြောသည့် နည်းလမ်းမှာ မည်သို့သော နည်းလမ်း ဖြစ်ပါသနည်း။

ကျော်ကြားနေသော သိုင်းသမားများအား ဆုံးမခြင်းဖြင့် သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားမည် ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာတော်သူများ ရှိနေသည်ကို သိမြင်သွားကြပြီး ရင်ဆိုင်နိုင်ရန် ကြိုးစားကြတော့မည် ဖြစ်သည်။

ထိုအခါ...

လက်ရှိအနေအထားထက် ပို၍ ထူးချွန်ပြောင်မြောက်သော



သိုင်းသမားများ ထွက်ပေါ်လာလိမ့်မည် ဖြစ်လေသည်။

ဤကား ကျူးစုရီ လိုလားသည့် သိုင်းလောက တိုးတက်မှုပင် ဖြစ်ချေသည်တကား။

ကျူးစုရီ၏အကြံသည် သိုင်းလောကတစ်ခုလုံး ကမောက်ကမ ဖြစ်သွားစေမည့် ထိတ်လန့်တုန်လှုပ်စရာ အကြံအစည်မျိုး ဖြစ်သည်ဟု ဆင်ခြင်မိလေသည်။

ကျူးစုရီက ဆက်ပြောပြန်သည်။

"သိုင်းပညာရပ်တွေ တကယ်တမ်း တိုးတက်လာဖို့ အားလုံးထက် ပိုပြီး အလေးထားတယ်ဆိုတာ ကျုပ်တို့အချင်းချင်းပဲ သိနိုင်ပါလိမ့်မယ်၊ သည်မှာ ရှမ်းလုံ၊ ကျုပ်တို့နှစ်ယောက် အတူလက်တွဲဆောင်ရွက်ကြရင် မကောင်းဘူးလားဗျာ"

ရှမ်းလုံ ငိုင်သွားသည်။

ကျူးစုရီက သူ မည်သူမည်ဝါ ဖြစ်သည်ကိုပင် သိနေ၍နေသည် မဟုတ်ပါလား။

"ကျုပ်ဟာ သိုင်းလောကကို အသက်နဲ့ ထပ်တူထားပါတယ်၊ ဒါပေမယ့် ကိုယ်တိုင် ပါဝင်လှုပ်ရှားဖို့တော့ ဘယ်တော့မှ စိတ်မဝင်စားခဲ့ဘူး"

ကျူးစုရီ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်ဖိတ်ခေါ်တာကို လက်မခံဘူးဆိုပါတော့"

"ဟုတ်ပါတယ်"

ရှမ်းလုံက ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုရီ အားမလိုအားမရ ဖြစ်သွားလေသည်။

"ခင်ဗျား ဘာကြောင့် ကျုပ်နဲ့ လက်မတွဲနိုင်ရတာလဲ"

"ကျုပ်ရဲ့သဘောထားကို ပြောပြီးပါပြီဗျာ"

"ကောင်းပြီ"

ကျူးစုရီ ထိုင်ရာမှ ထလိုက်သည်။

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စားသောက်ခ ကျ သင့်ငွေ ပေးချေလိုက်သည်။

ပြီးမှ ရှမ်းလုံကို နှုတ်ဆက်လိုက်လေသည်။

"ရှမ်းလုံ၊ ခင်ဗျားနဲ့ ကျုပ် မိတ်ဆွေ မဖြစ်နိုင်ရင်တော့ ရန်သူ မဖြစ်ချင်ဘူး၊ တစ်နေ့ကျရင် ခင်ဗျားလေ့လာထားတဲ့ ပညာတွေနဲ့ ကျုပ်လေ့လာထားတဲ့ ပညာတွေ ဘယ်ပညာက သာတယ်ဆိုတာ ဆွေးနွေးဖလှယ်ချင်သေးတယ်"

ရှမ်းလုံ ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ စိတ်ဝင်စားပါတယ်ဗျာ"

ကျူးစုရီက ပြုံး၍ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

* * *



လေဝှေ့ယမ်း တိုက်ခတ်လာသောအခါ သစ်ရွက်ခြောက်များ ကြွေကျလာလေသည်။

မွှေးကြိုင်သင်းပျံ့နေသော တောပန်းရနံ့များမှာ ဝန်းကျင်တစ်ခုလုံး ကြိုင်လှိုင်သင်းပျံ့သွား၏။

စုလီနှင့် ကျူးစုရီတို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ကျူးစုရီက...

"ကျုပ်ကို ကြာကြာမစောင့်လိုက်ရပါဘူးနော်"

စုလီ ပြန်ပြောလိုက်သည်။

"အပိုတွေ ပြောမနေနဲ့ သူတစ်ပါးကို အပြစ်ပြောပြီး တကယ်တမ်း သွေးနားထင်ရောက်နေသူဟာ မင်းပဲ၊ မင်းကို ငါဆုံးမရမယ်"

ကျူးစုရီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး၊ ရှင်းရှင်းပြောရရင် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမားတွေရဲ့ သိုင်းပညာကို ကျုပ်လေ့လာပြီးပါပြီ၊ ဘာမှ အထင်ကြီးစရာ မရှိပါဘူးဗျာ"

"မင်း..မင်း"

ကျူးစုရီ၏စကားကြောင့် စုလီ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ဟား..ဟား..ဟား"

ကျူးစုရီက ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ အတွင်းအားပညာက အရမ်းကောင်းတယ်လို့ ကျော်ကြားပါတယ်၊ ကျုပ်ကတော့ အထင်မကြီးဘူး"

စုလီ မည်သို့မျှ စိတ်မထိန်းနိုင်တော့ပါချေ။

"ကောင်းပြီ၊ သတိသာထားပေတော့"

စကားဆုံးလျှင် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေ သည်။ ယာဘက်လက်ဝါးကို ဖျတ်ခနဲဖြင့် တစ်ချက်ရိုက်ပြီးသည်နှင့် လက်ဝဲဘက်လက်ဝါးကို အားကုန်ဆန့်ထုတ်ကာ ရိုက်ထုတ်လိုက်လေ သည်။

"ဟူး..ဟူး"

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်ဝါးအရှိန်မှ ဖြစ်ပေါ်လာသော ပြင်းထန်သည့် လေပွေ လှိုင်းများသည် ကျူးစုရီထံသို့ တိုးဝင်သွားလေတော့သည်။

လက်ဝါးရိုက်ချက် နှစ်ချက် မတူပါ။

တစ်ခုက နှေးပြီး တစ်ခုက မြန်သည်။

လက်ဝါးရိုက်ထုတ်ရာ၌ အသုံးပြုလိုက်သော အတွင်းအား ချင်းလည်း မတူပါ။

ထို့ကြောင့် ခုခံဖို့ ရှောင်တိမ်းဖို့ ခက်ခဲသော ပရိယာယ်များ လှသည့် လက်ဝါးရိုက်ချက်များ ဖြစ်နေလေသည်။

"ဟား..ဟား..ဟား"

ကျူးစုရီကား အကြောက်အလန့် မရှိ ဟားတိုက်ရယ်မော နေလေသည်။



"ခင်ဗျားပညာ ဒါအကုန်ပဲလား"

ပမာမခန့် ခနဲ့ကာ ခန္ဓာကိုယ်တစ်ပတ် လှည့်လိုက်လေ သည်။

ကျူးစုရီ၏ခန္ဓာကိုယ်သည် မွှတ်နေအောင် လည်နေသည့် ဂျင်တစ်လုံးပမာ ရှေ့သို့ ရွေ့လျားသွားပြီး စုလီ အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားလေသည်။

စုလီ၏ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ပွတ်ကာသီကာ ရှောင်ရင်း အနီးသို့ အရောက်လာနိုင်ခဲ့ခြင်း ဖြစ်ပေတော့သည်။

"ဟင်"

မမျှော်လင့်သော အဖြစ်ကြောင့် စုလီ ကြောင်အမ်းအမ်း ဖြစ်သွားစဉ်မှာပင် ကျူးစုရီသည် အနီးသို့ ရောက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

စုလီ ထိတ်လန့်ကာ ကပျာကယာ ရှောင်တိမ်းရန် ကြိုးစား လိုက်သော်လည်း မလွတ်မြောက်နိုင်တော့ပါ။

ကျူးစုရီ၏လက်ဝါးသည် သူ၏ရင်ဝအား တည့်တည့်မတ် မတ် ရိုက်ချမိလိုက်လေသည်။

"ဝုန်း"

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ စုလီ မှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မှာ မယုံနိုင်စရာ ကောင်းလှပေသည်။

ထိပ်သီးသိုင်းသမားကြီး စုလီသည် ထင်ရှားခြင်း မရှိသော ကျူးစုရီ၏လက်ချက်ဖြင့် မရှုမလှ အရေးနိမ့်သွားပြီ ဖြစ်လေသည်။

ကျူးစုရီက သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ယူလိုက်ခြင်း ဖြစ်လေသည်။

"ဟား..ဟား..ဟား"

ကျူးစုရီက ဟားတိုက်ရယ်မောလိုက်လေသည်။

စုလီသည် လဲကျသွားရာမှ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။

"မင်း..မင်း"

"ခင်ဗျားရှုံးသွားရတာ ဘာကြောင့်လဲဆိုတာကော သိရဲ့လား"

"တောက်"

စုလီက ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ကျူးစုရီက...

"ခင်ဗျားဟာ ထိပ်တန်းသိုင်းသမားကြီးတစ်ယောက်ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေတယ်၊ ရထားတဲ့ သိုင်းပညာအဆင့် လောက်နဲ့ ကျေနပ်နှစ်သိမ့်နေတယ်၊ ခုထက် ပိုပြီး တိုးတက်အောင် လုပ်ဖို့ မစဉ်းစားတော့ဘူး၊ ဒါကြောင့် သိုင်းပညာရပ်တွေကို အသက် ရှူလိုက်တိုင်း ဘယ်လိုတိုးတက်အောင် လုပ်ရပါ့မယ်လို့ တွေးတော



ကြံစည်နေတဲ့ ကျုပ်ကို မယှဉ်နိုင်တာပေါ့ဗျာ"

စုလီ အံကြိတ်လိုက်လေသည်။

"မင်းကို ငါရှုံးသွားတာ ငါဝန်ခံတယ်၊ မင်းဟာ အညတရ တစ်ယောက် ဖြစ်ပေမယ့် ငါ့ထက် သိုင်းပညာပိုတော်နေတယ်၊ ဒါပေမယ့် ပျောက်ဆုံးသွားတဲ့ သိုင်းသမားရှစ်ယောက်နဲ့ မကြာသေးခင်က လုပ်ကြံခံလိုက်ရတဲ့ ကျားသုံးဖော်အတွက် မင်းကို ချမ်းသာမပေးနိုင်ဘူး"

ကျူးစုရီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဘာများတတ်နိုင်မှာမို့လဲ"

"မင်းရဲ့အကြောင်းကို မြို့စားကြီးဆီကိုတော့ ကျုပ်သတင်းပို့နိုင်ပါသေးတယ်"

"ဟား..ဟား..ဟား"

ကျူးစုရီက ဝါးလုံးကွဲ ရယ်မောလိုက်လေသည်။

"အိပ်မောကျနေတဲ့ သိုင်းလောကသားတွေ လန့်နိုးအောင် လုပ်ဖို့ ကျုပ်ဆုံးဖြတ်ပြီးပါပြီဗျာ၊ ခင်ဗျား ဘာမှ မတတ်နိုင်ပါဘူး၊ ကျုပ်ကို ဘယ်သူကမှ တားဆီးလို့ ရမှာ မဟုတ်ပါဘူးဗျာ"

စကားဆုံးသည်နှင့် ရှေ့သို့ တိုးလိုက်လေသည်။

စုလီ မျက်နှာပျက်သွားသည်။

ကျူးစုရီမှာ မြွေဟောက်တစ်ကောင်ထက်ပင် ကြောက်စရာကောင်းသူ ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ခုခံရင်ဆိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အသင့်ပြင်ထားလိုက်သည်။

ကျူးစုရီ မျက်နှာတည်သွားသည်။

"ခင်ဗျားအတွက် ဝမ်းနည်းပါတယ်ဗျာ"

ပြောပြီး လက်နှစ်ဖက် ရှေ့သို့ ဆန့်ထုတ်ကာ ရိုက်ချလိုက်သည်။

စုလီကလည်း ပြန်လည်ခုခံလိုက်သည်။

သို့သော်...

စုလီ၏ခုခံမှုမှာ အချည်းနှီးသာ ဖြစ်သည်။

ကျူးစုရီ၏ပြင်းထန်သော ရိုက်ချက်က သူ၏ရင်အစုံသို့ လျှင်မြန်စွာ ရောက်ရှိသွားပြီ ဖြစ်သည်။

"ဝုန်း"

"အား"

စူးရှသော အသံနက်ကြီးနှင့်အတူ စုလီမှာ မြေပေါ် လဲကျသေဆုံးသွားလေတော့သည်။

* * *



## မပြိုင်ဖြစ်သေးသော ပြိုင်ဘက်

သခင်လေးကျူးစုရီ...။

အညာတရရှမ်းလုံ...။

ထိုသိုင်းသမားနှစ်ယောက်၏ သိုင်းပညာမှာ အလွန်ထက်မြက်နေမည်ဆိုသည်ကို သိုင်းလောကတစ်ခုလုံး သိထားကြပြီး ဖြစ်သည်။

သူတို့နှစ်ယောက် ယှဉ်ပြိုင်ပါက မည်သူ အနိုင်ရမည်ဆိုသည်ကို စိတ်ဝင်စားသူလည်း များပြားလှသည်။

သူတို့ကိုယ်တိုင်ကလည်း မည်သူက ပညာသာသည်ကို သိလိုစိတ် ရှိကြသည်။

ကျူးစုရီက အချိန်မရွေး ယှဉ်ပြိုင်ဖို့ ဝန်မလေးပါ။

သို့သော်...

ရှမ်းလုံက ယှဉ်ပြိုင်ခြင်း မပြုလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာသည် အကျိုးမဲ့ယှဉ်ပြိုင်ဖို့အတွက် မဟုတ်ဟု အစကတည်းက ခံယူထားသည် မဟုတ်ပါလား။

ကျူးစုရီက သူနှင့် ယှဉ်ပြိုင်လိုစိတ် ပြင်းပျနေမှုန်း ရိပ်မိလိုက်သောအခါ ယှဉ်ပြိုင်လိုစိတ် လုံးဝပျောက်ဆုံးသွားတော့သည်။

ကျူးစုရီနှင့် လွတ်ကင်းအောင် အစွမ်းကုန်ကြိုးစားပြီး ရှောင်တိမ်းခဲ့လေသည်။

ကျူးစုရီက အမျိုးမျိုး အကွက်ဆင်သည်။ အကြံထုတ်သည်။

နည်းလမ်းအမျိုးမျိုး အသုံးပြုခဲ့ပါသော်လည်း ရှမ်းလုံက ရှောင်တိမ်းခဲ့ခြင်းကြောင့် မအောင်မြင်နိုင်ခဲ့တော့ချေ။

ရှမ်းလုံက သိုင်းလောကမှ ပြန်လည်ထွက်သွားရန် ဆုံးဖြတ်လိုက်သောအခါ ကျူးစုရီလည်း လက်လျှော့လိုက်ရလေတော့သည်။

* * *



သိုင်းလောက၌ ရှုပ်ထွေးပွေလီသော ကိစ္စများ ဖြစ်ပေါ်ခဲ့ပြီး များမကြာမီ ပြန်လည်ငြိမ်သက်သွားလေသည်။

သိုင်းလောကအား ဒုက္ခပေးဖို့ ကြိုးစားနေသည့် လျှို့ဝှက်ဂိုဏ်းသည်လည်း ငြိမ်ချက်သားကောင်းသွား၏။

ကျူးစုရီက လှုပ်ရှားခြင်း မပြုတော့ပါ။

သူ၏အကြံအစည်များကို တဒင်္ဂအားဖြင့် ရပ်ဆိုင်းထားလိုက်လေသည်။

သူအားထားသော ကောင်းရှန်တို့ညီနောင်နှစ်ဦးကို အသုံးချကာ လျှို့ဝှက်ဂိုဏ်းကို ပို၍ ခိုင်မာတောင့်တင်းလာအောင် ကြိုးစားခဲ့သည်။

သူကိုယ်တိုင်လည်း သိုင်းပညာတိုးတက်လာအောင် အစွမ်းကုန် လေ့ကျင့်သည်။

ရှမ်းလုံ၏သတင်းကိုလည်း အမြဲမပြတ် နားစွင့်နေခဲ့သည်။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလုံ…။

ရှမ်းလုံသည် ကျူးစုရှီ၏သဘောထားကို ကောင်းစွာ နားလည်ခဲ့ပြီ ဖြစ်သည်။

သိုင်းလောက၌ အခြေအနေများ ရှုပ်ထွေးလာအောင် ပြဿနာများ ဖန်တီးနေသူမှာ ကျူးစုရှီ ဖြစ်ကြောင်းလည်း ရိပ်မိခဲ့လေသည်။

ကျူးစုရှီ၏သိုင်းပညာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေကြောင်းလည်း ရိပ်မိခဲ့သည်။

မည်သို့ဆိုစေ…

သူနှင့် ထိပ်တိုက်ယှဉ်ပြိုင်ခြင်း မပြုရသေးဘဲ ကျူးစုရှီက သိုင်းလောကအား ကြီးကြီးမားမား ပြဿနာရှာလိမ့်မည် မဟုတ်ဟု သဘောပေါက်မိရကား အရာရာကို လျစ်လျူရှုကာ သိုင်းလောကအား ကျောခိုင်းပြီး တောင်ပေါ်ဒေသသို့ ပြန်သွားလေသည်။

သို့သော်…

ကံကြမ္မာ အလှည့်အပြောင်းက မျက်လှည့်ဆန်လှပေသည်။

ရှမ်းလုံမှာ တောင်ပေါ်ဒေသသို့ ဘယ်တော့မှ ပြန်၍ မရောက်နိုင်တော့ဘဲ သိုင်းလောက၌ အခြေချနေထိုင်သွားစရာ အကြောင်းဖန်လာခဲ့လေတော့သည်။

* * *



ရှမ်းလုံက တောင်ပေါ်ဒေသသို့ ပြန်လာရင်း တောအုပ်တစ်ခုသို့ ရောက်လာသောအခါ…

"ဝုန်း"

"ခြွမ်း"

"အား"

တိုက်ခိုက်နေသံများကို ကြားလိုက်ရလေသည်။

မမျှော်လင့်ဘဲ တိုက်ပွဲတစ်ခုနှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်လေသည်။

ရှမ်းလုံ စိတ်ပျက်သွား၏။

"သိုင်းလောကမှာ တိုက်ပွဲတွေ အဆုံးမသတ်နိုင်တော့ဘူးလား"

ဟူ၍ တွေးတောညည်းညူနေစဉ်မှာပင်…

"မပြေးနဲ့"

"မင်းလွတ်မယ် ထင်နေလို့လား"

အော်ဟစ်သံများ ထွက်ပေါ်လာသကဲ့သို့ သစ်ပင်များကြားမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေး၏အဝတ်အစားများ၌ သွေးများ စွန်းထင်းပေကျံနေသဖြင့် ဒဏ်ရာရထားကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စုက နောက်မှ ပြေးလိုက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဒယီးဒယိုင် ဖြစ်ကာ လွတ်အောင် မပြေးနိုင်တော့ချေ။

သူမ အံတင်းတင်းကြိတ်လိုက်သည်။

"ကျွန်မကို သတ်ပစ်နိုင်မှ ကျွန်မယူလာတဲ့ အာမခံပစ္စည်းကို ရမယ်"

သူမသည် ဓားနှစ်လက်အသုံးပြုကာ ရန်သူကို ပြန်လည်ရင်ဆိုင်လိုက်လေ၏။

ရှမ်းလုံ အံ့သြသွား၏။

"လက်စသပ်တော့ အာမခံပစ္စည်းယူလာတဲ့ မိန်းကလေး တစ်ယောက်ကို လူဆိုးတွေက လိုက်ပြီး ဒုက္ခပေးနေကြတာကိုး"

အခြေအနေကို နားလည်သဘောပေါက်သွားပြီး မိန်းကလေးအား ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလိုက်လေသည်။

"ဟူး"

ရှမ်းလုံမှာ တိုက်ပွဲ ဖြစ်ပွားနေရာဆီသို့ ရိပ်ခနဲ ရောက်ရှိသွားပြီး သူ၏လက်နှစ်ဘက်ကို ဝှေ့ယမ်းလိုက်လျှင်...

"ဝုန်း"

"အား"

"အမယ်လေး"

မိန်းကလေးအား ဒုက္ခပေးနေသော ဓားပြများ ဖရိုဖရဲ လွင့်



စဉ်သွားကြလေတော့သည်။

အင်အားကြီးသောရန်သူ ရောက်လာပြီဟု သိထားကြသဖြင့် ဓားပြများမှာ မိန်းကလေးအား ဆက်၍ ဒုက္ခမပေးဝံ့ကြတော့ဘဲ လူးလိမ့်ထကာ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

မိန်းကလေးမှာ အန္တရာယ်မှ လွတ်မြောက်သွားသဖြင့် ရှမ်းလုံကို ကျေးဇူးတင်မဆုံး ဖြစ်သွားလေသည်။

သူမသည် မြေပေါ် ဒူးထောက်ချလိုက်ပြီး...

"အစ်ကိုကြီးသာ ရောက်မလာရင် သည်ကနေ့ ကျွန်မ အသက်ရှင်နိုင်မှာ မဟုတ်တော့ပါဘူး၊ အစ်ကိုကြီးရဲ့ အသက်ကယ်တဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင့်"

ရှမ်းလုံ အားတုန့်အားနာ ဖြစ်သွား၏။

မိန်းကလေးကို ဖေးမကာ ဒူးထောက်ရာမှ ထစေလိုက်ပြီး

"ကိစ္စမရှိပါဘူး ညီမရယ်၊ ကျုပ်က လမ်းကြုံလို့ ကူညီခွင့်ရတာပါ၊ ခုလို ကူညီခွင့်ရတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူး၊ ဒါထက် ညီမက အာမခံပစ္စည်း သယ်ဆောင်လာတာ ဟုတ်လား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မရဲ့အဖွဲ့သားတွေ မြင်းလှည်းတစ်စီးနဲ့ အယောင်ပြပြီး အရှေ့ဘက်ကို သွားချိန်မှာ ကျွန်မက အာမခံပစ္စည်းယူပြီး အနောက်ဘက်ကို ခရီးနှင်ခဲ့တာပါ၊ ဒါပေမယ့် ရန်သူတွေက ကျွန်မအကြံကို ရိပ်မိပြီး လိုက်လာကြတော့"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလုံက...

"မပူပါနဲ့ ညီမရယ်၊ ခုတော့ ညီမကို နှောင့်ယှက်မယ့်လူ မရှိတော့ပါဘူး၊ ညီမလဲ ဒဏ်ရာထားတော့ လိုရာခရီးရောက်အောင် အစ်ကိုလိုက်ပို့ပေးပါ့မယ်"

"အို ကျေးဇူးတင်လိုက်တာရှင်"

မိန်းကလေးက မငြင်းဘဲ လက်ခံလိုက်လေသည်။

ထိုအချိန်မှစ၍ ရှမ်းလုံမှာ အာမခံဌာနပိုင်ရှင်တစ်ဦး၏သမီး ဖြစ်သော လျှံကူးနှင့် ပတ်သက်ခဲ့ရလေတော့သည်။

* * *



ကျူးစုရီက အချိန်ရှိသရွေ့ သိုင်းလေ့ကျင့်မှုကို အားစိုက်ခဲ့ရကား သုံးနှစ်အတွင်း သူ၏သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် တိုးတက်လာခဲ့လေသည်။

သူ၏ပညာသည် ရှမ်းလုံအား ကောင်းကောင်းကြီး အနိုင်ယူနိုင်မည်ဟု ကျူးစုရီ ယုံကြည်ထား၏။

သို့တိုင်...

သိုင်းလေ့ကျင့်ရင်း အတွေးသစ် အမြင်သစ်များ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ရှမ်းလုံနှင့် ရုတ်တရက် ယှဉ်ပြိုင်လိုစိတ် လျော့ပါးနေခဲ့လေသည်။

ကျူးစုရီသည် သိုင်းပညာနှင့် ပတ်သက်လာလျှင် အားရ တင်းတိမ်သည် မရှိပါ။

ကျေနပ်ရောင့်ရဲနိုင်သည် မရှိပါ။

သူ၏ပညာသည် သိုင်းလောက၌ ပြိုင်ဘက်ကင်းရမည်ဟု ခံယူထား၏။

ထို့ကြောင့်...

သိုင်းတစ်ကွက်ချင်း တစ်ကွက်ချင်း အစအဆုံး ပြန်လည်မွမ်းမံရန် ဆုံးဖြတ်လိုက်၏။

ထိုဆုံးဖြတ်ချက်ကြောင့် နှစ်အတန်ကြာအောင် အချိန်ပေးရမည် ဖြစ်သည်ကို နားလည်ထား၏။

ကျူးစုရီကား ခေါင်းမာသူ ဖြစ်သည့်အတိုင်း ဆုံးဖြတ်ပြီးလျှင် ပြင်ဖို့ စိတ်မကူးတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှန်တို့ညီအစ်ကိုကို ခေါ်၍ သူ၏အစီအစဉ်ကို ပြောပြလိုက်သည်။

"ခုချိန်ကစပြီး ခင်ဗျားတို့အားလုံး အာမခံဌာနတစ်ခု ဖွင့်နိုင်အောင် အစွမ်းကုန်ကြိုးစားရမယ်၊ အမြန်ဆုံး အကောင်အထည် ပေါ်လာအောင် ကြိုးစားရလိမ့်မယ်"

ကောင်းရှန်တို့ကား ကျူးစုရီကို မလွန်ဆန်ဝံ့သဖြင့် သူတို့၏စားသောက်ဆိုင်ကို အာမခံဌာနအဖြစ် ပြောင်းလဲပစ်လိုက်ကြလေသည်။

ကောင်းရှန်၏တပည့် လူဆိုးလူမိုက်များ၊ စည်းရုံးသိမ်းသွင်းထားသော လှို့ဝှက်ဂိုဏ်းသား၊ သိုင်းသမားများသည်လည်း အာမခံအဖွဲ့သားများ ဖြစ်လာကြလေတော့သည်။

ကျူးစုရီက တစ်ဘက်က သိုင်းပညာကို မွမ်းမံရင်း အခြားတစ်ဘက်က အာမခံလုပ်ငန်းများ ဆောင်ရွက်ကာ နာမည်ရလာသကဲ့သို့ အာမခံဌာနလောက၌ နေရာယူလာနိုင်ခဲ့သည်။

ကျူးစုရီအား တစ်ချိန်က ခေါင်းမာသော သခင်လေးအဖြစ်မှ ထင်ရှားသော အာမခံဌာနပိုင်ရှင်တစ်ဦးအဖြစ် ပြောင်းလဲလက်ခံလာကြလေသည်။

ကျူးစုရီသည် သူ၏ဘဝကို စနစ်တကျ စီစဉ်ပြောင်းလဲရင်း တစ်ချိန်ချိန်၌ သူ၏အကြောင်း ခရေစေ့တွင်းကျ သိနေကြသော ကောင်းရှန်တို့ညီအစ်ကိုအား နုတ်ပိတ်ဖယ်ရှားရန် စိတ်ပိုင်းဖြတ်ထားသေး၏။



ထူးခြားသည်ကား...

ကျူးစုရီက အာမခံဌာနပိုင်ရှင်တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး အောင်မြင်မှုများ ရလာသကဲ့သို့ တစ်ဘက်မှ ရှမ်းလုံကလည်း အာမခံလုပ်ငန်းနှင့် ပတ်သက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

သိုင်းလောက၌ ဖိုမဓားမောင်နှံဟု ထင်ရှားသော သိုင်းသမား ဇနီးမောင်နှံ ထွက်ပေါ်လာခဲ့လေသည်။

ထိုဇနီးမောင်နှံကား...

ရှမ်းလုံနှင့် လျှံကူးတို့ပင် ဖြစ်ပေတော့သည်။

ရှမ်းလုံသည် လျှံကူးနှင့် တွေ့ဆုံမေတ္တာမျှကာ နောက်ဆုံးလက်ထပ်လိုက်ကြသည်။

ရှမ်းလုံက လျှံကူးတို့၏ အာမခံဌာနလုပ်ငန်းကို ကူညီဆောင်ရွက်ရင်း မထင်မရှားနေခဲ့သည်။

သို့သော်...

သူတို့၏ အာမခံဌာနလုပ်ငန်းများ အထူးပင် အောင်မြင်တိုးတက်ကာ ထင်ရှားကျော်ကြားလာခဲ့လေသည်။

ထို့ကြောင့်...

ရှမ်းလုံလည်း အာမခံကိစ္စများနှင့် ပတ်သက်၍ မအားမလပ်နိုင်အောင် ဖြစ်ခဲ့ပြီး အခြားသော ကိစ္စများကို မေ့လျော့ထားခဲ့မိတော့သည်။

အကယ်၍...

အချိန်ကာလ ကြာညောင်းသွားသော်လည်း သူ့အား လုံး

www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်သူတစ်ဦးတစ်ဦး ရှိနေသေးသည်ကို သတိပြုနိုင်ခဲ့မည်ဆိုပါလျှင်...

* * *

ကျူးစုရီ...။

ကျူးစုရီက သူ၏သိုင်းပညာအတွက် အထူးပင် နှစ်ထောင်းအားရ ဖြစ်မိလေသည်။

သူက သိုင်းပညာကို အစအဆုံး ပြန်လည်မွမ်းမံခဲ့ရခြင်းကြောင့် နှစ်ပေါင်းများစွာ အချိန်ပေးခဲ့ရသည်ကို နောင်တရနေမည် မဟုတ်ပါ။

ယခု...

သူ၏သိုင်းပညာသည် ရှမ်းလုံအား ကျိန်းသေ အနိုင်ယူနိုင်မည့် အခြေအနေရှိနေပြီ မဟုတ်ပါလား။

ကျူးစုရီမှာ ယခင်ကလို လူငယ်တစ်ဦးတော့ မဟုတ်တော့ပါချေ။

လူလတ်ပိုင်းကို ကျော်ကာ လူကြီးပိုင်းသို့ပင် ကူးပြောင်းနေပြီ ဖြစ်သည်။

သူ၏သိုင်းပညာကဲ့သို့ အာမခံဌာနသည်လည်း ထင်ရှားကျော်ကြားနေပြီ ဖြစ်သည်။

သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားရသည့် ပုဂ္ဂိုလ်



ကြီးတစ်ဦးလည်း ဖြစ်လာခဲ့ချေပြီ။

ကျူးစုရီက အရာရာကို တွေးတောစဉ်းစားပြီးလျှင်...

"ရှမ်းလုံနဲ့ စာရင်းရှင်းဖို့ အချိန်ကျပြီ"

ဟု ဆုံးဖြတ်လိုက်လေသည်။

ရှမ်းလုံက အာမခံဌာနတစ်ခုနှင့် ပတ်သက်နေခြင်းက သူ့အတွက် ပို၍ အဆင်ပြေသွားစေသည်။

သူက အာမခံဌာန ဆယ့်ငါးခုအား ဖျက်ဆီးပစ်ပါမည်ဟု ကတိစကားထားခဲ့သည် မဟုတ်ပါလား။

ကျူးစုရီက စတင်လှုပ်ရှားရန် ဆုံးဖြတ်လိုက်သောအခါ...

* * *

www.burmeseclassic.com

www.burmeseclassic.com



## လှို့ဝှက်လူသတ်သမား

ည...။

မိုးထွန်းချိန်တွင် ကောင်းကင်တစ်ခုလုံး တိမ်ကင်းရှင်းနေလေသည်။

အေးချမ်းလှသော မြောက်လေသည် အဆက်မပြတ် တိုက်ခတ်နေ၏။

နှင်းမြူများသည် လေထဲတွင် ဝဲကာဝဲကာဖြင့် မြေပေါ်သို့ ဆင်းသက်လာကြ၏။

နှစ်ဟောင်းကုန်ဆုံးသော ကာလဖြစ်၍လည်း ရာသီဥတု က ပို၍ အေးချမ်းလာခြင်း ဖြစ်သည်။

မြင်မြင်သမျှ အရာအားလုံးသည် အိမ်မက်ဆန်ကာ ပိုး တဝါး ဖြစ်နေ၏။



ညအချိန် ဖြစ်သောကြောင့် ပို၍ပို၍ အေးစိမ့်လာ၏။

ကမ္ဘာမြေတစ်ခုလုံးမှာ ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်လာလေသည်။

* * *

လကွယ်ည ဖြစ်သဖြင့် လမင်းကြီးသည် ကောင်းကင်ပေါ်တွင် လင်းလက်မနေပါ။

ရှံရွှေတော်ကြယ်ကလေးများသည် အနားယူနေ၏။

သို့ဖြစ်၍ ကမ္ဘာမြေတစ်ခုလုံးအား အမှောင်ထုက ဖုံးလွှမ်းကြီးစိုးနေ၏။

နှင်းမြူများကလည်း အဆက်မပြတ် ကျဆင်းနေ၏။

ဤအချိန်တွင် လမ်းပေါ်၌ ခရီးသွားခရီးလာများ မရှိသလောက် နည်းပါးနေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးမြို့....။

မင်းကြီးမြို့၏ အဝင်ဝတံခါးသို့ ဦးတည်၍ လူတစ်ယောက် နှင့် မြင်းတစ်ကောင်သည် ဖြည်းဖြည်းမှန်မှန် လှမ်းလာနေ၏။

မြင်း၏တစ်ကိုယ်လုံးရှိ အမွေးအမှင်များမှာ မဟူရာရောင် စိုလက်နေ၏။

မြင်းပေါ်မှ လူမှာလည်း အမည်းရောင်အမွေးပွအင်္ကျီရှည် တစ်ထည် ဝတ်ဆင်ထား၏။

ခေါင်းတွင် နားရွက်ထိဖုံးနေသော သိုးမွေးဦးထုပ်ရှည် ဆောင်းထားကာ အပေါ်မှ မြက်ဦးထုပ်တစ်ခု ထပ်ဆောင်းထားလေ သည်။

သူ၏ပိရိသေသပ်သော နှုတ်ခမ်းများအား မြင်တွေ့ရသည် မှအပ မျက်နှာတစ်ခုလုံးအား ပီပြင်စွာ မတွေ့ရပါချေ။

ထိုလူမှာ အသက်(၄၀)ခန့် ရှိပြီဟု ထင်ရလေသည်။

ထိုလူသည် မြင်းကို ခြေလှမ်းမှန်မှန်ဖြင့် မြို့ရိုးတံခါး ရှိရာ သို့ မောင်းနှင်လာလေသည်။

သူသည် အေးစိမ့်မှုဒဏ်ကို မမှုသည့်အလား ရင်ကိုကော့ ၍ မြို့ထဲသို့ လှမ်းဝင်လာလေသည်။

မင်းလမ်းမကြီး၏တစ်နေရာတွင် စားသောက်ဆိုင်တစ်ဆိုင် ရှိ၏။

ထိုစားသောက်ဆိုင်မှာ ကြီးကျယ်လှသည် မဟုတ်သော် လည်း မသေးငယ်လှပါ။



လမ်းမကြီးတွင် ရှိခြင်းက တစ်ကြောင်း၊ အစားအသောက် နှင့် အရက်များက မည့်သောကြောင့် တစ်ကြောင်း၊ ဤဆိုင်သို့ ခရီး သွား ခရီးလာများက ခရီးတစ်ထောက် ဝင်ရောက်နားနေကြ၏။

ဆိုင်ရှင်ဖြစ်သူမှာလည်း သဘောကောင်းဖော်ရွေသော ကြောင့် ခရီးသည်များဖြင့် မပြတ်စည်ကားနေလေသည်။

* * *

ရာသီဥတုမှာ အလွန်ဆိုးရွားနေ၏။

အထူးသဖြင့် ဤမြို့လေးထဲကို ဖြတ်သန်းသူများမှာ ကုန် သည်ပွဲစားများပင် ဖြစ်သည်။

၎င်းတို့သည် ဆက်လက်ခရီးသွားရန် မဖြစ်နိုင်သော ကြောင့်သာ ဤတည်းခိုခန်းတွင် တည်းခို၍ ရာသီဥတု ပြောင်းလဲလာ မည့်အချိန်ကို စောင့်နေကြ၏။

ထိုအချိန်မှာပင် လူတစ်ယောက်သည် တံခါးရှိရာသို့ လျှောက်သွား၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အသက်(၄၀)ခန့် ရှိ၏။

သူသည် ထမင်းစားသောက်ပြီးသည်နှင့် အပြင်ဘက်ထွက်ရန် တံခါးဖွင့်လိုက်၏။

ရုတ်တရက် အေးစိမ့်သော လေသည် တိုက်ခတ်လာသဖြင့် တစ်ကိုယ်လုံး အေးစိမ့်သွားလေသည်။

"အောင်မယ်လေးနော်၊ အေးလိုက်တာ"

သူက ထိုသို့ ညည်းညူ၍ အင်္ကျီစကို လက်ဖြင့် ဆွဲစေ့လိုက်လေသည်။

သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားပြီး တံခါးကို ကပျာကယာ ပြန်ပိတ်လိုက်လေသည်။

ထို့နောက် အနီးရှိ ထိုင်ခုံပေါ်သို့ မောပန်းစွာ ထိုင်ချလိုက်ပြီး...

"ဒီလူ ဘာကြောင့် ဒီကို ရောက်လာတာလဲ"

သူက လွန်စွာ အံ့သြစွာဖြင့် ရေရွတ်လိုက်လေတော့သည်။

* * *



တိတ်ဆိတ်သော ညအချိန်တွင် မင်းလမ်းမကြီးပေါ်မှ ကျောက်တုံးဖြင့် ထိခတ်သော အသံသည် ဂီတသံအလား တခွပ်ခွပ် မြည်ဟိန်းနေ၏။

မြင်းနက်ကြီးသည် ဘုံကျောင်းကြီးတစ်ခု အနီးမှ ဖြတ်ကျော်ပြီးနောက် မြို့ပြင်သွားရာလမ်းသို့ ရောက်ရှိလာလေသည်။

ဘုံကျောင်းထဲ၌ ထိုင်နေသော လူနှစ်ယောက်သည် တစ်ယောက်က...

"ဟာ လှလိုက်တဲ့ မြင်းကြီးကွာ"

နောက်တစ်ယောက်ကလည်း အားကျမခံ...

"မြင်းပေါ်က လူကလဲ တော်တော်ခံ့ညားတယ်"

သူတို့နှစ်ဦးသည် ကြိတ်၍ ချီးကျူးမိလေသည်။

မြင်းနက်ကြီးသည် မြို့ပြင်ဘက်သို့ ရောက်ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြင်းနက်ကြီးသည် မြို့ပြင်သို့ ရောက်လာသည်နှင့် ပြေးနှုန်းကို မြှင့်လိုက်လေသည်။

တခဏအကြာတွင် နှင်းမြူများဖြင့် အုံ့ဆိုင်းနေသော ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှိရာသို့ ရောက်ရှိလာလေသည်။

မြင်းနက်ကြီးသည် ရှည်လျားစွာ တစ်ချက်ဟီပြီး ပတပ်ရပ်လိုက်လေသည်။

ထို့နောက် ငြိမ်သက်စွာ ရပ်တန့်လိုက်သည်။

မြင်းပေါ်မှ လူသည် တစ်စုံတစ်ရာအား စောင့်မျှော်ဟန်ဖြင့် ရှေ့သို့ မျှော်ကြည့်နေ၏။

ညသည် တစ်စတစ်စ နက်လာလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ခြောက်ခြားစရာ ကောင်းလှအောင်ပင် တိတ်ဆိတ်နေ၏။

အဝေးမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်။

* * *



မြင်းနက်ပေါ်မှ လူသည် သဘောကျစွာ ပြုံးလိုက်သည်။

အင်္ကျီအကွင်းမှ ပဝါတစ်ထည်ထုတ်၍ မျက်လုံးအသာ ချန်လှပ်၍ မျက်နှာပေါ်သို့ စည်းနှောင်လိုက်လေသည်။

သူ၏စူးရှသော မျက်လုံးအစုံသည် မြင်းခွာသံ ထွက်ပေါ်ရာသို့သာ စူးစိုက်ကြည့်နေ၏။

မြင်းခွာသံများ တဖြည်းဖြည်း နီးကပ်လာချေပြီ။

မျက်နှာဖုံးနှင့်လူသည် မြင်းဇက်ကြိုးကိုဆွဲရာ မြင်းနက်ကြီးသည် လမ်းပေါ်၌ ကန့်လန့်ဖြတ်၍ ရပ်နေသော အနေအထားသို့ ပြောင်းလဲသွားလေသည်။

မြင်းနှစ်ကောင်သည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာလေသည်။ မြင်းပေါ်မှ လူနှစ်ယောက်သည် လမ်းပေါ်၌ မြင်းတစ် ကောင်ကန့်လန့်ဖြတ် ရပ်နေသည်ကို အဝေးမှပင် လှမ်းမြင်နေရ၏။

သူတို့သည် မြင်းကို အရှိန်လျှော့လိုက်၏။

ထို့နောက် ကန့်လန့်ဖြတ် ရပ်နေသောမြင်းနှင့် ငါးလံခန့်အကွာတွင် ရပ်တန့်လိုက်လေသည်။

မြင်းပေါ်မှ လူနှစ်ယောက်အနက် တစ်ယောက်မှာ ယောကျ်ားပီသချောမောသော လူတစ်ယောက် ဖြစ်၏။

ကျန်တစ်ယောက်မှာမူ နွဲ့နှောင်းလှပသော အမျိုးသမီးတစ်ယောက် ဖြစ်၏။

မြင်းပေါ်မှ လူသည် ကန့်လန့်ဖြတ် မြင်းပေါ်မှ မျက်နှာဖုံးစွပ်နှင့်လူအား တွေ့လိုက်သည်နှင့် ထိတ်ခနဲ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ဒါဘာသဘောလဲဗျ"

သူ၏အသံသည် အေးစက်စွာ ထွက်ပေါ်လာ၏။

မျက်နှာဖုံးစွပ်နှင့်လူက သူတို့နှစ်ယောက်အား စိုက်ကြည့်ကာ ပြုံးလိုက်လေသည်။

မြင်းပေါ်မှ လူသည် မျက်နှာဖုံးစွပ်နှင့်လူအား စိုက်ကြည့်၍

"မိတ်ဆွေ၊ ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်၊ ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

"ဟား..ဟား..ဟား"

မျက်နှာဖုံးစွပ်နှင့်လူက ရယ်မောလိုက်သည်။

"မင်းတို့က ဖိုမဓားမောင်နှံ မဟုတ်လား"

သူ၏အသံမှာ သရော်လှောင်ပြောင်သံ ပါနေ၏။

မြင်းပေါ်က လူက...

"ဟုတ်တယ်၊ ကျုပ်က ရှမ်းလုံပါ၊ သူကတော့ ကျုပ်ရဲ့ဇနီး လျှံကူးပါ"

သူ စကားဆက်လိုက်သည်။

"မိတ်ဆွေ အချိန်မတော် ဒီနေရာမှာ လာစောင့်နေတာ ဘာကိစ္စ ရှိလို့လဲ"

မျက်နှာဖုံးစွပ်နှင့်လူက...

"ဟား..ဟား..ဟား၊ ဖိုမဓားမောင်နှံက ဘယ်ဆိုးလို့လဲ"

သူက ရယ်မောခြင်းကို ရပ်တန့်ကာ ခက်ထန်သော အကြည့်ဖြင့်...



"ကျုပ် ဒီမှာ လာစောင့်နေတာ မင်းတို့ရဲ့ ဦးခေါင်းနှစ်လုံးကို လိုချင်လို့ကွ"

ရှမ်းလုံသည် ထိုစကားကို ကြားလိုက်ရသောအခါ သူက ဒေါသထွက်လွန်း၍ ရယ်မောလိုက်လေ၏။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်သွားလေသည်။

သူ၏ရယ်မောသံကို ကြားရသဖြင့် သူ၏အတွင်းအားမှာ ထိပ်တန်းအဆင့် ရှိသည်ဟု ခန့်မှန်းမိ၏။

မျက်နှာဖုံးစွပ်နှင့်လူက...

"မိတ်ဆွေ ဘာကြောင့် ရယ်ရတာလဲ"

ရှမ်းလုံက ရယ်မောရာမှ ရပ်တန့်လိုက်လေသည်။

တစ်ချိန်လုံး ငြိမ်သက်နေသော လျှံကူးက သူ့အား စိုက်ကြည့်လိုက်၏။

"ကျွန်မတို့ရဲ့ခေါင်းမရဘဲ ရှင်းရဲ့ခေါင်းနဲ့ ခန္ဓာကိုယ်သာ တခြားစီ ဖြစ်သွားနိုင်တယ်ဆိုတာလဲ သတိထားပါဦးလေ"

သူမ၏စကားသံ ဆုံးသွားသည်နှင့် မျက်နှာဖုံးစွပ်နှင့်လူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

ဖိုမဓားမောင်နှံကလည်း တပြိုင်နက် ခုန်ဆင်းလိုက်ကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖိုမဓားမောင်နှံသည် ဟွမ်ဟိုမြစ်ဝှမ်းဒေသတွင် ကျော်ကြားသော သိုင်းသမားများ ဖြစ်ကြ၏။

သူတို့သည် ဖိုမဓားမောင်နှံ အမည်ဖြင့် အာမခံဌာနကို တည်ထောင်၏။

ဖိုမဓားမောင်နှံ အာမခံဌာနသည် မြစ်ဝါမြစ်ဝှမ်းတွင် လွန်စွာ ကျော်ကြား၏။

သူတို့ထံသို့ ကုန်သည်ပွဲစားသာမက အရာရှိ အရာခံများကပါ ငွေကြေးဥစ္စာ၊ တန်ဖိုးရှိသော ပစ္စည်းနှင့် လျှို့ဝှက်စကားကို ယုံယုံကြည်ကြည်အပ်နှံကြ၏။

ဖိုမဓားမောင်နှံသည် ပစ္စည်းအပ်သူများပေးသော တာဝန်ကို အခကြေးငွေယူ၍ လိုရာနယ်ပယ်ဒေသသို့ အောင်မြင်စွာ အရောက်ပေးပို့နိုင်ခဲ့၏။

ထိုသို့ ပို့ဆောင်ရာ၌လည်း ယခုကဲ့သို့ လမ်းဓားပြများနှင့် တွေ့ဆုံရင်ဆိုင်ခဲ့ရဖူးသော်လည်း သူတို့ မဆန်းငဲတော့ပါ။

အထူးသဖြင့် သူတို့သည် ဖိုမဓားမောင်နှံ အာမခံဌာနကို ဆယ်နှစ်အတွင်း အောင်မြင်စွာ ထူထောင်နိုင်ခဲ့သောကြောင့် အတွေ့အကြုံမှာလည်း များစွာ ရင့်ကျက်ခဲ့ပြီး ဖြစ်၏။

* * *



ဖိုမဓားမောင်နှံနှင့် မျက်နှာဖုံးစွပ် လူတို့သည် တွိဂံပုံ အနေအထားဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေ၏။

၎င်းတို့ မြင်းသုံးကောင်မှာလည်း သခင်များ၏အလိုကို သိထားသဖြင့် ခပ်လှမ်းလှမ်းတွင် သွားရောက်ရပ်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားလေသည်။

ရုတ်တရက်...

"ယား"

မျက်နှာဖုံးစွပ်နှင့်လူက ညာသံတစ်ချက်ပေးကာ ရှမ်းလုံအား ဝင်ရောက်တိုက်ခတ်လိုက်လေတော့သည်။

ရှမ်းလုံကလည်း တစ်ဖက်လူ၏ တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းလိုက်၏။

ထို့နောက် လျှံကူးနှင့် ရှမ်းလုံသည် လက်တစ်ချက် လှုပ်ရှားလိုက်ရာ သူတို့ထဲတွင် လွန်စွာ ကျော်ကြားလှသော 'ဖိုမ'ဓားတစ်လက်စီ ပါလာလေသည်။

မှောင်မည်းတိတ်ဆိတ်သော ပတ်ဝန်းကျင်တစ်ခွင်တွင် ဖိုမဓား၏ ပြာလဲ့လဲ့အရောင်တို့က တောက်ပစွာ ထွက်ပေါ်လာလေသည်။ ထိုဖိုမဓားနှစ်လက်ကို တွေ့လိုက်ရသည်နှင့် မျက်နှာဖုံးစွပ်နှင့်လူ၏ မျက်လုံးအစုံသည် စူးရှတောက်ပလာလေသည်။

"ကောင်းလိုက်တဲ့ ဓားတွေ"

သူက လွှတ်ခနဲ ချီးကျူးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုမဓားမောင်နှံသည် မျက်နှာဖုံးစွပ်နှင့်လူအား ဝဲယာ တစ်ချက်တစ်ဘက်ဆီမှနေ၍ တိုက်ခိုက်လိုက်လေ၏။

ညသည် ပို၍ပို၍ နက်လာသည်။

မြောက်လေကလည်း အဆက်မပြတ် တိုက်ခတ်နေ၏။

နှင်းမြူများကလည်း တဖွဲဖွဲကျမြဲကျနေ၏။

မြင်းသုံးကောင်မှာလည်း အေးစိမ့်လွန်း၍ တုန်ယင်နေ၏။

ဖိုမဓားမောင်နှံနှင့် မျက်နှာဖုံးစွပ် လူတို့၏ တိုက်ပွဲသည် ပို၍ပို၍ ပြင်းထန်လာ၏။

တိုက်ပွဲမှာ နှစ်ယောက် တစ်ယောက် ဖြစ်နေသော်လည်း ဖိုမဓားမောင်နှံမှာ တဖြည်းဖြည်း အရေးနိမ့်လာ၏။

သို့သော်လည်း မျက်နှာဖုံးစွပ်နှင့်လူက ပြတ်ပြတ်သားသား အနိုင်မယူသေးပါချေ။ ထို့ကြောင့် သူက အလွန်ဒေါသထွက်လာ၏။

ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြန်၏။

ဖိုမဓားမောင်နှံကလည်း ခုခံချေဖျက်နိုင်ခဲ့၏။

မျက်နှာဖုံးစွပ်နှင့်လူသည် ဖိုမဓားမောင်နှံ၏ သိုင်းပညာ ထက်မြက်ပုံကို ကြိတ်၍ ချီးကျူးမိလေသည်။

သူသည် လျှို့ဝှက်သိုင်းကွက်ကို မထုတ်သုံးဘဲ ထိုဖိုမဓား မောင်နှံအား အနိုင်မရနိုင်မှန်း နားလည်လာလေတော့သည်။

ထို့ကြောင့် သူက သိုင်းကွက်ကို ပြောင်းလဲလိုက်လေတော့သည်။

* * *



ဖိုမဓားမောင်နှံသည် မျက်နှာဖုံးစွပ်နှင့်လူက သိုင်းကွက် ပြောင်းလဲလိုက်သည်ကို တွေ့ရသဖြင့် အထူးသတိထား၍ ကြည့်နေ၏။

ထိုလူ ပြောင်းလဲလိုက်သော သိုင်းကွက်မှာ ဂူတန်ဓားသိုင်း ဖြင့် အစပျိုးကာ ခုန်ဟုန်ဓားသိုင်းသို့ ပြောင်းလဲလိုက်၏။

သို့သော် ထိုသိုင်းကွက်များနှင့် အစမျိုးပုံ တူသော်လည်း အဆုံးသတ်မှာ ပြောင်းလဲနေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေ သည်။

ဖိုမဓားမောင်နှံက အံ့သြစွာ ကြည့်နေစဉ်မှာပင် မျက်နှာဖုံး စွပ်နှင့်လူက...

"ယား"

ဟု သံရှည်ဆွဲအော်ကာ လေထဲကို ခုန်တက်လိုက်၏။

ထို့နောက် လက်ထဲမှ ဓားကို အဝေးသို့ လွှင့်ပစ်လိုက်လေ သည်။

တဆက်တည်းမှာပင် အံ့သြမှင်တက်စွာ ကြည့်နေသော ဖိုမ ဓားမောင်နှံထံသို့ ဝဲမျက်ကာ လျှံကူး၏ငယ်ထိပ်ပေါ်သို့ လက်ဝါးစောင်း ရှစ်ချက်ဖြင့် စုံခုတ်ချလိုက်လေသည်။

ဖိုမဓားမောင်နှံသည် ထိုသိုင်းကွက်အား တွေ့မြင်လိုက်ရ သောအခါ အံ့သြထိတ်လန့်သွားလေ၏။

လွှတ်ခနဲ အာသံပြိုင်ကူ ထွက်ပေါ်လာလေသည်။

"ဟင် ခင်ဗျားကို း"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကိုး"

လှျံကူးသည် ဓားကို အောက်မှ အပေါ်သို့ လွှဲခုတ်ကာ ခန္ဓာကိုယ်ကို ဘေးသို့ ရှောင်တိမ်းလိုက်လေသည်။

ရုတ်တရက် ထိုလူ၏သိုင်းကွက် ပြောင်းလဲသွားလေသည်။

သူ၏ညာဘက် ခြေထောက်သည် ရှမ်းလုံ၏ရင်ဝသို့ ပြင်းထန်စွာ ကန်ချလိုက်လေသည်။

အမှန်တော့ သူ၏လက်နှစ်ဖက်မှာ ဟန်ပြမျှသာ ဖြစ်ပြီး သူ၏ခြေထောက်တွင်သာ အားအင်အပြည့် ထည့်ထားခြင်း ဖြစ်၏။

သူ၏ညာဘက်ခြေထောက်သည် ရှမ်းလုံ၏ရင်ဝသို့ ပြင်းထန်စွာ ကန်ချလိုက်လေသည်။

ရှမ်းလုံသည် မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်း မရှိပါ။

"အွန့်"

သူသည် ယင်းသို့ တစ်ချက်သာ အော်နိုင်ပြီး မြေပြင်ပေါ် ပက်လက်လန်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

* * *

လှျံကူးသည် ရှမ်းလုံအား ပြေး၍ ပွေ့ထူလိုက်လေသည်။

"အစ်ကို..အစ်ကိုရယ်"

သူမသည် မျက်ရည်များ တသွင်သွင် စီးကျလာလေတော့သည်။



သူမသည် ရုတ်တရက် ထရပ်လိုက်၏။

မျက်ရည်များကြားမှ သူမ၏မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်မတတ် နီရဲကာ မျက်နှာဖုံးစွပ်နှင့်လူအား စိုက်ကြည့်လိုက်လေသည်။

"ရှင်သိပ်ရက်စက်တာပဲ၊ ကျွန်မတို့မှာ ဘာအပြစ်များ ရှိလို့လဲ၊ ရှင်နဲ့ ဘာရန်ငြိုးရှိလို့ ဒီလောက် ရက်စက်ရတာလဲဟင်"

သူမသည် ပြောရင်းပြောရင်း ဒေါသကို မထိန်းနိုင်တော့ဘဲ ဓားဖြင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

မျက်နှာဖုံးစွပ်နှင့်လူက အသာအယာ ရှောင်တိမ်းလိုက်လေ၏။

သူက ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး...

"မင်းက ,လှသလောက် ဒေါသကြီးလှချည်လားဗျ၊ မင်းတို့နှစ်ယောက်တောင် ကျုပ်က မမှုတာ၊ မင်းတစ်ယောက်တည်းက တော့.."

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ကာ လှျံကူးအား လက်နှစ်ဖက်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သူတို့သည် သိုင်းကွက်ဆယ်ကွက် ကျော်လာခဲ့လေတော့သည်။

လှျံကူး အသုံးပြုနေသော သိုင်းကွက်မှာ ကိုယ့်အတွက် မချန်ဘဲ ရန်သူကိုသာ အသေသတ်သော သိုင်းကွက် ဖြစ်လေသည်။

ယခု သူမသည် သိုင်းကွက်ဆယ်ကွက် ကျော်လာသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်သူအား အင်္ကျီစပင် မထိသည့်အတွက် မောဟိုက်လာလေသည်။

သူမသည် တိုက်ခိုက်နေရင်း တစ်ဖက်လူ ဟာကွက်ကို တွေ့လိုက်ရလေသည်။

မျက်နှာဖုံးစွပ်နှင့်လူသည် ခြေကို ကားကာ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်လိုက်သည်။

လျှံကူးသည် ထိုလူအား သတ်ချင်စိတ် ကြီးမားနေသောကြောင့် ရန်သူဆင်ထားသော ထောင်ချောက်အား သတိမပြုဘဲ တည့်တည့်မတ်မတ် တိုးဝင်သွားလေသည်။

သူမ၏လက်သည် ဓားဖြင့် မျက်နှာဖုံးစွပ်နှင့်လူ၏ ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်နှင့်လူက အသက်ပြင်းစွာ ရှူ၍ ဝမ်းဗိုက်ကို ရှပ်လိုက်လေသည်။

လျှံကူး၏ဓားသည် ဝမ်းဗိုက်နှင့် နှစ်လက်မခန့် အကွာတွင်သာ ရပ်သွားလေသည်။

သူမသည် မှားယွင်းသွားမှန်း သိသော်လည်း နောက်ကျသွားချေပြီ။

ထိုလူ၏လက်ဝါးစောင်းနှစ်ခုသည် သူမ၏ပခုံးပေါ်သို့ ပြင်းထန်သွာ ခုတ်ချလိုက်လေသည်။

လျှံကူးသည် အသံပင် မထွက်တော့ဘဲ မြေပေါ်သို့ လဲကျသေဆုံးသွားလေသည်။



ထိုလူသည် မျက်နှာပြင်ပေါ်မှ ပဝါကို ဖြုတ်ချလိုက်လေသည်။

ထို့နောက် ကိုယ်ပေါ်မှ နှင်းများကို ခါချလိုက်လေသည်။

မြင်းနက်ကြီးသည် သခင်ရှိရာသို့ ပြန်လည်လျှောက်လာလေသည်။

ဖိုမဓားမောင်နှံ မြင်းနှစ်ကောင်မှာမူ သခင်များ ပြန်မလာတော့မည်ကို သိနေသည့်အလား တစ်ချက်ဟီလိုက်ပြီး လာရာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေတော့သည်။

ထိုလူသည် ဖိုမဓားနှစ်လက်ကို ကောက်ယူကာ အင်္ကျီအတွင်းအိတ်ထဲသို့ သေချာစွာ ထည့်သိမ်းလိုက်လေသည်။

ထို့နောက် အလောင်းနှစ်လောင်းကို စိုက်ကြည့်ပြီး တိုးတိုးလေး ရေရွတ်လိုက်လေသည်။

"ခွင့်လွှတ်ပါ"

သူသည် ပတ်ဝန်းကျင်အား တစ်ချက် မျက်လုံးဝေ့၍ အကဲခတ်ကြည့်ရှုလိုက်၏။

ထို့နောက် မြင်းနက်ကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ ခပ်လှမ်းလှမ်းရှိ ချုံပုတ်တစ်ခုထဲ[မှ] ခေါင်းတစ်လုံး ပြူးထွက်လာလေသည်။

ထိုလူသည် အလောင်းနှစ်လောင်း ရှိရာသို့ လျှောက်သွား[း] ပြီး သေချာစိုက်ကြည့်လိုက်သည်။

"ဟင် ဒါဖိုမဆားမောင်နံ့ပဲ၊ တော်တော်ယုတ်မာတဲ့လူ၊ [ဒ] ဒီအကြောင်းကို ဘယ်သူ့ကို သွားပြောရမလဲ"

သူသည် ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ သူ့ကိစ္စထဲ ငါဝင်ပါလို့ မဖြစ်ဘူး၊ ငါ့မိသားစု[ရဲ့] အသက်အန္တရာယ် ရှိသေးတယ်"

သူသည် ဖိုမဆားမောင်နံ့အား ခွင့်လွှတ်စေလိုသော [အ]ကြည့်ဖြင့် ကြည့်ကာ...

"ခွင့်လွှတ်ပါ၊ ကျုပ် တစ်ချိန်ချိန်မှာ ဒီလူရဲ့ ယုတ်မာမှုတွေ[ကို] ကို ခင်ဗျားတို့အတွက် ဖော်ထုတ်ပေးပါ့မယ်"

ဟု ပြောပြီး ထိုနေရာမှ လှမ်းထွက်သွားလေတော့၏။

* * *



## ပြဿနာ

ဖိုမဆားမောင်နံ့ လုပ်ကြံခံရသည့် သတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ဂယက်ရိုက်သွားလေတော့သည်။

သူတို့၏ ဖိုမဆားနှစ်လက်စလုံးမှာလည်း ပျောက်ချင်းမလှ ပျောက်သွား၏။

ဖိုမဆားမောင်နံ့ကို သတ်သူမှာ မည်သူမည်ဝါ ဖြစ်သည်ကို မည်သူကမျှ မသိပါချေ။

အတူးသဖြင့် ဟွမ်ဟိုမြစ်ဝှမ်းတွင် ကျော်ကြားလှသော အာမခံဌာနမှ ပုဂ္ဂိုလ်များသည် အနည်းငယ် စိုးရိမ်လာ၏။

အကြောင်းမှာ မျက်နှာဖုံးစွပ်နှင့်လူတစ်ယောက်သည် အာမခံဌာနများအား ရန်ရှာလာသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

အာမခံဌာနများသည် တစ်ဦးနှင့်တစ်ဦး စည်းလုံးမှု မရှိကြသဖြင့် ဖိုမဓားမောင်နှံ လုပ်ကြံခံရပြီး ခြောက်လအတွင်းမှာပင် အာမခံဌာန ဆယ့်ငါးခုမှ ခေါင်းဆောင်များ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြလေသည်။

သူတို့၏ဌာနများမှာလည်း ပျက်စီးသွားရလေသည်။

သို့တိုင်အောင် မျက်နှာဖုံးစွပ်နှင့်လူ မည်သူ ဖြစ်သည်ကို ဖော်ထုတ်၍ မရပါ။

ခြောက်လခန့် အကြာတွင် ဟွမ်ဟိုမြစ်တဝှမ်း၌ အာမခံဌာန နှစ်ခုသာ ကျန်တော့သည်။

အာမခံဌာနတစ်ခုမှာ နဂါးကြိုးဝူး၏ နဂါးအာမခံဌာန ဖြစ်၏။

ကျန်တစ်ခုမှာ မိုးကြိုးလက်ဝါး ကျူးစုရီ၏ ငွေကြယ်အာမခံဌာနပင် ဖြစ်လေ၏။

* * *



## နဂါးကြိုးဝူး

နဂါးကြိုးဝူးသည် အသက်ငါးဆယ်ခန့် ရှိပြီး ကိုယ်ခန္ဓာထွားကျိုင်း၏။

သူသည် သိုင်းလောကတွင် ကြိုးဝူးအမည်ဖြင့် ကျော်ကြားသော ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်၏။

သူ့တွင် အသက်ရှစ်နှစ်ခန့် အရွယ်ရှိသော စုစုအမည်ရှိ သမီးတစ်ယောက် ရှိလေသည်။

နဂါးကြိုးဝူးဟူသည် မျက်နှာဖုံးစွပ်နှင့်လူအား လုံးဝ မကြောက်ပေ။

မကြောက်သည့်အပြင် သူ၏မိတ်ဆွေ အာမခံဌာနများအတွက် ထိုလူအား လိုက်ရှာပြီး လက်စားချေမည်ဟုပင် ကြုံးဝါးထားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## မိုးကြိုးလက်ဝါးကျူးစုရိ

မိုးကြိုးလက်ဝါး ကျူးစုရိသည် အသက်လေးဆယ်ခန့် ရှိပြီး ကြံ့ခိုင်သန်မာမှုရှိ၏။

သူသည် မည်သည့် လက်နက်ကိုမျှ မကိုင်ဆောင်ပါ။

သူသည် အခြားသူနှင့် ယှဉ်ပြိုင်သည့်အခါ ဘယ်တော့မှ အနိုင်မယူခဲ့ပေ။

သူမရှုံး၊ ကိုယ်မနိုင် အခြေအနေနှင့်ပင် အဆုံးသတ်ခဲ့သည် ချည်းဖြစ်၏။

ထို့ကြောင့် သူ၏သိုင်းပညာအဆင့် မည်မျှ ရှိသည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ အတိအကျ မသိပါ။

သူ့အား သိုင်းလောကတစ်ခုလုံးက စိတ်သဘောထားပြည့်ဝသူ၊ ခွင့်လွှတ်တတ်သူဟူ၍ ချီးကျူးလေးစားကြလေသည်။



မည်သူမျှ အထင်မကြီးသော နဂါးကြိုးဝူးပင် သူနှင့်ပတ်သက်၍ စကားစပ်မိသောအခါ...

"ဒီလိုလူမျိုးတော့ ရှားတယ်ကွာ"

ဟူ၍ လက်မထောင်ကာ ချီးကျူးတတ်လေသည်။

မိုးကြိုးလက်ဝါး ကျူးစုရိသည် ပျက်စီးသွားသော အာမခံဌာန ခေါင်းဆောင်များ၏ သားသမီးများကို ခေါ်ယူစောင့်ရှောက် ကျွေးမွေးထားလေသည်။

ထို့ကြောင့် သိုင်းလောကသားများသည် မိုးကြိုးလက်ဝါး ကျူးစုရိအား ပို၍ပို၍ အထင်ကြီးလေးစားကြည်ညိုလာကြလေသည်။

သို့သော်...

သူက ဘဝင်မြင့်သွားခြင်း မရှိပါ။

ထိုတစ်နှစ်တာ ကာလအတွင်းတွင် သူသည် ကျန်းမာရေး ချို့တဲ့နေသောကြောင့် အပြင်သို့ သိပ်မထွက်ဖြစ်ချေ။

မျက်နှာဖုံးစွပ်နှင့်လူ အကြောင်းကို အခြားသူများ လာရောက်ပြောဆိုကြသောအခါတွင်လည်း သူက ပြုံး၍နေ၏။

အချို့လူများက အားမလိုအားမရ ဖြစ်ကာ မေးမြန်းသော အခါမှ သူက...

"ဒီလိုလူမျိုး လောကပေါ်မှာ မနေသင့်တော့ဘူးဗျ"

ဟု တစ်ခွန်းသာ ပြန်ပြောခဲ့လေသည်။

ထို့ကြောင့် သိုင်းလောကသားများသည် မိုးကြိုးလက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုရီသည် မျက်နှာဖုံးစွပ်နှင့်လူအား သုတ်သင်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။

* * *

ဆောင်းရာသီ ကုန်ဆုံးလာချေပြီ။

သာယာလှပသော နွေဦး၏ရောင်ခြည်သည် ပြန်လည်ရောက်ရှိလာ၏။

ပေကျင်းမြို့တော်တွင် ခါတိုင်းကဲ့သို့ ပြန်လည်စည်ကားလာလေသည်။

ရောင်းဝယ်ဖောက်ကားသော ဆိုင်များ၊ ဈေးများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများဖြင့် အထူးစည်ကားလာလေသည်။

သာယာလှသော နွေဦး၏ နံနက်ခင်းအချိန်၊ မြို့တော်၏ နာမည်အကြီးဆုံး ဖြစ်သော စားသောက်ဆိုင်ထဲသို့ လူနှစ်ယောက် လှမ်းဝင်လာလေတော့သည်။

ဆိုင်ထဲတွင် ရှိနေသော လူများသည် ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်သည်နှင့် ရိုသေစွာ နှုတ်ဆက်ကြလေသည်။

တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး သန်မာထွားကျိုင်းသောလူ ဖြစ်၏။

အခြားတစ်ယောက်မှာ အသက်လေးဆယ်ကျော်ခန့် ရှိပြီး



ဥပဓိရုပ်ကောင်းမွန်၏။

စားသောက်ဆိုင်မှ နှုတ်ဆက်ကြသူများမှာ ထိုအသက်လေးဆယ်ကျော်ခန့် လူအား ကြည်ညိုလေးစားသဖြင့် နှုတ်ဆက်ကြခြင်း ဖြစ်၏။

အသက်ငါးဆယ်ကျော်ခန့် ရှိသူမှာ နဂါးကြိုးဂူး ဖြစ်၍ ကျန်တစ်ယောက်မှာ သိုင်းလောကမှ ရိုသေလေးစားသော မိုးကြိုးလက်ဝါး ကျူးစုရီပင် ဖြစ်လေသည်။

သူတို့သည် ပြတင်းပေါက်နှင့် ကပ်လျက် စားပွဲတွင် ထိုင်ချလိုက်လေသည်။

ကြိုးဂူးသည် ပြတင်းပေါက် အပြင်ဘက်ကို ကြည့်ကာ ပြုံးကာ…

"ပေကျင်းမြို့တော်က တကယ့်ကို စည်ကားလှပါတယ်"

မိုးကြိုးလက်ဝါး ကျူးစုရီက ပြုံး၍…

"နေပြည်တော်ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ဗျာ၊ တော်ကြာကြရင် နေရာအနှံ့ လိုက်ပို့ပါ့မယ်"

သူတို့သည် စားရင်းသောက်ရင်း ဆွေးနွေးကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီးဂူးသည် ပေကျင်းမြို့တော်သို့ ရောက်လာရခြင်းမှာ မျက်နှာဖုံးစွပ်နှင့်လူသည် ပေကျင်းမြို့သို့ ရောက်ရှိနေသည်ဟု သတင်းရသဖြင့် မိုးကြိုးလက်ဝါး ကျူးစုရီနှင့် တိုင်ပင်ဆွေးနွေးရန် ရောက်ရှိလာခြင်း ဖြစ်သည်။

မိုးကြိုးလက်ဝါး ကျူးစုရီသည် မြို့ခံအိမ်ရှင် ဖြစ်သောကြောင့် နဂါးကြီးဂူးအား ပေကျင်းမြို့၏ ကျော်ကြားသော နေရာများကို လိုက်လံပို့ဆောင်နေခြင်း ဖြစ်လေသည်။

နဂါးကြီးဝါးသည် ပေကျင်းမြို့သို့ ရောက်ရှိနေသည်မှာ သုံးရက် ရှိနေပြီ ဖြစ်၏။

* * *

ထိုနေ့ည…

တိတ်ဆိတ်ငြိမ်သက်နေ၏။

နဂါးကြီးဂူးသည် ဧည့်ကြယ်အာမခံဌာန၏ သီးသန့်အခန်းတစ်ခုထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။

သူသည် တိုးလှသော အသံတစ်ခုကို ကြားလိုက်သဖြင့် ရုတ်တရက် နိုးလာပြီး ထထိုင်လိုက်လေသည်။

သူ၏အခန်း ပြတင်းပေါက်တံခါး အပြင်ဘက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် အနှစ်နှစ် အလလက လေ့ကျင့်ခဲ့သော အဘ



ဉာဏ်ကြောင့် အဝတ်အစားများ လျင်မြန်စွာ ဝတ်ဆင်၍ ဓားကိုဆွဲကာ ထိုလူရှိပ် ရှိရာသို့ ပြေးလွှားသွားလေသည်။

ထိုလူရိပ်မှာ ခေါင်မိုးပေါ်မှ ခုန်တက်သွားလေသည်။

နဂါးကြီးဂူးသည် ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် ပြတင်းပေါက်မှ ထွက်ကာ ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် ပတ်ဝန်းကျင်အား ဝေ့ဝဲရှာဖွေလိုက်လေတော့သည်။

ထိုလူရိပ်သည် သူ့ရှေ့ ကိုက်တစ်ရာကျော်အကွာမှ ပြေးလွှားသွားသည်ကို တွေ့လိုက်ရလေသည်။

သူသည် တွေဝေခြင်းမရှိဘဲ ထိုလူရိပ်နောက်သို့ ပြေးလိုက်သွားလေသည်။

ထိုလူရိပ်သည် မိုးကြိုးလက်ဝါး ကျူးစုရီ ဂေဟာ၏ အနောက်ဘက်သို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

နဂါးကြီးဂူးသည် လွန်စွာ ဒေါသထွက်လာလေသည်။

"တောက် တော်တော်ပေါ့လျော့တယ်"

သူသည် မိုးကြိုးလက်ဝါး ကျူးစုရီအား အပြစ်တင်လိုက်ကာ နောက်မှ လိုက်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အယောင်ဆောင်

နောက်တစ်နေ့ နံနက်...

ပေကျင်းမြို့တော် တစ်ခုလုံးသာမက သိုင်းလောကတစ်ခုလုံးကိုပါ ပယက်ရိုက်သွားစေမည့် သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။

အကြောင်းမှာ နဂါးကြိုးဝှူးသည် မြို့တော်၏အပြင်ဘက်ရှိ တောအုပ်တစ်ခုအတွင်း သေဆုံးနေသောကြောင့် ဖြစ်သည်။

မိုးကြိုးလက်ဝါး ကျူးစုရှီသည် ထိုသတင်းကို ကြားကြားချင်း လိုက်သွားလေသည်။

မိုးကြိုးလက်ဝါး ကျူးစုရှီသည် နဂါးကြိုးဝှူး သေဆုံးနေသော တောအုပ်အတွင်းသို့ ရောက်ရှိလာလေတော့သည်။

နဂါးကြိုးဝှူး အလောင်းနှင့် တစ်လံအကွာတွင် လူတစ်ယောက် မှောက်လျက်လဲကျနေသည်ကို တွေ့လိုက်ရလေသည်။



မိုးကြိုးလက်ဝါး ကျူးစုရှီသည် ကြိုးဝှူး အလောင်းအား စစ်ဆေးကြည့်လိုက်ရာ ရန်သူ၏လက်ဝါးရိုက်ချက်ကြောင့် ဖြစ်သည်ကို စစ်ဆေးတွေ့ရှိလေသည်။

ထို့နောက် မှောက်လျက် လဲကျနေသော လူအား စစ်ဆေးကြည့်ရာ ထိုလူ၏ရင်ဝတွင် ဓားတစ်ချောင်း စိုက်ဝင်နေပြီး မျက်နှာတစ်ခုလုံးမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

အာမခံဌာနများကို လိုက်လံဖျက်ဆီးနေသော မျက်နှာဖုံးစွပ်နှင့် လူသတ်သမား သေဆုံးသွားသော်လည်း သိုင်းလောကသားတိုင်း၏ရင်ထဲတွင်...

"သူက ဘယ်သူလဲ"

"ဘာကြောင့် အာမခံဌာနတွေကို လိုက်ပြီး ဖျက်ဆီးနေရတာလဲ"

စသည့် မေးခွန်းများ ထင်ကျန်နေလေသည်။

နဂါးကြိုးဝှူး၏ဈာပနကို မိုးကြိုးလက်ဝါး ကျူးစုရှီက ဦးဆောင်၍ သိုင်းလောကသားများစုကာ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုလ်ပွဲ ပြုလုပ်လေသည်။

ကြိုးဝှူး၏သမီးလေး စုစုကိုလည်း မိုးကြိုးလက်ဝါး ကျူးစုရှီကိုယ်တိုင်က ခေါ်ယူမွေးစားထားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီးဝူး သေဆုံးသွားသည်နှင့် သူ၏နဂါးအာမခံဌာနမှာ လည်း ဖြိုကွဲပျက်စီးသွားလေသည်။

ထို့ကြောင့် ဟွမ်ဟိုမြစ်ဝှမ်းကွင် မိုးကြိုးလက်ဝါး ကျူးစုရီ၏ ငွေကြယ်အာမခံဌာနသည် သိုင်းလောကတစ်ခုလုံးတွင် လျှမ်းလျှမ်း တောက်ကျော်ကြားလာလေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာလေသည်။

နွေ၊ မိုး၊ ဆောင်းတို့က အထပ်ထပ် ပြောင်းလဲခဲ့သည်မှာ ရှစ်ကြိမ်ပင် ရှိခဲ့ချေပြီ။

လွန်ခဲ့သော ရှစ်နှစ်ခန့်က အကြောင်းအရာများသည် လူတို့ ၏ဦးခေါင်းထဲမှ တဖြည်းဖြည်း လွင့်ပါးသွားချေပြီ။

တစ်ချိန်က အာမခံဌာနများကို လိုက်လံဖျက်ဆီးနေသော မျက်နှာဖုံးစွပ်နှင့်လူအား သုတ်သင်ပေးခဲ့သော နဂါးကြီးဝူးကိုလည်း မည်သူကမျှ တသသ ဖြစ်မနေကြပါချေ။

သို့သော်...

မိုးကြိုးလက်ဝါး ကျူးစုရီ၏အမည်မှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားလာလေသည်။

သူ၏အာမခံဌာနမှာလည်း တစ်နေ့တခြား ကြီးပွားလာလေ သည်။

မိုးကြိုးလက်ဝါးအာမခံဌာနသည် ဟွမ်ဟိုမြစ်ဝှမ်းသို့ သာ မက တောင်တန်းနယ်ခြားများသို့ပင် အာမခံဌာနခွဲများကို တိုးချဲ့ ထားရလေသည်။



မိုးကြိုးလက်ဝါး ကျူးစုရီသည် ယခုအခါ၌ ကိုယ်တိုင် ခရီး ထွက်ရန် မလိုတော့ပါ။

သူသည် လိုအပ်သည်များကို စီစဉ်ညွှန်ကြားသော အလုပ် ကိုသာ လုပ်ကိုင်တော့၏။

သူသည် ကျွေးမွေးပြုစုထားရသော အာမခံဌာနများ၏ သားသမီးများကို နေ့စဉ်နေ့တိုင်း သိုင်းပညာသင်ပေးခြင်း၊ စာပေ ကျမ်းဂန်များ သင်ပေးခြင်းတို့ကိုသာ ကစိုက်မတ်မတ်ပြုနေ၏။

* * *

နံနက်...

အာရုဏ်ဦးအချိန် ဖြစ်သည်။

နေလုံးကြီး မထွက်မီ အာရုဏ်ဦး၏ ရောင်ခြည်သည် အလွန်လှပစွာ ကမ္ဘာမြေပေါ်သို့ ဖြာယှက်ကျရောက်နေ၏။

မိုးကြိုးလက်ဝါး ကျူးစုရီ၏ လေ့ကျင့်သော ကွင်းထဲတွင် အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ယောက်သည် သိုင်းပညာ လေ့ကျင့်နေလေသည်။

သူသည် ခန္ဓာကိုယ်ထွားကျိုင်းလှသည် မဟုတ်သော်လည်း အရိုးအဆစ် ပြေပြစ်ကာ ရုပ်ရည်မှာ ချောမောလှပလေသည်။

ထိုသိုင်းကွက်မှာ ကျန်းမာရေးအတွက် လေ့ကျင့်သော ကစားနည်းတစ်မျိုး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်နိုင်သော သိုင်းပညာရပ် မဟုတ်ပါ။

လူငယ်သည် သူကစားနေသော သိုင်းကွက်ကိုသာ တစ်ကွက်ပြီးတစ်ကွက် အာရုံစူးစိုက်စွာ လေ့ကျင့်နေ၏။

သူသည် မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးများ စိုရွှဲနေသည်ကို ကြည့်ခြင်းဖြင့် အတွင်းအားအခြေခံ လုံးဝ မရှိမှန်း သိသာ၏။

သူသည် သိုင်းကွက် နှစ်ဆယ့်လေးကွက် လေ့ကျင့်ပြီးနောက် အသက်ကို အားရပါးရ ရှူကာ လေ့ကျင့်ခြင်းကို ရပ်လိုက်လေသည်။

ထို့နောက် ခြံဝင်းရှိရာသို့ ပုံမှန်လျှောက်သွား၏။

အမှန်တော့ သူသည် ဖိုမခါးမောင်နှံ၏ သားဖြစ်သူ ရှမ်းကျင်းပင် ဖြစ်ပေသည်။

သူသည် မိဘနှစ်ပါး သေဆုံးပြီးနောက် ကျူးစုရီက ခေါ်ယူစောင့်ရှောက်သဖြင့် ဤနေရာသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

သို့သော်...

သူသည် သိုင်းပညာကို ကြိုးစားပမ်းစားသင်ယူသော်လည်း သိုင်းပညာ လုံးဝ မတတ်သေးပါချေ။

သူသည် ကိုယ့်ကိုယ်ကို အပြစ်တင်မိ၏။

အကြောင်းမှာ သူသည် မိုးကြိုးလက်ဝါး ကျူးစုရီ၏သမီး စုစုကို လွန်စွာ ချစ်မြတ်နိုးသောကြောင့်ပင် ဖြစ်၏။



သို့သော် သူသည် သူမအား အဆင့်အတန်း မတူသောကြောင့် ဖွင့်မပြောဘဲ ချစ်ခြင်းမေတ္တာကို ရင်ထဲ၌သာ သိုဝှက်သိမ်းဆည်းထားခဲ့လေသည်။

ထိုစဉ် သူ၏နောက်သို့ ခဲတစ်လုံး လာရောက်ထိမှန်လေသည်။

သူက ထိုမိန်းကလေးအား တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားသည်။

သို့သော်...

အေးတိအေးစက် လေသံဖြင့်...

"မင်း ဘာဖြစ်လို့ ငါ့ကို ခဲနဲ့ ပေါက်ရတာလဲ"

မိန်းကလေးက...

"ရှင်က သိုင်းပညာသင်နေတာပဲ၊ ဘာကြောင့် ရှင့်ကို ခဲနဲ့ ပေါက်တာကိုတောင် မသိရတာလဲ"

ထိုမိန်းကလေးသည် ကျူးစုရီ၏မွေးစားသမီး စုစုပင် ဖြစ်သည်။

သူမသည် အသက်ဆယ့်ခြောက်နှစ်အရွယ် ရှိပြီး ရုပ်ရည်ချောမောလှပလေသည်။

သူမ ပြုံးရယ်လိုက်တိုင်း ပါးချိုင့်ကလေးနှစ်ဖက် ပေါ်လာသဖြင့် တွေ့မြင်ရသူတိုင်း သူမအား မချစ်ခင်ဘဲ မနေနိုင်ချေ။

ရှမ်းကျင်းသည် စုစုကို ချစ်သောသူ ဖြစ်ပေလေသည်။

စုစုက သူ့အနီးသို့ လျှောက်လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိုင်းလေ့ကျင့်ပြီးပြီလား"

ရှမ်းကျင်းက ခေါင်းညိတ်လိုက်သည်။

စုစုက နှုတ်ခမ်းစူကာ…

"ဘာလဲ ရှင်က ကျွန်မနဲ့ စကား မပြောချင်ဘူးလား၊ မတူ မတန်ဘူး ထင်လို့လား၊ ရှင်က တခြားမိန်းကလေးတွေနဲ့ကျတော့ ရယ်ကာမောကာ စကားပြောတယ်၊ အဲဒါ ဘာသဘောလဲ"

ရှမ်းကျင်းသည် စုစု ဒေါသထွက်လာသည်ကို သိလိုက်ရသောအခါ မည်သို့ ပြန်ပြောရမှန်း မသိဘဲ ငေးငိုင်သွားလေသည်။

* * *



စုစုသည် ရှမ်းကျင်း၏ မလှုပ်မယှက် ပုံစံကို ကြည့်ကာ ပို၍ ဒေါသထွက်လာလေသည်။

သူမသည် ခြေတစ်ချက်ဆောင့်၍ ချာခနဲ လှည့်ထွက်လာလေသည်။

သူမသည် ခြေသုံးလေးလှမ်းခန့် လှမ်းမိသောအခါ…

"ညီမလေးစုစု နေပါဦး၊ ကျုပ်…ကျုပ်"

ရှမ်းကျင်းသည် နောက်မှ အသံထစ်ထစ်ငေါ့ငေါ့ဖြင့် ခေါ်လိုက်လေသည်။

စုစုသည် နှုတ်ခမ်းစူထားရာမှ ပြုံးလိုက်ပြီး နောက်သို့ လှမ်းကြည့်လိုက်လေသည်။

"ဟင် ဘာ ကျုပ်လဲ၊ အခုမှ လာပြီတော့"

ရှမ်းကျင်းသည် ရယ်သံစွက်ကာ ပြစ်တင်ပြောဆိုသော စုစုအား စိုက်ကြည့်ကာ ဘာဆက်ပြောရမှန်း မသိတော့ပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတရား

စုစုသည် ရှမ်းကျင်းရှိရာသို့ ပြန်လည်လျှောက်လာလေသည်။

ထို့နောက် ရှမ်းကျင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်လိုက်လေသည်။

ရှမ်းကျင်းသည် ထင်ရာစိုင်းလုပ်တတ်သော စုစုအား ငေးငေးကြည့်နေ၏။

သူသည် စုစုအား မတွေ့ရလျှင် နေရထိုင်ရခက်သလို သူမအား တွေ့ပြန်လျှင်လည်း ရှောင်ကွင်းသွားလိုပြန်လေသည်။

စုစုသည် သူမအား ငေး၍ ကြည့်နေသော ရှမ်းကျင်းအား မျက်မှောင်ကြုတ်၍ ကြည့်ကာ...



"ရှင် ဘာဖြစ်နေတာလဲ၊ ကျွန်မ မေးတာဖြေလေ၊ ဘာ ကျုပ်..ကျုပ်လုပ်နေရတာလဲ"

ဤတစ်ကြိမ် စုစုက သူနှင့် အလွန်နီးကပ်စွာရပ်၍ မေးလိုက်သဖြင့် သူမ၏ကိုယ်ပေါ်မှ မွှေးကြိုင်သော အမွှေးနံ့များသည် ရှမ်းကျင်း၏နှာခေါင်းထဲသို့ တိုးဝင်လာလေသည်။

ရှမ်းကျင်းသည် ရုတ်တရက် စိတ်များ လှုပ်ရှားလာလေသည်။

သူသည် လက်နှစ်ဖက်အားဆန့်ကာ စုစု၏ပခုံးနှစ်ဖက် အား ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် မျက်လုံးမှိတ်ကာ...

"ကျုပ်..ကျုပ်လေ၊ ညီမလေးစု..စုစုကို မေတ္တာ ရှိနေလို့ပါ"

စုစုသည် မမျှော်လင့်သော စကားကြောင့် ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

သူမသည် မျက်လုံးမှိတ်ထားသော ရှမ်းကျင်းအား ပြုံး၍ ကြည့်လိုက်လေသည်။

ရှမ်းကျင်းက မျက်လုံးဖွင့်လိုက်လေသည်။

သူ့အား စုစုသည် ပြုံး၍ ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

သူ အလွန်ပျော်သွားလေသည်။

နေရောင်ခြည်နုနုသည် စုစု၏မျက်နှာပေါ်သို့ ထိုးကျနေ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ မလှုပ်မယှက် ရပ်ကြည့်နေကြလေသည်။

ထို့နောက် ခန္ဓာကိုယ်နှစ်ခု တဖြည်းဖြည်း နီးကပ်လာေ
သည်။

"အဟမ်း..ဟမ်း"

ရုတ်တရက် ချောင်းဟန့်သံတစ်ခု ကျယ်လောင်စွာ ထွက
ပေါ်လာလေသည်။

သူတို့နှစ်ယောက်သည် ထိတ်လန့်တုန်လှုပ်ကာ လူချင်း
လိုက်သည်။

အသံထွက်ပေါ်ရာသို့ ကြည့်လိုက်၏။

သူတို့နှစ်ယောက် ခန္ဓာကိုယ်များ တစ်ချက်လှုပ်ရှားသွ
လေသည်။

သူတို့နှင့် ဝါးငါးရိုက်ခန့် အကွာတွင် လူတစ်ယောက်သ
သူတို့နှစ်ယောက်အား စိမ်းစိမ်းစိုက်ကြည့်နေသည်ကို တွေ့ရေ
သည်။

ထိုလူမှာ မိုးကြိုးလက်ဝါး ကျူးစုရီပင် ဖြစ်ပေ၏။

စုစုသည် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားေ
သည်။

ရှမ်းကျင်းမှာလည်း အလွန်စိတ်လှုပ်ရှား၍ မြေပေါ်သို့သ
စိုက်ကြည့်နေ၏။

မိုးကြိုးလက်ဝါး ကျူးစုရီသည် သူတို့နှစ်ယောက်အား ခ
ထန်စွာ စိုက်ကြည့်၍ နောက်သို့ ပြန်လှောက်သွားလေသည်။



ခြေလှမ်းနှစ်လှမ်းခန့် လှမ်းပြီးနောက် အသံကျယ်လောင်
စွာဖြင့်...

"သမီးလိုက်ခဲ့"

စုစုသည် ဖခင်အား မလွန်ဆန်ရဲသဖြင့် ခေါင်းငုံ့ကာ လိုက်
ပါသွားလေသည်။

စုစုသည် ရှမ်းကျင်းအား ကြေကွဲစွာ ကြည့်ကာ သွားလေ
သည်။

ရှမ်းကျင်းက...

"အေးပေ့ါလေ၊ ငါနဲ့ ဘဘက ဘယ်သဘောတူမှာလဲ"

သူသည် စိတ်ထဲတွင်လည်း အလွန်ခံပြင်းလာ၏။

သူသည် တစ်ယောက်တည်း ရေရွတ်လိုက်၏။

"ငါ စုစုကို လိုချင်ရင် ငါကြိုးစားရမှာပေါ့၊ ဘယ်အရာမျိုး
မဆို ကြိုးစားရင် ရတာချည်းပဲ၊ ငါ ဒီလို အသုံးမကျတာကို တမလွန်
က မိဘတွေမြင်ရင် ဘယ်လောက်များ ဝမ်းနည်းနေလိမ့်မယ်၊ အသုံး
မကျတဲ့ ယောက်ျားကိုလဲ စုစုက သဘောကျမှာ မဟုတ်ဘူး"

သူသည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်
လိုက်သည်။

"ငါ ဒီမှာ မနေဘူး၊ အပြင်လောကကို သွားမယ်၊ ကိုယ့်ခြေ
ထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားမယ်"

သူသည် ဆုံးဖြတ်ချက်ချလိုက်သည်။

တခဏအချိန်မှာပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံး အားအင်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလာ၏။ သူက ရင်ကို ကော့လိုက်၏။

ခေါင်းကို မော့လိုက်သည်။

မြင့်မားသော အုတ်နံရံကို စိုက်ကြည့်လိုက်လေတော့သည်။

သူသည် ထိုအပေါ်သို့တက်လျှင် မြေပေါ်ပြန်ကျ၏။

သူက စိတ်မပျက်ပါ။

ပြန်လည်ကြိုးစား၍ တက်ပြန်သည်။

မြေပေါ်သို့ ပြန်ကျလာလေသည်။

ဤသို့ဖြင့် လေးငါးကြိမ်ခန့် တက်လိုက်ပြန်ကျလိုက် ဖြစ်ပြီးသောအခါ ကံအားလျော်စွာပင် သူ၏လက်နှစ်ဖက်သည် အုတ်နံရံထိပ်သို့ တွယ်တက်မိလေသည်။

သူသည် လက်နှစ်ဖက်ကို တစ်အားကုပ်ကာ ခြေထောက်နှင့် ဒူးခေါင်းကို အသုံးပြုပြီး အပေါ်သို့ ရောက်အောင် ကြိုးစားတက်လေတော့သည်။

နောက်ဆုံး သူသည် အုတ်နံရံပေါ်သို့ မှောက်လျက် အနေအထားဖြင့် ရောက်သွားလေသည်။

အုတ်နံရံ၏ အပြင်ဘက်တွင် မကျဉ်းမကျယ်သော လမ်းလေးတစ်ခု ရှိ၏။

သူသည် ခုန်ဆင်းလိုက်လေ၏။

* * *



ဈေးအစည်ကားဆုံးအချိန်။

ရောင်းသူဝယ်သူများဖြင့် ဆူညံကျယ်လောင်နေသည်။

သူသည် အပြင်လောက၏ ကြည်နူးခြင်းများဖြင့် လျှောက်နေ၏။

ထိုစဉ် ဗိုက်သည် ဆာလာလေ၏။ ဤသည်မှာ အပြင်လောကသို့ ထွက်လာသော သူ့အတွက် ပထမ ပြဿနာပင် ဖြစ်၏။

သူသည် ငွေကြယ်အာမခံဌာနမှ ထွက်လာစဉ် ဤပြဿနာများကို လုံးဝစဉ်းစားခဲ့ခြင်း မရှိပါ။

အရင်ကဆိုလျှင် သူသည် အချိန်မှန်စား၊ အချိန်မှန်အိပ်ဖြင့် ဘာမှ ပူပင်မရှိပေ။ ယခုမှာမူ သူအလွန်ကြိုက်သော အစားအစာများကို မြင်နေရသော်လည်း ဝယ်စားရန် ငွေ မရှိပါ။

ယခု သူသည် ငွေ၏တန်ဖိုးကို နားလည်လာလေတော့သည်။ ငွေမရှိလျှင် သူသည် မည်သို့ နေရမည်နည်း။

သူသည် တွေးရင်း ခေါင်းရှုပ်လာ၏။

သူသည် ထွက်ပြေးလာသည်ကိုပင် နောင်တရချင်နေ၏။

သို့သော် သူသည် မာနရှိသော လူငယ်တစ်ဦးပင် ဖြစ်ပေသည်။ သူသည် နောက်သို့ လှည့်မကြည့်ဘဲ ရှေ့သို့ဆက်၍ သွားနေသည်။

သူသည် ပတ်ဝန်းကျင်ကို သတိမထားဘဲ လျှောက်ရင်း မြို့ပြင်သို့ ရောက်လာတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကူညီမယ့်လူ

ရှမ်းကျောင်းသည် မောပန်းရမှန်းမသိ လျှောက်လာခဲ့ရာ တောအုပ်အပြင်ဘက်သို့ ရောက်ရှိလာသည်။

တောအုပ်အပြင်ဘက်တွင် ကျယ်ဝန်းလှသော မြေနီလမ်းကလေးတစ်ခု ရှိလေသည်။

ရှမ်းကျောင်းသည် ထိုလမ်းအတိုင်း ဆက်လက်လျှောက်သွားနေ၏။

သူသည် အတန်ကြာ လျှောက်လာသောမိသောအခါ မြို့ကလေးတစ်မြို့အနီးသို့ ရောက်ရှိနေမှန်း သတိထားမိလေသည်။

ညသည် တစ်ဖြည်းဖြည်း မှောင်မိုက်လာလေသည်။

ရှမ်းကျောင်းသည် မြို့ကလေး ရှိရာသို့ အားတင်း၍ လျှောက်သွားလေသည်။



သူသည် မြို့ကလေးထဲသို့ ရောက်ရန် ကိုက်သုံးရာခန့်အကွာသို့ ရောက်ရှိလာလေသည်။

ရုတ်တရက်...

အရှိန်ပြင်းစွာ မောင်းနှင်လာသော မြင်းတစ်ကောင်သည် အရှိန်မသတ်နိုင်ဘဲ သူ့အား ဝင်တိုက်မိလေသည်။

"ဘေးကို..ဘေးကို"

မြင်းပေါ်မှ လူက လှမ်းအော် သတိပေးသော်လည်း နောက်ကျသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် လမ်းဘေးသို့ မှောက်လျက် လဲကျသွားလေသည်။

မြင်းပေါ်မှ လူမှာ အသက်လေးဆယ် အရွယ်ခန့် နှုတ်ခမ်းမွေးများရှိသော လူတစ်ယောက် ဖြစ်လေသည်။

ထိုလူသည် မြင်းပေါ်မှ ခုန်ဆင်းပြီး သူ့အား ပွေ့ထူလိုက်လေသည်။

"မင်း ဘာဖြစ်သွားသေးလဲ"

ရှမ်းကျောင်းသည် အနည်းငယ် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော တင်ပါးကို ပွတ်သပ်လိုက်ပြီး မချိပြုံးပြုံးလိုက်လေသည်။

"ဘာမှ မဖြစ်ပါဘူးဗျာ၊ ကျွန်တော့်ကြောင့် ခင်ဗျား အချိန်တွေ နှောင့်နှေးသွားတာကို စိတ်မကောင်းပါဘူး"

ထိုလူသည် ရှမ်းကျောင်းအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး...

"မင်းက ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ရှမ်းကျင်း ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ဘာ"

ထိုလူ အံ့သြစွာ ရေရွတ်လိုက်သည်။

"မင်း မြို့ကလေးထဲ သွားမလို့ မဟုတ်ဘူးလား"

ရှမ်းကျင်း ခေါင်းညိတ်လိုက်သည်။

"မြို့ထဲသွားမှာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်နေရာကို သွားရမှန်းတော့ မသိဘူး"

ထိုလူသည် ညစ်ပတ်နေသော ရှမ်းကျင်း၏မျက်နှာပေါ်မှ ရိုးသားမှုကို ရှာဖွေအကဲခတ်ကြည့်နေ၏။

ရှမ်းကျင်းက ရိုးသားစွာပြောနေမှန်း သိတော့မှ သူက မျက်နှာတည်တည်ဖြင့်...

"ကဲ အခု မင်း ငါနဲ့လိုက်မလား"

ဟု မေးလိုက်သည်။

ရှမ်းကျင်းက အံ့သြသင့်သွားလေသည်။

ထိုလူကို ကြည့်ကာ...

"ဘယ်ကိုလဲ"

ထိုလူက...

"မြို့ကလေးထဲကို"

ရှမ်းကျင်း ဝမ်းသာသွားသည်။



"လိုက်မယ်"

ထိုလူက မြင်းအား ညွှန်ပြလိုက်လေသည်။

"ကဲ လာ မြင်းပေါ်တက်"

ထိုလူက ပြောပြီး မြင်းပေါ် တက်လိုက်လေသည်။

ထို့နောက် ရှမ်းကျင်းအား မြင်းပေါ်သို့ ဆွဲတင်လိုက်လေသည်။

ရှမ်းကျင်းသည် ထိုလူနှင့် နီးကပ်စွာ ရှိနေစဉ် ထိုလူထံမှ မွှေးကြိုင်သော အနံ့တစ်မျိုးကို ရှူရှိုက်မိလေသည်။

"ဟင် ဒီလူက ယောကျ်ား ဖြစ်ပြီး အသနံ့အပြန့် အလှအပ ကြိုက်တယ် ထင်တယ်"

သူသည် စိတ်ထဲမှ တွေးနေခြင်းသာ ဖြစ်လေသည်။

သူတို့၏မြင်းသည် မြို့ထဲသို့ ဝင်ရောက်လာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြို့ထဲသို့ ရောက်သည်နှင့် တည်းခိုခန်းတစ်ခု ရှေ့တွင် မြင်းကို ရပ်တန့်လိုက်လေသည်။

ထိုလူသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

ရှမ်းကျင်းကလည်း ခုန်ဆင်းလိုက်သည်။

ဆိုင်လုလင်တစ်ယောက် ပြေးထွက်လာပြီး...

"ကြွပါ ခင်ဗျာ"

ကြိုဆိုလိုက်၏။

ထိုလူသည် မြင်းဇက်ကြိုးကို ဆိုင်လုလင် လက်ထဲသို့ ထည့် ကာ...

"ငါတို့ ခရီးပမ်းလာတယ်၊ သီးသန့်ခန်းတစ်ခု စီစဉ်ပေး အစားအသောက်တွေ လာပို့ရော့"

သူသည် ငွေတုံးကလေးနှစ်တုံးအား တစ်ပါတည်း ပေး လိုက်လေသည်။

ဆိုင်လုလင်သည် သူတို့နှစ်ယောက်အား အပေါ်ထပ်ရှိ ထောင့်ခန်းတစ်ခုသို့ လိုက်ပို့ပေးလေသည်။

အခန်းတွင်းသို့ ရောက်သည်နှင့် အခန်းတံခါးကို ပိတ်လိုက် လေသည်။

ထိုလူသည် ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်လေ သည်။

ရှမ်းကျင်းအား ထိုင်ခုံပေါ်တွင် ထိုင်ရန် ညွှန်ပြလိုက်လေ သည်။



"ကဲ မင်းမှာ အကြောင်းတစ်ခုခုတော့ ရှိမယ်၊ ကျုပ်ကို ပြောပြရင် ကျုပ်က ကူညီနိုင်သလောက် ကူညီပေးမယ်၊ ဒါ ဘာကြောင့်လဲဆိုတော့ မင်းရဲ့မျက်နှာပေါ်က ရိုးသားမှုကြောင့်ပဲ"

ရှမ်းကျင်းသည် ထိုလူအား အထင်ကြီးစွာ ကြည့်လိုက်ပြီး သူ၏အဖြစ်အပျက်ကို အတိုချုံး၍ ရှင်းပြလိုက်လေတော့သည်။

* * *

ရှမ်းကျင်း စကားသံဆုံးသွား၏။

ထိုလူသည် နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဒါဖြင့် မင်းသိုင်းပညာ သင်ဖူးတာပေါ့"

ရှမ်းကျင်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ ကျွန်တော် ဘဘကျူးစုရှီဆီမှာ ရှစ်နှစ်ကျော် သိုင်းပညာသင်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကျွန်တော်က သိပ်ပြီး ဉာဏ်ထိုင်းလွန်းလို့ အဲဒီက သာမန်သိုင်းသမားကိုတောင် နိုင်အောင် မတိုက်နိုင်ပါဘူးဗျာ"

သူ၏အသံမှာ စိတ်မကောင်းသံပါနေ၏။

ထိုလူက မျက်နှာကို မဲ့လိုက်ပြီး...

"ဟင်း မိုးကြိုးလက်ဝါး ကျူးစုရှီဆိုတာ ဘာဟုတ်သေးလို့လဲ၊ သူ့ရဲ့သိုင်းပညာ အဆင့်လောက်နဲ့ သူများကို သိုင်းသင်ပေးတာ

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့ ကောင်းတယ်”

ဟု ပြောလိုက်သည်။

ရှမ်းကျင်းက အံ့ဩသင့်သွားလေသည်။

သူ၏စိတ်ထဲတွင် မိုးကြိုးလက်ဝါး ကျူးစုရီမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။

သို့သော်...

သူ့ရှေ့တွင် ရှိနေသော ထိုလူက မိုးကြိုးလက်ဝါး ကျူးစုရီကို အရေးမစိုက်သည့်အပြင် အထင်သေးသော အသံဖြင့် ပြောနေသည်။

ထိုလူသည် ကျူးစုရီထက်ပင် သိုင်းပညာအဆင့် သာလွန်နေသလားဟုပင် သူက တွေးမိလိုက်လေသည်။

ထို့ပြင်...

ထိုလူမှာ အသက်လေးဆယ်ခန့်မျှပင် ရှိသည်ဟု ထင်ရသော်လည်း သူ၏မျက်လုံးအစုံမှာ စူးရှတောက်ပနေ၏။

သူက ထိုသို့ တွေဝေစဉ်းစားနေစဉ် ထိုလူက စိတ်မရှည်စွာ မေးလိုက်လေသည်။

“ကဲ ဘယ်လိုလဲ၊ မင်းလက်ခံသလား လက်မခံဘူးလား”

ရှမ်းကျင်းသည် တွေဝေရာမှ ရပ်တန့်သွားလေသည်။

ထိုလူအား ကြည့်ကာ...

“ဗျာ၊ ခင်ဗျား ဘာမေးနေတာလဲ ခင်ဗျာ”



ဟု ပြောလိုက်သည်။

ထိုလူက...

“မင်းကို သူ့ထက်သာအောင် ငါသိုင်းပညာသင်ပေးမယ်၊ ဒါကို မင်းဘက်က လက်ခံမလားလို့ မေးနေတာကွ”

ရှမ်းကျင်း အံ့ဩသင့်သွားသည်။

သူသည် လွန်စွာ ဝမ်းသာသွားလေသည်။

“ကျွန်တော်သင်ချင်တယ်၊ ဒါပေမယ့်..”

ရှမ်းကျင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

သူသည် သူ၏အားနည်းချက်ကို ပြန်လည်သတိရလာလေသည်။

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

“ဒါပေမယ့် ဘာဖြစ်လဲ”

ရှမ်းကျင်းက...

“ကျွန်တော်က ရှစ်နှစ်လုံးလုံး သင်တာတောင် မတတ်ခဲ့ဘူးဆိုတော့”

ထိုလူက လက်ကာပြလိုက်သည်။

“ဒါက ငါ့အပိုင်းပါ၊ သင်ကြားပေးသလောက်ကို ဘယ်လောက်ထိ လက်ခံနိုင်သလဲဆိုတာတော့ မင်းအပိုင်းပေါ့”

ထို့စဉ်...

ဆိုင်လုလင်က တံခါးခေါက်၍ အစားအသောက်များ လာပို့သဖြင့် စကားပြတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



* * *

သုံးပွင့်ဆိုင်

သူတို့နှစ်ယောက် အစားအသောက်များကို လျှင်မြန်စွာ စားသောက်ကြလေသည်။

စားသောက်ပြီးသောအခါ ထိုလူက...

"မင်း လေညှင်းဒေဝီကို ကြားဖူးသလား"

ဟု မေးလိုက်သည်။

ရှမ်းကျောင်း ခေါင်းခါယမ်းပြလိုက်လေသည်။

"ကျွန်တော် ဗဟုသုတ နည်းပါးတဲ့အတွက် မကြားဖူးပါဘူး ခင်ဗျာ"

ထိုလူက ပြုံးလိုက်ပြီး...



"ညွှံပွါကွာ၊ ငါက အဲဒီ လေညှင်းဒေဝီဆိုတာပါပဲ"

"ဗျာ"

ရှမ်းကျောင်းမှာ အံ့အားသင့်သွားလေသည်။

ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

ထိုလူက သဘောပေါက်သည့်အလား ထုံးထားသော ဆံပင်ကို ဖြေချလိုက်လေသည်။

မျက်နှာပေါ်မှ နှုတ်ခမ်းမွေးများကို ဖယ်ရှားလိုက်သောအခါ အသက်သုံးဆယ်အရွယ်ရှိ လှပသော မိန်းမတစ်ယောက်၏ မျက်နှာ ပေါ်လွင်လေသည်။

ရှမ်းကျောင်းက အံ့အားသင့်စွာ ကြည့်နေစဉ်မှာပင် လေညှင်း ဒေဝီက...

"ကဲ ဘယ်လိုလဲ၊ ငါ့ကို ဆရာအဖြစ် အသိအမှတ်ပြုမှာလား"

ရှမ်းကျောင်း သတိရလာပြီး ကမန်းကတန်း ဒူးထောက်လိုက်လေသည်။

"ဆရာ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံဖို့ တောင်းပန်ပါတယ်"

သူသည် ကိုးကြိမ်တိတိ နဖူးနှင့် ကြမ်းပြင်ကို တိုက်ကာ ရှိခိုးလိုက်လေသည်။

လေညှင်းဒေဝီနှင့် ရှမ်းကျောင်းတို့ နှစ်ယောက်သည် ရောက်ဘက်ရာရာ စကားများလည်း ပြောဆိုနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်...ဒေါင်"

အုန်းမောင်းခေါက်သံ နှစ်ချက် ထွက်ပေါ်လာလေသည်။

ရှမ်းကျင်းမှာ အိပ်ငိုက်စပြုလာ၏။

လေညှင်းဒေဝီက ပြုံးကာ...

"ငါ့တပည့် ရှမ်းကျင်း၊ မင်းရဲ့ ရိုးသားမှုကို ဆရာယုံကြည်တယ်၊ ကဲ စောစောအိပ်တော့၊ မနက်ကျရင် ငါတို့ ခရီးဆက်မယ်"

ဟု ပြောလေသည်။

ရှမ်းကျင်းသည် ခုတင်အား တစ်ချက်ကြည့်ကာ...

"ဆရာ ခုတင်ပေါ်မှာ အိပ်ပါ၊ ကျွန်တော် စားပွဲပေါ်မှာပဲ အိပ်တော့မယ်"

ထိုစဉ်...

ရုတ်တရက် လေညှင်းဒေဝီသည် အခန်းတံခါးအား တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဟေ့ ဘယ်သူလဲ"

ဟု အော်ခေါ်လိုက်လေသည်။

ရှမ်းကျင်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူသည် တံခါးရှိရာသို့ ကြည့်လိုက်သော်လည်း လူသူ တစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါ။

"ဆရာ ဘာဖြစ်.."

သူ၏စကားမဆုံးမီမှာပင် လေညှင်းဒေဝီသည် အခန်းတံခါးအား ပြေး၍ ဖွင့်လိုက်လေသည်။



ရှမ်းကျင်းသည် နောက်မှ လိုက်သွားလေသည်။

လေညှင်းဒေဝီသည် တံခါး၏တစ်နေရာအား စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်း မင်းတို့က သေချင်လို့ကိုး"

ရှမ်းကျင်းသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဆရာ ဘာတွေ့လို့လဲဟင်"

လေညှင်းဒေဝီက ပြုံးလိုက်လေသည်။

တံခါးရွက် တစ်နေရာအား လက်ညှိုးထိုးပြလိုက်လေသည်။

"ဒီမှာကြည့်"

ရှမ်းကျင်းသည် ဆရာဖြစ်သူ ညွှန်ပြသည့် နေရာအား အသေအချာ ကြည့်လိုက်ရာ ဆူးကလေးသုံးချောင်းသည် သုံးပွင့်ဆိုင် စိုက်နေသည်ကို တွေ့လိုက်ရလေသည်။

"ဆရာ အဲဒါ ဘာအဓိပ္ပာယ်လဲ"

လေညှင်းဒေဝီက ပြုံးလိုက်လေသည်။

"ဒီသုံးပွင့်ဆိုင်ကို သေသေချာချာကြည့်စမ်း၊ ဘာထူးခြားသလဲ"

ရှမ်းကျင်းသည် သုံးပွင့်ဆိုင်ဆူးများကို ဒုတိယအကြိမ် သေသေချာချာ ကြည့်လိုက်သည်။

ပြီးနောက်...

"ဆရာ အောက်ဆုံးဆူးက နည်းနည်းပိုရှည်တယ်"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေညှင်းဒေဝီက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ငါ့တပည့်က ကိုယ့်ကိုယ်ကို ဉာဏ်ထိုင်းတယ်သာဆိုတယ်၊ အခုကျတော့ သူများထက် ဉာဏ်ကောင်းနေပါလား"

သူမက စကားဆက်လိုက်သည်။

"သိုင်းလောကမှာ 'သုံးပွင့်ဆိုင်ဂိုဏ်း'ဆိုတာ တော်တော် နာမည်ကြီးနေတယ်၊ အခု ဆူးလေးတွေကို သုံးပွင့်ဆိုင်စိုက်တာ သူတို့ရဲ့ အမှတ်အသားပဲ၊ အခု အောက်ဆုံးက ဆူးက အရှည်ဆုံးဆိုတာ တတိယလူရဲ့ အမှတ်အသားလို့ ဖော်ပြတာ ဖြစ်ရမယ်၊ ဒီအခန်းထဲမှာ ရှိနေတဲ့ ပစ္စည်းကို သူပိုင်တယ်လို့ အမှတ်အသား လုပ်သွားတာကွယ့်"

ရှမ်းကျောင်းသည် အခုမှပင် သဘောပေါက် နားလည်သွားလေသည်။

လေညှင်းဒေဝီသည် အခန်းတံခါးကို ဆွဲပိတ်လိုက်လေသည်။

ထို့နောက် စားပွဲအား ရှင်းလင်းလိုက်ကာ...

"ကဲ ငါ့တပည့်၊ မင်းက ခုတင်ပေါ်မှာ ခဏ အနားယူ၊ ငါကတော့ ရန်သူကို စောင့်ရမှာဆိုတော့ ဒီမှာပဲ ခဏအပန်းဖြေမယ်၊ အင်း ဒီညတော့ အိပ်ရမယ် မထင်ပါဘူး"

ဟု ပြောလိုက်လေသည်။

* * *



"ခေါင်"

အနန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ရှမ်းကျောင်းသည် ငေါက်ခနဲ ထထိုင်လိုက်သည်။

လေညှင်းဒေဝီက လက်ကာပြလိုက်ပြီး စားပွဲပေါ်မှ မီးခွက်ကို ငြိမ်းလိုက်လေသည်။

အခန်းတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်သွားလေသည်။

မကြာပါချေ။

အခန်း၏ ပြတင်းပေါက်တံခါး အသံမမြည်ဘဲ အလိုအလျောက် ပွင့်သွားလေသည်။

လူတစ်ယောက် အခန်းထဲသို့ တိတ်တဆိတ် ဝင်လာသည်ကို တွေ့လိုက်ရသည်။

ရှမ်းကျောင်း ထိတ်လန့်သွားသည်။

အသံမထွက်မိစေရန် တတ်နိုင်သမျှ ထိန်းချုပ်ထားလေသည်။

လေညှင်းဒေဝီသည် ဝင်လာသောသူအား တွေ့လိုက်သည်နှင့် နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

"ဟွန့်"

သူမ၏အသံသည် ကျယ်လောင်ခြင်း မရှိသော်လည်း ဝင်လာသောလူက ကောင်းစွာ ကြားမိလိုက်လေသည်။

ထိုလူက ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

"ဟေ့ ဘယ်သူလဲ၊ ကျုပ်က သုံးပွင့်ဆိုင်ဂိုဏ်းက အမှတ်သုံး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ပါ၊ အချင်းချင်းဆို နာမည်ပြော”

သူက အသံခပ်ပြတ်ပြတ်ဖြင့် မေးလိုက်သည်။

လေညှင်းဒေဝီက အေးစက်သော လေသံဖြင့်…

“မင်းလိုလူစားက ငါ့နာမည်ကို မေးဖို့ တန်သလား”

ဟု ပြောလိုက်သည်။

အမှတ်သုံးခေါင်းဆောင်၏ ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားသည်။

သိုင်းလောကတွင် သုံးပွင့်ဆိုင်ဂိုဏ်းသည် မကောင်းမှုဘက်၌ ကျော်ကြားသော ဂိုဏ်းတစ်ခု ဖြစ်၏။

သူတို့ဂိုဏ်းတွင် ခေါင်းဆောင်သုံးယောက် ရှိလေသည်။

သုံးယောက်စလုံးမှာ သိုင်းပညာ ထူးချွန်ပြီး မတိမ်းမယိမ်း ရှိသော ဝါရင့်သိုင်းသမားများပင် ဖြစ်လေသည်။

သိုင်းပညာအဆင့်အရ အမှတ်တစ်ခေါင်းဆောင်၊ အမှတ်နှစ်ခေါင်းဆောင်၊ အမှတ်သုံးခေါင်းဆောင်ဟု သတ်မှတ်ထားလေသည်။

၎င်းတို့တွင် ဂိုဏ်းသားငါးဆယ်ခန့် ရှိလေသည်။

သူတို့တစ်ဂိုဏ်းလုံးသည် မကောင်းတာ မှန်သမျှ အကုန်လုပ်ကြ၏။

ထို့ကြောင့် အဖြူရောင်သိုင်းသမားများသည် သုံးပွင့်ဆိုင်ဂိုဏ်းအား သုတ်သင်ရှင်းလင်းလိုကြသည်။

သို့သော်…



သုံးပွင့်ဆိုင်ဂိုဏ်းသည် သိုင်းပညာ အစွမ်းထက်မြက်လွန်းသည့်အပြင် ရက်စက်ရာတွင်လည်း ကမ်းကုန်သဖြင့် မည်သူကမျှ သွားရောက်ဟန့်တားနိုင်ခြင်း မရှိကြပါ။

ယနေ့တွင်လည်း အမှတ်သုံးခေါင်းဆောင်သည် ဤတည်းခိုခန်းသို့ လာရောက်စဉ် အမှတ်မထင် ယောကျ်ားယောင်ဆောင်ထားသော မိန်းကလေးအား တွေ့မြင်သဖြင့် ယခုကဲ့သို့ အမှတ်အသားပြုထားခြင်း ဖြစ်သည်။

သို့သော်…

သူသည် ထိုမိန်းကလေးမှာ သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကျော်ကြားသော လေညှင်းဒေဝီမှန်း မသိပါချေ။

အမှတ်သုံးခေါင်းဆောင်သည် သိုင်းလောကတွင် ကျက်စားခဲ့သည်မှာ ကြာပြီ ဖြစ်၏။

ယောကျ်ားအသွင် ဟန်ဆောင်သော မိန်းကလေးများကိုလည်း သူက များစွာ တွေ့ခဲ့ဖူး၏။

ထိုမိန်းကလေးများ၏ သိုင်းပညာရပ်မှာ မိမိအား မနိုင် မှန်းသူက တွေးမိလာလေသည်။

သူသည် ထိုအထဲတွင် လေညှင်းဒေဝီကို လုံးဝမထည့်သွင်းခဲ့မိပါ။

အမှတ်သုံးက တွေးရင်း အားတက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သုံးက အော်ဟစ်လိုက်သည်။

"ဟေ့ မင်း ဘယ်သူလဲ မှန်မှန်ပြောစမ်း၊ မဟုတ်ရင် ငါ လက်လွှန်မိလိမ့်မယ်နော်"

သူ၏စကားကြောင့် လေညှင်းဒေဝီမှာ ဒေါသချောင်းချောင်း ထွက်လာသည်။

သူမသည် စားပွဲ၏ထောင့်စွန်းအား အနည်းငယ် ချိုးဖဲ့လိုက်ပြီး လက်ဖစ်ချက် လွှပ်ရှားလိုက်သည်။

ကျိုးပဲ့နေသော သစ်သားစသည် အမှတ်သုံး၏ရင်ဝသို့ အရှိန်ပြင်းစွာ တိုးဝင်လာလေသည်။

အမှတ်သုံးသည် ပြင်းထန်လှသော လေတိုးသံကို ကြားလိုက်ရသဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်လေသည်။

အရာဝတ္ထုသည် နံရံပေါ်သို့ ထိုးစိုက်သွားသည်ကို တွေ့လိုက်ရသည်။

အမှတ်သုံး ရင်ထိတ်သွားသည်။

အတွေ့အကြုံ ကြွယ်ဝသော သိုင်းသမားတစ်ယောက် ဖြစ်သောကြောင့် ထိုမိန်းကလေးသည် အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်ရမည်ကို ချက်ချင်းသိရှိလိုက်လေသည်။

"သူ ဘယ်သူလဲ"

သူသည် စိတ်ထဲတွင် တွေးတောရင်း သူ၏ခန္ဓာကိုယ်သည် ပြတင်းပေါက် အပြင်ဘက်သို့ လျှင်မြန်စွာ ခုန်ထွက်သွားလေသည်။

* * *



အမှတ်သုံး အပြင်သို့ ရောက်သွားပြီ ဖြစ်သည်။

လေညှင်းဒေဝီသည် ရှမ်းကျင်းအား ကြည့်ကာ ပြုံးပြလိုက်သည်။

"သည်မှာ ခဏစောင့်၊ ငါ အခု ပြန်လာခဲ့မယ်"

ရှမ်းကျင်းက စကားမပြန်နိုင်မီမှာပင် လေညှင်းဒေဝီ၏ ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ရှားသွားပြီး ပြတင်းပေါက် အပြင်ဘက်သို့ ရောက်ရှိကာ ပျောက်ကွယ်သွားလေသည်။

ရှမ်းကျင်းသည် လေညှင်းဒေဝီ၏ ထူးချွန်လှသော ကိုယ်ဖော့ပညာကို တွေ့ရသောအခါ သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

"အင်း ငါသာ သူ့လို သိုင်းပညာတတ်ရင် ဘယ်လောက်ကောင်းမလဲ၊ ဒါပေမယ့် သူက အခု ငါ့ကို သိုင်းပညာသင်ပေးတော့မယ်၊ ဒီတစ်ခါတော့ ငါကြိုးစားပြီး သင်မယ်"

သူသည် ကိုယ့်ကိုယ်ကို အားပေးရင်း တစ်ယောက်တည်း ဆက်လက် ထိုင်နေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သုံးသည် သုံးပွင့်ဆိုင်ဂိုဏ်းတွင် ကိုယ်ဖော့ပညာ အတော်ဆုံးလူ ဖြစ်၏။

သူသည် အလွန်အကင်းပါးပြီး ဉာဏ်များသည်။

သူသည် အနိုင်ရမည်ဟု ထင်ထားသူကိုသာ ရင်ဆိုင်ခဲ့၏။

သူ့ထက်သာသူနှင့် တွေ့သောအခါ ကိုယ်ဖော့ပညာ အား ကိုးဖြင့် ရှောင်ပြေးတတ်သည်။

ယခုလည်း သူ့ထက်သာသော လူဟု ချင့်ချိန်မိရုံနှင့် လျှပ် တစ်ပြက် ထွက်ပြေးလာခြင်း ဖြစ်၏။

သူသည် ပြတင်းပေါက်မှ ထွက်လာပြီး ကိုယ်ဖော့ပညာကို အသုံးချ၍ ရှေ့သို့ ပြေးလွှားသွားနေရင်း...

"တော်ပါသေးရဲ့၊ ဒီညတော့ အမြတ်မရပေမယ့် အရှုံး မရှိ လို့"

သူသည် တစ်ကိုယ်တည်း တီးတိုးရေရွတ်ရင်း ရယ်မော လိုက်လေသည်။

အတန်ကြာမှ သူသည် ရယ်မောခြင်းကို ရပ်တန့်လိုက်လေ သည်။

သို့သော်...

ရယ်မောသံတစ်ခုသည် ရပ်တန့်မသွားပါချေ။

ရယ်သံသည် သူ၏နောက်ကျောမှ ကပ်၍ ထွက်ပေါ်လာ ခြင်း ဖြစ်သည်။

အမှတ်သုံး ရုတ်တရက် ထိတ်လန့်သွားလေသည်။



သူသည် နောက်သို့ လှည့်မကြည့်ဘဲ ခြေဖျားတစ်ချက် ထောက်ကာ ပိုမိုလျှင်မြန်စွာ ပြေးသွားပြန်၏။

သို့သော်...

ရယ်သံက ဆက်လက်ထွက်ပေါ်မြဲ ထွက်ပေါ်နေပေသည်။

သူသည် ဝဲဘက်သို့ လမ်းကြောင်းပြောင်း၍ လည်းကောင်း၊ ယာဘက်သို့ လမ်းကြောင်းပြောင်း၍ လည်းကောင်း၊ လမ်းကြောင်း များခွဲကာ ပြေးလွှားသွားလေသည်။

ရယ်မောသံသည် သူ၏နောက်ကျောမှပင် ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

အမှတ်သုံးသည် တစ်ကိုယ်လုံး ချွေးများ စို့ရွှဲလာလေတော့ သည်။

နောက်မှ လိုက်လာသော ရန်သူသည် မိမိထက် ကိုယ်ဖော့ ပညာများစွာ သာလွန်သူ ဖြစ်ကြောင်း သိရှိလိုက်လေသည်။

သူသည် ပြေး၍ မလွတ်မှန်း သိသဖြင့် ရုတ်တရက် ရပ်တန့် လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး နောက်သို့ လှည့်၍ တိုက်ခိုက်လိုက်လေသည်။

"ဝှစ်"

သူသည် တစ်စုံတစ်ရာအား မခုတ်မိဘဲ လေကိုသာ ခုတ်မိ သွားလေသည်။

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ...

သူ၏နောက်ကျောတွင် လူသူဟူ၍ အရိပ်အယောင်မျှပင် မတွေ့ရသောကြောင့် ဖြစ်လေသည်။

* * *

ကောင်းကင်တွင် လမင်းကြီးသည် တစ်ဝက်မျှ သာနေ သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ထင်ရှားရှား တွေ့မြင်နိုင် ပေသည်။

သို့သော်...

မြင်ကွင်းထဲ၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

အမှတ်သုံးသည် ရယ်သံကို နားနှင့် ဆက်ဆက်ကြားခဲ့၏။

သူသည် အံ့ဩမှင်သက်ကာ ရပ်နေရာမှ ဆက်လက်ပြေး သွားရန် နောက်သို့ ပြန်လှည့်လိုက်လေသည်။

သူသည် ခန္ဓာကိုယ်ကို လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏နောက်ကျောမှ ရယ်မောသံသည် ပြန်လည်ထွက်ပေါ်လာလေ သည်။

အမှတ်သုံးသည် တစ်ကိုယ်လုံး ပျော့ခွေသွားမတတ် ထိတ် လန့်သွားလေသည်။

သူ့တစ်သက်တာတွင် ဤကဲ့သို့သော အဖြစ်မျိုး မဖြစ်ခဲ့ဖူး ပါချေ။



ယခု...

သူ၏အခြေအနေမှာ သူ၏အသက်ကို ရန်သူက အချိန်မရွေး နုတ်ယူနိုင်ကြောင်း သတိပေးနေသကဲ့သို့ ရှိနေ၏။

ဤအခြေအနေ၌ သူက မည်သို့မျှ ရှောင်တိမ်း၍ မရနိုင် မှန်း နားလည်လိုက်လေသည်။

သူသည် လက်ထဲမှဓားဖြင့် တစ်ကိုယ်လုံးသို့ အကာအကွယ် ယူထားလိုက်လေသည်။

သူသည် ကျန်လက်တစ်ဖက်ဖြင့် ဘာမှ ရှိမနေသော လေထဲသို့ စမ်းနေ၏။

သူက ထိုသို့ စမ်းသောအခါမှ တစ်ကိုယ်လုံး အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ထွက်ပေါ်လာလေ သည်။

အမှတ်သုံးသည် ထိုမိန်းကလေးအား တွေ့မြင်လိုက်သည် နှင့် သူ၏အထက်မြက်ဆုံး သိုင်းကွက်ဖြစ်သော 'သက်ခြေသိုင်းကွက်' ဖြင့် တရကြမ်း တိုက်ခိုက်လေ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သူ၏ တိုက်ကွက်ကြားမှ ဝိညာဉ်တစ်ကောင် ကခုန်နေသည့်အလား လူးလွန့် လှုပ်ရှားနေသောကြောင့် အမှတ်သုံး၏သိုင်းကွက်သည် သူမ၏အင်္ကျီ စကိုမျှပင် မထိနိုင်ပါချေ။

အမှတ်သုံး၏ နဖူးပေါ်တွင် ချွေးများ စို့ရွှဲနေ၏။

သူသည် အံကို တင်းတင်းကြိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ ခွန်အားကို အသုံးပြုကာ သူ၏အထက်မြက်ဆုံး သိုင်းကွက် တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်တိုက်ခိုက်နေတော့သည်။

* * *

ညဥ့်လေ၏ တိုက်ခတ်မှုကြောင့် အင်္ကျီစများ ရိက်ခတ်သံ တဖျပ်ဖျပ်သည် တိတ်ဆိတ်သော ဝန်းကျင်အား ဖုံးလွှမ်းနေ၏။

မကြာပါချေ။

အမှတ်သုံး၏ အထက်မြက်ဆုံးသော သက်ခြေသိုင်းကွက် ကုန်ဆုံးသွားလေသည်။

မိန်းကလေး၏မျက်နှာတွင် ချွေးပင် တစ်စက်မျှ မထွက်ပါချေ။

အမှတ်သုံး၏ တစ်ကိုယ်လုံးတွင်မူ ချွေးများ ရွှဲနစ်နေ၏။

အမှတ်သုံးသည် မိန်းကလေးအား ထိတ်လန့်စွာ ကြည့်လိုက်ပြီး...

"ကျုပ်...ကျုပ် အရှုံးပေးပါတယ်၊ ခင်ဗျားနာမည် ဘယ်သူလဲဆိုတာ ပြောပြပါ"

သူသည် မောဟိုက်စွာပြောရင်း နောက်သို့ မသိမသာ ဆုတ်သွားလေသည်။

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး...



"ဟင်း...ဟင်း၊ မင်းက ငါ့နာမည် သိပ်သိချင်တယ်ပေါ့လေ"

သူမသည် ပြောရင်း ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာလေသည်။

အမှတ်သုံးသည် လွန်စွာ ထိတ်လန့်သွားလေသည်။

သူသည် သက်ပြင်းကို ရှည်လျားစွာ ချလိုက်လေသည်။

"ကဲ မထူးတော့ပါဘူး၊ ကျုပ်ပြေးလဲ လွတ်မှာမှ မဟုတ်တာ၊ ခင်ဗျား ကျုပ်ကို သတ်ချင်ရင် သတ်လိုက်ပါတော့"

သူသည် ယင်းသို့ ပြောရင်း ရုတ်တရက် လက်နှစ်ဘက်ကို လှုပ်ရှားလိုက်လေသည်။

သူ့လက်ထဲမှ အလင်းတန်းများ ထွက်ပေါ်လာပြီး မိန်းကလေးထံ ပစ်လွှင့်သွားလေသည်။

အဆိပ်များ လူးထားသော ဆူးကလေးများ ဖြစ်လေသည်။

ထိုလက်နက်များသည် အမှတ်သုံး၏ အသက်ကယ် လက်နက်များ ဖြစ်လေသည်။

သူသည် ယခုအချိန်ထိ ထိပ်တန်းသိုင်းသမားများ လက်မှ လွတ်နေခြင်းမှာ ထိုလက်နက်ဆန်းများကြောင့် ဖြစ်လေသည်။

မိန်းကလေးသည် သူနှင့် ခြေလှမ်းခုနစ်လှမ်းစာခန့်တွင် ရှိနေသောကြောင့် သူ၏လက်နက်များကို ရှောင်တိမ်းရန် မလွယ်ကူပါချေ။

အမှတ်သုံးသည် အောင်မြင်စွာ ရယ်မောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

သူ၏ရယ်မောသံကို မိန်းကလေး၏အေးစက်သော ရယ်သံက ဖုံးလွှမ်းသွားလေသည်။

သူပစ်လိုက်သော လက်နက်များ မိန်းကလေးထံသို့ အရောက်မှာပင် မိန်းကလေးက လက်ညှိုးဖြင့် စက်ဝိုင်းသဏ္ဍာန် ဝိုင်း လိုက်လေသည်။

ဆူးကလေးများ အားလုံး ထူးဆန်းစွာ ပျောက်ကွယ်သွား လေသည်။

အမှဝ်သုံးသည် မိန်းကလေး၏သိုင်းကွက်ကို တွေ့လိုက် သောအခါ အံ့ဩလွန်း၍ မျက်လုံးများပင် ပြူးကျယ်သွားလေသည်။

"ခင်..ခင်ဗျား၊ လေ..လေညှင်းဒေဝီ"

သူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် ရေရွတ်ရင်း ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ ပက်လက်လန်လဲကျသွားလေတော့သည်။

* * *



အမှတ်သုံးသည် သိုင်းလောက အကြောင်းအား မျက်ခြေမပြတ် နားစွင့်နေသူ ဖြစ်၏။

သူပစ်လွှင့်လိုက်သော လက်နက်များကို မည်သူကမျှ ရှောင်တိမ်းနိုင်စွမ်း မရှိပါ။

ယခု…

သူ၏လက်နက်များကို မိန်းကလေး တုံ့ပြန်လိုက်သော သိုင်းကွက်ကို သူကောင်းစွာ သိရှိထားပါသည်။

သိုင်းလောကတွင် ထိုသိုင်းပညာကို တတ်မြောက်ထားသူမှာ နှစ်ယောက်တည်းသာ ရှိပါသည်။

ထိုသူတို့မှာ…

တစ်ယောက်မှာ 'လေနီကြမ်း'သိုင်းသမား ဖြစ်ပြီး ကျန်တစ်ယောက်မှာ 'လေညှင်းဒေဝီ'ပင် ဖြစ်သောကြောင့် သူက ယင်းသို့ အော်လိုက်ခြင်း ဖြစ်လေသည်။

လေညှင်းဒေဝီက သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

"မင်းကြောင့် မတရားသဖြင့် သေသွားရှာတဲ့ မိန်းကလေးတွေ၊ သိုင်းသမားတွေ မနည်းတော့ဘူး။ ဒါကြောင့်.."

သူမသည် ပြောရင်း လက်ကို ဆန့်တန်းလိုက်လေသည်။

ရုတ်တရက်…

အလင်းတန်းများ ထွက်ပေါ်လာပြီး အမှတ်သုံး၏ရင်ဝသို့ အစီအရီ စိုက်ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

အမှတ်သုံးသည် သူ၏အသက်ကယ်သော လက်နက်ဖြင့် ပင်အသက် သေဆုံးသွားရလေတော့သည်။

လေညွှင်းဒေဝီသည် သုံးပွင့်ဆိုင်ဂိုဏ်း၏ အမှတ်သုံး အလောင်းကို ကျေနပ်စွာ တစ်ချက်ကြည့်လိုက်ပြီး ယိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *



ဒုက္ခပေးတဲ့လူ

ရှမ်းကျင်းသည် ခုတင်ပေါ် လဲလျောင်းလျက် လေညွှင်းဒေဝီ ပြန်အလာကို စောင့်နေ၏။

ရုတ်တရက်...

"ဟူး"

အဝတ်အစား လေတိုးသံနှင့်အတူ အပြင်ဘက်မှ လူရိပ်တစ်ခု လျှပ်တစ်ပြက် ခုန်ဝင်လာလေသည်။

ရှမ်းကျင်း ရင်ထိတ်သွားသည်။

အခန်းထဲ ဝင်လာသူအား ကြည့်လိုက်၏။

ထိုလူသည် အသက်သုံးဆယ်ငါးနှစ်ခန့် အရွယ်ရှိပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာတစ်ခုလုံးမှာ ဟန်မူရာကင်းမဲ့နေ၏။

သူသည် ရှမ်းကျင်းအား စူးရှသော မျက်လုံးအစုံဖြင့် စိုက် ကြည့်ကာ...

"လေညှင်းဒေဝီ ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ရှမ်းကျင်းက ဘာမှမပြောဘဲ ပါးစပ်ပိတ်ထား၏။

ထိုလူက ထပ်မေးလိုက်သည်။

"လေညှင်းဒေဝီ ဘယ်မှာလဲ"

ရှမ်းကျင်း ဒေါပွသွားသည်။

သူသည် မာန်မာနရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

သူ့အား ယခုကဲ့သို့ စစ်မေးခြင်းကို လုံးဝမနှစ်သက်ပါ။

ထို့ကြောင့် သူသည် လဲလျောင်းနေရာမှ မထဘဲ ထိုလူအား ဘုကြည့်ကြည့်လိုက်လေသည်။

"ကျုပ် မသိဘူး"

ထိုလူသည် ဤမျှ အသက်ငယ်ရွယ်သော လူတစ်ယောက် က သူ့အား ယခုကဲ့သို့ မထီမဲ့မြင် ပြောဆိုသည်ကို တွေ့ရသဖြင့် သဘောကျစွာ ရယ်လိုက်လေသည်။

"ဟား...ဟား၊ မင်းကလဲ အလာကြီးပါလား၊ ငါ ဘယ်သူ [cut off] သိလား"

ရှမ်းကျင်းသည် မျက်လုံးစုံမှိတ်လိုက်လေသည်။

"ခင်ဗျား မပြောဘဲ ကျုပ်က ဘယ်သိမှာလဲ"



ထိုလူက...

"ကျုပ်နာမည် လေနီကြမ်းကွ၊ ကြားဖူးလား"

ရှမ်းကျင်းက အရေးမစိုက်ဟန်ဖြင့်...

"တစ်ခါမှ မကြားဖူးဘူး"

ဟု ပြောလိုက်သည်။

လေနီကြမ်းက ဒေါသထောင်းခနဲ ထွက်သွားလေသည်။

"အေး အခု ကြားဖူးပြီ မဟုတ်လား၊ လေညှင်းဒေဝီ ဘယ် မှာလဲဆိုတာ မှန်မှန်ပြောစမ်း"

ရှမ်းကျင်းက ပါးစပ်ပိတ်ထားလိုက်သည်။

လေနီကြမ်းသည် သူ့အား သိုင်းလောကသားများက ကြောက်ရွံ့လေးစားသည်ကိုသာ တွေ့ရပြီး ဤသူငယ်မှာ မထီမဲ့မြင် ပြုနေသည်ကို တွေ့ရသဖြင့် လွန်စွာ ဒေါသထွက်လာလေသည်။

သူသည် အသံခက်ထန်စွာဖြင့် အော်လိုက်လေသည်။

"ကဲ ဒီလောက်တောင် မပြောချင်၊ နားမထောင်ချင်တဲ့ ကောင်"

လေနီကြမ်း၏ လက်နှစ်ချောင်းသည် ရှမ်းကျင်း၏ နှာရိုး မေးအောက် စသည့် နေရာသို့ နှစ်ချက်ခန့် ထောက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် ရှမ်းကျင်း အတတ်နိုင်ဆုံး ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားချေပြီ။

သို့သော်...

သူသည် မည်သည့် ဝေဒနာကိုမျှ မခံစားရပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျင်းသည် ထိုလူက ဘာလုပ်သည်ကို မသိသောကြောင့် ကြောင်အမ်းအမ်းဖြင့် ထိုလူအား စိုက်ကြည့်နေလေသည်။

ထိုစဉ်...

ပြတင်းပေါက်မှ လူရိပ်တစ်ရိပ် ခုန်ဝင်လာလေသည်။

ထိုလူရိပ်သည် အခန်းထဲသို့ ခြေမချမိခင်မှာပင် လေနီကြမ်းက ထိုလူ၏ခါးအား လက်ညှိုးဖြင့် ထောက်လိုက်လေသည်။

"အင့်"

အသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်သည် ကြမ်းပြင်ပေါ်သို့ ပျော့ခွေကျသွားလေသည်။

ရှမ်းကျင်းသည် ထိုလူအား တွေ့လိုက်ရသောအခါ လွန်စွာ စိုးရိမ်ပူပန်သွားလေသည်။

"ဆရာ"

သူသည် အော်ရင်း ထိုလူရိပ် အနီးသို့ ပြေးရန် ကြိုးစားလိုက်လေသည်။

သို့သော်...

သူ၏အသံ ထွက်မလာပါ။

ခန္ဓာကိုယ်မှာလည်း လုံးဝလှုပ်ရှား၍ မရတော့ပါ။

* * *



လေနီကြမ်းသည် ရှမ်းကျင်းအား ဟန်မူရာကင်းစွာ ကြည့်လိုက်လေသည်။

ထို့နောက် လဲကျနေသော လေညှင်းဒေဝီအား ပခုံးပေါ်သို့ ထမ်း၍ ခေါ်သွားလေတော့သည်။

ရှမ်းကျင်းသည် ခုတင်ပေါ်တွင် လဲလျောင်းလျက်ပင် ရှိနေသေး၏။

သူ၏တစ်ကိုယ်လုံးသည် တဖြည်းဖြည်း ထုံကျင်လာလေသည်။

သူသည် ရင်ထဲတွင် ဝမ်းနည်းလာလေသည်။

သူချစ်ခင်လေးစားအားကိုးသော ဆရာကိုလည်း လေနီကြမ်းဆိုက တိုက်ခိုက်ကာ ဖမ်းဆီးသွားလေသည်။

သူကိုယ်တိုင်မှာလည်း မလှုပ်နိုင်၊ အသံမထွက်နိုင်ဘဲ ဒုက္ခိတဘဝသို့ ကျရောက်သွားရလေသည်။

သူ၏နားထဲ၌လည်း မည်သည့်အသံကိုမျှ မကြားရပါချေ။

ရှမ်းကျင်းသည် ဤဘဝမျိုးတွင် လူဖြစ်လာရသော ကိုယ့်ကိုယ်ကို ကျိန်ဆဲမိလေသည်။

သူသည် အချိန် မည်မျှကြာအောင် ငေးငိုင်နေသည် မသိပါ။ သူ့အား မိုး၍ လူတစ်ယောက် ရပ်နေသည်ကိုတွေ့မှ သတိဝင်လာလေသည်။

ထိုလူသည် စာပေသမားဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ထိုလူက သူ့အား တစ်စုံတစ်ခုကို မေးနေသည့်အလား နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနှစ်လွှာမှာ လှုပ်ရှားနေ၏။

သို့သော် မည်သည့်အသံကိုမျှ သူက မကြားရပါ။

ထိုလူက သူ့အား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် ပခုံးအား လက်ညှိုးဖြင့် တစ်ချက်ထောက်လိုက်လေသည်။

ရှမ်းကျင်း၏တစ်ကိုယ်လုံးတွင် ထုံကျဉ်မှုများ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေသည်။

သူက ခြေလက်များကို ဆန့်၍ ထထိုင်လိုက်လေသည်။

သူက ထိုလူအား ပြုံး၍ ကျေးဇူးတင်စကားပြောလိုက်လေသည်။

သို့သော် အသံလုံးဝ မထွက်လာပါချေ။

ထိုလူက နှုတ်ခမ်းလှုပ်၍ ပြောနေပြန်၏။

သူက လုံးဝမကြားရပါ။

ထိုလူသည် သူ့အား သနားကြင်နာသော မျက်လုံးအစုံဖြင့် ကြည့်ကာ ခေါင်းတစ်ချက် ခါယမ်းလိုက်လေသည်။

ပြီးနောက် ပြတင်းပေါက်မှ ခုန်ထွက်ပျောက်ကွယ်သွားလေတော့သည်။

အခန်းတွင်း၌ ရှမ်းကျင်းတစ်ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

* * *



## လမ်းပေါ်မှာ

ကြုံးယွမ်မြို့...။

အရုဏ်ဦး၏ နေရောင်ခြည်သည် ကြုံးယွမ်မြို့ပေါ်သို့ နွေးထွေးစွာ ကျရောက်နေ၏။

လေနုအေးမှာလည်း သွားလာလှုပ်ရှားနေကြသော ခရီးသွားများအား ဖြည်းညင်းစွာ တိုက်ခတ်ပေးနေလေသည်။

ကြုံးယွမ်မြို့၏ မင်းလမ်းမကြီးပေါ်တွင် ခရီးသွားများဖြင့် စည်ကားနေ၏။

ထိုလူများထဲတွင် အဝတ်အစားများ စုတ်ပြတ်ညစ်ပေသော လုလင်တစ်ယောက် ပါဝင်နေသည်။

ထိုလုလင်မှာ ရှမ်းကျင်းပင် ဖြစ်လေသည်။

ရှမ်းကျင်းသည် လေနီကြမ်းက လေညှင်းဒေဝီအား ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ခြေဦးတည့်ရာ ထွက်လာခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လူအများ သွားရာသို့ လိုက်ပါနေသော်လည်း သူ၏စိတ်အစဉ်သည် အတိတ်သို့ ပြန်လည်ရောက်ရှိနေ၏။

သူသည် မိုးကြိုးလက်ဝါး ကျူးစုရီထံတွင် ရှစ်နှစ်ကျော်မျှ သိုင်းပညာသင်ကြားခဲ့သော်လည်း မတတ်မြောက်သဖြင့် ပတ်ဝန်းကျင်မှ အထင်သေးခြင်း၊ လှောင်ပြောင်ခြင်းကို ခံခဲ့ရလေသည်။

အထူးသဖြင့် မိမိ သိုင်းပညာသင်ကြားခြင်း ညံ့ဖျင်းမှုကြောင့် မိုးကြိုးလက်ဝါး ကျူးစုရီသည် မိမိနှင့် သူ၏သမီး စုစုနှင့် ရင်းနှီးသည်ကို မလိုလားသဖြင့် တစ်နေ့တွင် သိုင်းပညာထူးချွန်ရမည်ဟူသော မခံချင်စိတ်ဖြင့် အပြင်ဘက်သို့ ထွက်လာခဲ့ခြင်း ဖြစ်၏။

သို့သော်...

သိုင်းပညာသင်ကြားပေးမည့် ဆရာ ရှိပါလျက်နှင့် ကုသိုလ်ကံမကောင်းသောကြောင့် သိုင်းပညာမတတ်သည့်အပြင် ဆွံ့အနားမကြားသော ဒုက္ခိတဘဝသို့ ရောက်ရှိလာရလေသည်။

သူသည် တွေးရင်းတွေးရင်း ဝမ်းနည်းလာလေသည်။

ပါးပြင်ပေါ်သို့ မျက်ရည်များ တသွင်သွင် စီးဆင်းလာလေသည်။

ရုတ်တရက်...

သူ၏လက်မောင်းအား တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေသည်။

ရှမ်းကျင်းသည် မိမိအား ဆွဲထားသူကို ကြည့်လိုက်လေသည်။



အသက်ငါးဆယ်နီးပါးခန့်ရှိသော လူတစ်ယောက်သည် ပခုံးပေါ်တွင် အထမ်းတစ်ထမ်းကို တင်လျက် သူ့နံဘေးတွင် အသက်ဆယ့်ခြောက်နှစ်ခန့် အရွယ်ရှိသော မိန်းကလေးတစ်ယောက်က ခြင်းတစ်ခုကို ကိုင်လျက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သူတို့နှစ်ယောက်သည် နှုတ်ခမ်းလှုပ်၍ စကားပြောနေသော်လည်း ရှမ်းကျင်းက ဘာကိုမှ မကြားရပါချေ။

သို့သော်...

သူတို့၏မျက်ဝန်းထဲတွင် ကရုဏာသက်ဟန် ပါဝင်နေသည်ကို ရှမ်းကျင်း အလိုလို နားလည်သဘောပေါက်လာသည်။

မိန်းကလေးသည် သူ့အား အံ့အားသင့်စွာ မျက်လုံးပြူး၍ ကြည့်နေ၏။

ရှမ်းကျင်းသည် မိမိမှာ ဆွံ့အနားမကြားသော လူတစ်ယောက် ဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ရှင်းပြလိုက်လေသည်။

ထိုအခါမှ လူကြီးနှင့် မိန်းကလေးက နားလည်သဘောပေါက်သွားကြလေတော့သည်။

လူကြီးသည် ရှမ်းကျင်းအား ကြည့်၍ တစ်စုံတစ်ရာအားတွေးတောနေ၏။

ထို့နောက် အနီးရှိ သစ်ကိုင်းတစ်ခုကို ကောက်ယူလိုက်ပြီး မြေပေါ်တွင် စာများ ရေးခြစ်လိုက်လေသည်။

"သူငယ်၊ မင်းစာရေးတတ်သလား"

ရှမ်းကျင်းက ဝမ်းသာအားရဖြင့် ခေါင်းညိတ်ပြလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူကြီး မျက်နှာပြုံးရွှင်သွားလေသည်။

"မင်းနာမည် ဘယ်သူလဲ"

ရှမ်းကျင်းက ပြန်လည်ရေးပြလိုက်လေသည်။

"ကျွန်တော် ရှမ်းကျင်းပါ"

"မင်းတစ်ယောက်တည်းလား၊ ဘယ်သွားမလို့လဲကွယ်"

ရှမ်းကျင်းက ငေးငိုင်သွားလေသည်။

သူသည် ဆရာဖြစ်သူ လေညှင်းဒေဝီအား သတိရလာလေသည်။

သူသည် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာများကို မြေပေါ်တွင် စာရေးပြလိုက်လေသည်။

လူကြီးသည် စာကို ဖတ်ပြီးနောက် အံ့အားသင့်သွားလေသည်။

ထို့နောက် စိတ်မကောင်းသော အရိပ်အယောင်များ ပေါ်လာသည်။ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်း ငါတို့နဲ့ လိုက်မလား၊ ငါရယ်၊ ငါ့သမီးရယ်က ဈေးရောင်းတယ်လေ၊ မင်းလဲ ငါတို့ကို ဈေးကူရောင်းပေးပေါ့"

ဟု စာရေးပြလိုက်သည်။

လူကြီးကို ကျေးဇူးတင်စွာ ကြည့်ပြီး ရှမ်းကျင်း ခေါင်းညိတ်ပြလိုက်လေသည်။

လူကြီးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စာရေးပြလိုက်လေသည်။



"ငါ့နာမည်က လုံထင်း၊ ငါ့သမီးနာမည်က လုံမေတွဲ၊ မှတ်ထားပေါ့ကွာ"

ရှမ်းကျင်းက ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

* * *

ဤသို့ဖြင့် ရှမ်းကျင်းသည် ဈေးသည်ဘဝသို့ မသိမသာ ကျရောက်သွားလေတော့သည်။

လုံထင်းသည် သူ့အား သားတစ်ယောက်သဖွယ် ချစ်ခင်သလို လုံမေမှာလည်း အစ်ကိုတစ်ယောက်သဖွယ် သံယောဇဉ် ရှိလာသည်။

သူတို့သည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

သူတို့သည် ဈေးသက်သာသော တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်အနားယူကြလေသည်။

ထိုနေ့တစ်နေ့လုံး မိုးဖွဲဖွဲ ရွာနေသဖြင့် သူတို့သည် ဈေးရောင်းမထွက်ဘဲ တည်းခိုခန်း၌သာ အချိန်ကုန်နေ၏။

ညနေစောင်းအချိန်၌ ရှမ်းကျင်းသည် ပျင်းပျင်းရှိသည်နှင့် အိပ်ပျော်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။

ရှမ်းကျင်း နိုးလာသောအခါ ညဥ့်နက်သန်းခေါင် အချိန်သို့ပင် ရောက်ရှိနေလေသည်။

သူသည် ခုတင်ပေါ်မှ ထလိုက်လေသည်။

တစ်ခန်းလုံးအား ဝေ့ကြည့်လိုက်၏။

လုံထင်းနှင့် လုံမေတို့ သားအဖအား မတွေ့ရပါ။

BURMESE CLASSIC .com

"ဟင် သူတို့ ဘယ်သွားနေကြပါလိမ့်"

ရှမ်းကျင်းက စိတ်ထဲတွင် ရေရွတ်လိုက်လေသည်။

သူသည် စားပွဲပေါ်မှ မီးခွက်ကို ယူ၍ အပြင်ဘက်သို့ ထွက်လာလေသည်။

မိုးရွာခြင်း လုံးဝ ရပ်တန့်နေပြီ ဖြစ်၏။

ကောင်းကင်တစ်ခုလုံး ကြည်လင်နေပြီ ဖြစ်၏။

ဤမျှ ညဥ့်နက်သောအချိန်၌ လုံထင်းတို့သားအဖသည် မည်သည့်နေရာသို့ သွားနေပါသနည်း။

သူသည် မျက်မှောင်ကြုတ်၍ ဝင်းထရံ ရှိရာသို့ လျှောက်သွားလေသည်။

ဝင်းတံခါးမှာ အသာစေ့ထားသည်ကို တွေ့လိုက်ရလေသည်။

ရှမ်းကျင်းသည် တံခါးအား ဆွဲဖွင့်လိုက်သောအခါ သူ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ...



ဝင်းတံခါး အပြင်ဘက် ဝါးတစ်ရိုက်ခန့် အကွာရှိ မြေကွက်လပ်တွင် လုံထင်းနှင့် လုံမေတို့သည် လူနှစ်ယောက်နှင့် သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

လုံထင်းသည် ခါတိုင်းကဲ့သို့ ဈေးသည်တစ်ယောက်အသွင် မဟုတ်တော့ပါ။

တစ်ဖက်မှ တိုက်ခိုက်လာသူ၏ ဓားချက်များကို ရေပက်မဝင်နိုင်အောင် ဓားဖြင့် ခုခံနေပုံမှာ အဆင့်မြင့်သိုင်းသမားအသွင်နှင့် တူနေ၏။

တစ်ဖက်တွင်လည်း လုံမေသည်လည်း ဓားနှစ်လက်ကိုင် ဆောင်ထားသူအား ပြင်းထန်စွာ တိုက်ခိုက်နေရလေသည်။

သို့သော်...

တစ်ဖက်ရန်သူသည် သူမထက် အင်အားသာလွန်နေ၏။

ရှမ်းကျင်း၏ရင်ထဲတွင် ဝမ်းနည်းလာလေသည်။

သူသည် ယခုလို အချိန်မျိုး၌ ဝင်ရောက်ကူညီရန် သိုင်းပညာ မတတ်မြောက်သည်ကို စိတ်မကောင်း ဖြစ်နေသည်။

တဖြည်းဖြည်း အချိန်ကြာလာသည်နှင့် လုံထင်းတို့ဘက်မှ အားသာလာလေသည်။

တစ်ခဏအကြာတွင်...

"အား"

လုံထင်း၏ဓားသည် ရန်သူ၏လက်တစ်ဖက်အား ခုတ်ချနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံမေနှင့် တိုက်ခိုက်နေသော ရန်သူမှာလည်း သူ့အဖော်၏ ဖြစ်အင်ကို မြင်တွေ့လိုက်သည်နှင့် နောက်သို့ ဆုတ်ကာ ထွက်ပြေးသွားလေသည်။

လက်တစ်ဖက်ပြတ်နေသော လူမှာလည်း နောက်သို့ ပြေးလိုက်သွားလေတော့သည်။

လုံထင်းသည် တက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်ပြီး လုံမေ၏လက်ကိုဆွဲကာ တံခါးရှိရာသို့ ပြန်လည်လျှောက်သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒု–ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com